mgyi.com SAMPLE BOOK



ဗန်းမော်တင်အောင်

# ကိုလိုနီခေတ် မြန်မာနိုင်ငံသမိုင်း

2024.GRAPHIC DESIGN : KYAW MINN MOUNG

ဆဋ္ဌမအကြိမ်

mgyoe.com SAMPLE BOOK

ပန်းမော်တင်အောင်

# ကိုလိုနီခေတ် မြန်မာနိုင်ငံသမိုင်း

ISBN 978-99986-52-58-3

K0536

9 789998 652583 >

mgyoe.com


mgyoe.com SAMPLE BOOK

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ပထမအကြိမ် - ၁၉၆၄ ခုနှစ်၊ ဇူလိုင်လ၊ ပြည်သူ့အလင်းစာပေတိုက်။
ဒုတိယအကြိမ် - ၁၉၆၄ ခုနှစ်၊ စက်တင်ဘာလ၊ ပြည်သူ့အလင်းစာပေတိုက်။
တတိယအကြိမ် - ၁၉၇၇ ခုနှစ်၊ ရွှေကျေးစာပေတိုက်။
စတုတ္ထအကြိမ် - ၂၀၁၁ ခုနှစ်၊ ဖွန်လ၊ ကံ့ကော်ဝတ်ရည်စာပေ။
ပဉ္စမအကြိမ် - ၂၀၁၆ ခုနှစ်၊ မြနန္ဒာစာပေ။
ဆဋ္ဌမအကြိမ် - ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ၊ ကံ့ကော်ဝတ်ရည်စာပေ။
အုပ်ရေ - ၁၀၀၀
မျက်နှာဖုံးပုံနှိပ် - အောင်သိန်းသန်း ပုံနှိပ်တိုက် (၀၀၄၃၅)
အမှတ်-၁၃၈၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
အတွင်းပုံနှိပ် - ဦးမြင့်ခိုင်၊ ထွန်းသစ္စာ ပုံနှိပ်တိုက် (၀၀၀၃၈)
အမှတ်-၁၉ (စီ)၊ ၅၅-လမ်း(လယ်)၊ ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်မြို့။
မျက်နှာဖုံးသရုပ်ဖော်- ကျော်မင်းမောင်
တန်ဖိုး - ၁၇၅၀၀ ကျပ်

mgyoe.com

mgyoe.com SAMPLE BOOK




mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ

## အပိုင်း ( ၁ ) ကိုလိုနီခေတ် မတိုင်မီ မြန်မာနိုင်ငံ


အခန်း ( ၁ ) မြန်မာ့ပထဝီနှင့် သမိုင်း၏ ဖြစ်ပေါ်တိုးတက်မှု

(၁) မြန်မာ့အထွေထွေ ပထဝီနှင့် ၎င်း၏ သမိုင်း ၁၄

(၂) မြန်မာ့သဘာဝ ပထဝီ ၁၅

(၃) မြန်မာ့စီးပွားရေး ပထဝီ ၁၈

(၄) မြန်မာလူမျိုးရေးရာ ပထဝီ ၂၀

(၅) မြန်မာ့နိုင်ငံရေး ပထဝီ ၂၃

အခန်း ( ၂ ) ရှေးဟောင်းမြန်မာနိုင်ငံ – ၁

(၁) မရှိသေးသော ရှေးဟောင်း မြန်မာနိုင်ငံသမိုင်း ၂၆

(၂) မြန်မာ့ရာဇဝင်ဟောင်းများ၏ အဆို ၂၇

(၃) ကိုလိုနီ သမိုင်းဆရာကြီးများ၏ အဆို ၂၉

(၄) ရှေးဟောင်း မြန်မာနိုင်ငံဆိုင်ရာ သမိုင်းဝင် ပစ္စည်းများ ၃၀

(၅) တိုင်းတစ်ပါးမှ ရှေးဟောင်း မြန်မာနိုင်ငံဆိုင်ရာ မှတ်တမ်းများ ၃၂

အခန်း ( ၃ ) ရှေးဟောင်းမြန်မာနိုင်ငံ – ၂

(၁) မွန်လူမျိုးများနှင့် ၎င်းတို့၏ ပြည်နယ်များ ၃၆

(၂) ပျူလူမျိုးများနှင့် ၎င်းတို့၏ ပြည်နယ်များ ၃၈

(၃) ရခိုင်ပြည်နယ်များ ၄၀

(၄) ရှမ်းလူမျိုးများနှင့် ၎င်းတို့၏ ပြည်နယ်များ ၄၁

(၅) ကရင်နှင့် ပအိုဝ်းတောင်သူ လူမျိုးများ ၄၂

(၆) မြန်မာလူမျိုးများနှင့် ပုဂံပြည်နယ် ၄၃


mgyoe.com

mgyoe.com SAMPLE BOOK

အခန်း ( ၄ ) မဇ္ဈိမခေတ် မြန်မာနိုင်ငံ – ၁
(၁) မြန်မာနိုင်ငံသမိုင်း၏ ကာလအပိုင်းအခြား ၄၅
(၂) ပုဂံခေတ် မြန်မာနိုင်ငံ ၄၇
(၃) အင်းဝနှင့် ဟံသာဝတီခေတ် မြန်မာနိုင်ငံ ၅၃
(၄) တောင်ငူ–ညောင်ရမ်းခေတ် မြန်မာနိုင်ငံ ၅၇
(၅) ကိုလိုနီခေတ် သန်လျင်နယ် ၅၈
(၆) ကုန်းဘောင်ခေတ် မြန်မာနိုင်ငံ ၆၅
(၇) မွန်–မြန်မာ ပဋိပက္ခနှင့် ဗြိတိန်–ပြင်သစ် ကိုလိုနီဝါဒသမားများ ၆၉
(၈) ဟိုင်းကြီးကျွန်း သတ်ဖြတ်မှုကြီး ၇၄
(၉) ကပ္ပတိန်မိုက်ကယ်ဆိုင်းစ် သံအဖွဲ့ ၇၇

အခန်း ( ၅ ) မဇ္ဈိမခေတ် မြန်မာနိုင်ငံ – ၂
(၁) မဇ္ဈိမခေတ် မြန်မာ့စီးပွားရေး ဘဝ ၈၂
(၂) မဇ္ဈိမခေတ် မြန်မာ့နိုင်ငံရေးဘဝ ၈၅
(၃) မဇ္ဈိမခေတ် မြန်မာ့ယဉ်ကျေးမှုဘဝ ၈၉

အပိုင်း ( ၂ ) အရင်းရှင်စနစ်၊ နယ်ချဲ့စနစ်နှင့် ကိုလိုနီဝါဒ

အခန်း ( ၆ ) ဥရောပအရင်းရှင်စနစ်
(၁) အရင်းရှင်စနစ်၏ စီးပွားရေးနှင့် လူမှုရေးအခြေခံများ ၉၄
(၂) ကုန်သွယ်ရေး အရင်းရှင်စနစ် ၉၈
(၃) စပိန်နှင့် ပေါ်တူဂီ ၁၀၀
(၄) ဗြိတိန်၊ ဒပ်ချ်နှင့် ပြင်သစ် ၁၀၂
(၅) ဗြိတိန်–ပြင်သစ် ပဋိပက္ခ ၁၀၉
(၆) အမေရိကန်နှင့် ရုရှား ၁၁၂
(၇) ဂျာမနီ၊ အီတလီနှင့် ဘယ်လ်ဂျီယံ ၁၁၄
(၈) ဂျပန် ကိုလိုနီဝါဒသမားများ ၁၁၅

အခန်း ( ၇ ) ကိုလိုနီဝါဒနှင့် ၎င်း၏ စနစ်
(၁) ဥရောပ ကိုလိုနီစနစ် ၁၁၆
(၂) အမေရိကန် မြေရိုင်းများနှင့် အာဖရိက ကျေးကျွန်များ ၁၁၇

mgyoe.com

mgyoe.com SAMPLE BOOK

(၃) အာရှ စားကျက်ကြီး ၁၂၁
(၄) အာဖရိက အမဲလိုက်ကွင်းကြီး ၁၂၄

အခန်း ( ၈ ) ကိုလိုနီဝါဒနှင့် အရင်းရှင်နယ်ချဲ့စနစ်
(၁) အရင်းအနှီး စုဆောင်းခြင်း နည်းနှစ်နည်း ၁၂၆
(၂) ဗြိတိသျှ ကိုလိုနီစနစ်၏ သမိုင်း (အကြမ်းဖျင်း) ၁၂၈
(၃) ဗြိတိသျှ အရှေ့အိန္ဒိယကုမ္ပဏီ ၁၃၀
(၄) စက်မှုတော်လှန်ရေးနှင့် အရင်းရှင်စနစ် ၁၃၃
(၅) ဘဏ္ဍာအရင်းနှင့် လက်ဝါးကြီးအုပ် အရင်းရှင်စနစ် ၁၃၅
(၆) ကမ္ဘာ့အရင်းရှင် နယ်ချဲ့စနစ် ၁၃၇

## အပိုင်း ( ၃ ) ကိုလိုနီခေတ် မြန်မာနိုင်ငံ

အခန်း ( ၉ ) ဗြိတိသျှအရှေ့ အိန္ဒိယကုမ္ပဏီနှင့် မြန်မာနိုင်ငံ – ၁
(၁) ဗြိတိန်နှင့် သံတမန်ရေးရာ အကျပ်ကိုင်မှုများ ၁၄၂
(၂) ရခိုင်–ဘင်္ဂလားနယ်စပ် အရေးအခင်းများ ၁၅၀
(၃) အာသံ၊ မဏိပူရနှင့် ကာချာနယ် အရေးအခင်းများ ၁၅၂

အခန်း ( ၁၀ ) ဗြိတိန်–မြန်မာ ပထမစစ်ပွဲ
(၁) ကာချာနယ်နှင့် ရှင်မဖြူကျွန်း အရေးများ ၁၅၄
(၂) အာသံ–မဏိပူရ စစ်ကြောင်း ၁၅၈
(၃) ရခိုင်စစ်ကြောင်း ၁၅၉
(၄) မြန်မာနိုင်ငံ တောင်ဘက်စစ်ကြောင်း ၁၆၀
(၅) ရန္တပိုစာချုပ် ၁၆၅
(၆) ဗြိတိန်–မြန်မာ ပထမစစ်ပွဲအပြီး မြန်မာနိုင်ငံ ၁၆၇

အခန်း ( ၁၁ ) ဗြိတိသျှ အရှေ့အိန္ဒိယကုမ္ပဏီနှင့် မြန်မာနိုင်ငံ – ၂
(၁) ဗြိတိန်–မြန်မာ ဆက်ဆံရေးနှင့် အထွေထွေ အပြောင်းအလဲများ ၁၇၁
(၂) ဗြိတိသျှ တနင်္သာရီတိုင်း ၁၇၃
(၃) ဗြိတိသျှ ရခိုင်တိုင်း ၁၇၅

mgyoe.com

mgyoe.com SAMPLE BOOK

(၄) ဘုရင့်အစိုးရ၏ မြန်မာနိုင်ငံ ၁၇၇
(၅) ဗြိတိန်-မြန်မာ သံတမန် ဆက်ဆံရေးများ ၁၇၉

အခန်း ( ၁၂ ) ဗြိတိန်-မြန်မာ ဒုတိယစစ်ပွဲ
(၁) ဗြိတိသျှ သံအဖွဲ့အား ရုပ်သိမ်းခြင်း ၁၈၂
(၂) အမြောက်တင် သင်္ဘော၁ဝါဒ ၁၈၄
(၃) ဗြိတိသျှ ပဲခူးတိုင်း ၁၈၈
(၄) ပဲခူးတိုင်း ကိုလိုနီ ဆန့်ကျင်ရေး စစ်ပွဲများ ၁၉၀

အခန်း ( ၁၃ ) မန္တလေးခေတ် မြန်မာနိုင်ငံနှင့် ဗြိတိသျှ-မြန်မာပြည်နယ်
(၁) နှစ်ခြမ်းကွဲခဲ့ရသော မြန်မာနိုင်ငံ ၁၉၅
(၂) ဗြိတိသျှ-မြန်မာပြည်နယ် ၁၉၆
(၃) မန္တလေးခေတ် မြန်မာနိုင်ငံ ၂၀၂
(၄) ဗြိတိန်-မြန်မာ ဆက်ဆံရေး ၂၀၅

အခန်း ( ၁၄ ) ဗြိတိသျှ-မြန်မာ တတိယစစ်ပွဲ
(၁) ဗြိတိန်၊ ပြင်သစ်နှင့် မန္တလေးခေတ် မြန်မာနိုင်ငံ ၂၁၀
(၂) ပြင်သစ်-မြန်မာ ဆက်ဆံရေး ၂၁၂
(၃) ဆယ့်လေးရက်ကြာ စစ်ပွဲ ၂၁၅

အခန်း ( ၁၅ ) မြန်မာနိုင်ငံ ဗြိတိသျှ ဆန့်ကျင်ရေး လှုပ်ရှားမှုများ
(၁) မန္တလေးခေတ် မြန်မာနိုင်ငံအား သိမ်းပိုက်ရေး ၂၂၀
(၂) ဗြိတိသျှ စစ်အုပ်ချုပ်ရေး ၂၂၂
(၃) ဗြိတိသျှ မြန်မာပြည်နယ်အတွင်း လှုပ်ရှားမှုများ ၂၂၅
(၄) မြန်မာနိုင်ငံ လှုပ်ရှားထကြွမှုများ ၂၂၈
(၅) ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် 'ဝ'နယ်များ ၂၃၀
(၆) ကချင်နှင့် ချင်းအမျိုးသားများ၏ ခုခံမှု ၂၃၄

အခန်း ( ၁၆ ) ဗြိတိသျှ အရှေ့အိန္ဒိယအင်ပါယာနှင့် မြန်မာနိုင်ငံ
(၁) အိန္ဒိယ-မြန်မာ တွဲရေးနှင့် ခွဲရေး ၂၃၈
(၂) အိန္ဒိယ-မြန်မာ ဆက်ဆံမှု၏ ရလဒ်များ ၂၄၄

mgyoe.com

mgyoe.com SAMPLE BOOK


အခန်း ( ၁၇ ) ဗြိတိသျှ နယ်ချဲ့စနစ်နှင့် မြန်မာနိုင်ငံ

(၁) ဗြိတိသျှ အင်ပါယာနှင့် ၎င်း၏ ဘဏ္ဍာအရင်း ၂၄၈

(၂) ဗြိတိသျှ အရင်းရှင်စနစ်၏ နောက်ဆက်တွဲ မြန်မာနိုင်ငံ ၂၅၂

(၃) ကိုလိုနီခေတ် မြန်မာနိုင်ငံ အုပ်ချုပ်ရေး ၂၅၅

အခန်း ( ၁၈ ) ကိုလိုနီခေတ် မြန်မာ့စီးပွားရေးဘဝ

(၁) ဆန်စပါးနှင့် အခြားစိုက်ပျိုးထုတ်လုပ်ရေး လုပ်ငန်းများ ၂၆၁

(၂) ကျွန်းသစ်ထုတ်လုပ်ရေး လုပ်ငန်း ၂၆၅

(၃) ရေနံထုတ်လုပ်ရေးလုပ်ငန်း ၂၆၆

(၄) ဓာတ်သတ္တု တူးဖော်ထုတ်လုပ်ရေးလုပ်ငန်း ၂၆၆

(၅) ပြည်တွင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းများ ၂၆၇

(၆) စက်မှုလုပ်ငန်းများ ၂၆၈

(၇) ကူးသန်းရောင်းဝယ်ရေး ၂၇၀

(၈) တောင်တန်းဒေသများ၏ စီးပွားရေးဘဝ ၂၇၂

အခန်း ( ၁၉ ) ကိုလိုနီခေတ် မြန်မာနိုင်ငံ အမျိုးသားရေးနှင့် ဒီမိုကရေစီရေး အထွေထွေ လှုပ်ရှားမှုများ

(၁) လှုပ်ရှားမှု၏ အခြေခံများ ၂၇၃

(၂) ကမ္ဘာ့အရင်းရှင်စနစ် ဆန့်ကျင်ရေး အထွေထွေလှုပ်ရှားမှုနှင့် မြန်မာနိုင်ငံ ၂၇၄

(၃) ပထမနှင့် ဒုတိယကမ္ဘာစစ်ပွဲကြီးများ၏ ကြားကာလ ၂၇၉

(၄) ဝံသာနုအရေးတော်ပုံနှင့် တောင်သူလယ်သမား သူပုန်ကြီး ၂၈၀

(၅) ဒို့ဗမာ သခင်လှုပ်ရှားမှုနှင့် ၁၃၀၀ ပြည့် အရေးတော်ပုံ ၂၈၇

(၆) ဂျပန်ခေတ်နှင့် ဖက်ဆစ်ဆန့်ကျင်ရေး လှုပ်ရှားမှု ၂၉၁

အခန်း ( ၂၀ ) ဒုတိယကမ္ဘာစစ်ကြီးအပြီး မြန်မာနိုင်ငံ

(၁) စစ်ပြီးခေတ် မြန်မာနိုင်ငံ စီမံကိန်းများ ၂၉၅

(၂) စစ်ပြီးခေတ် ကမ္ဘာ့အခြေအနေ ၂၉၇

(၃) နေသူရိန် ညီလာခံနှင့် ကန္တီစာချုပ် ၂၉၉

(၄) စက္ကူဖြူ အုပ်ချုပ်ရေးနှင့် ဆန့်ကျင်ရေးလှုပ်ရှားမှုများ ၃၀၃


mgyoe.com

mgyoe.com
SAMPLE BOOK

(၅) စက္ကူဖြူအုပ်ချုပ်ရေးနှင့် အောင်ဆန်း–အက်တလီ
သဘောတူညီချက် ၁၀၉
(၆) အောင်ဆန်း-အက်တလီနှင့် နု-အက်တလီ စာချုပ်များ၏
ကြားကာလ ၁၁၂

အပိုင်း ( ၄ ) ခေတ်သစ် ကိုလိုနီဝါဒနှင့် မြန်မာနိုင်ငံ

အခန်း ( ၂၀ ) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ
(၁) ခေတ်သစ် ကိုလိုနီစနစ်နှင့် မြန်မာနိုင်ငံ ၁၂၄
(၂) မြန်မာ့လွတ်လပ်ရေး၏ နောင်ကြိုးများ ၁၂၇

အခန်း ( ၂၂ ) ပြည်ထောင်စုခေတ် မြန်မာနိုင်ငံတော်သမိုင်း – ၁
(၁) လွတ်လပ်ရေးနှင့် ပြည်တွင်းစစ် ၁၃၂
(၂) ပြည်တွင်း၊ ပြည်ပ ဝါဒများ (၁၉၄၈–၅၀) ၁၃၅
(၃) ၁၉၅၁ ခုနှစ် အထွေထွေ ရွေးကောက်ပွဲ ၁၃၈

အခန်း ( ၂၃ ) ပြည်ထောင်စုခေတ် မြန်မာနိုင်ငံတော်သမိုင်း – ၂
(၁) ပြည်တော်သာ စီမံကိန်း (၁၉၅၂–၅၅) ၁၄၁
(၂) ကော၊ အမ်၊ တီ ကျူးကျော်မှုနှင့် စသုံးလုံးအဖွဲ့ ၁၄၄
(၃) ဆိုရှယ်လစ်ဈေးကွက်၊ ဘန်ဒေါင်းညီလာခံ ငြိမ်းချမ်းရေးနှင့်
ဂျပန် စစ်လျော်ကြေး ၁၄၇
(၄) ၁၉၅၆ ခုနှစ် အထွေထွေ ရွေးကောက်ပွဲ ၁၄၈
(၅) ယိမ်းယိုင်လာသော မနရှင် လူတန်းစား အုပ်စိုးမှု (၁၉၅၆–၅၈) ၁၅၁

mgyoe.com

mgyoe.com SAMPLE BOOK



စစ်သူကြီး မဟာဗန္ဓုလ

mgyoe.com

mgyoe.com SAMPLE BOOK

ပုပြင်းသော နွေရာသီ ညဥ့်ဦးယံများတွင် အိပ်စက်ခြင်း မပြုနိုင်ကြတိုင်း

ဗိုလ်ချုပ်ကြီး ဗန္ဓုလ၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗိုလ်မှူးချုပ် ကျော်ဇောတို့

ဦးဆောင်တိုက်ခိုက်ခြင်း ပြုခဲ့ကြသော

ဗြိတိန်-မြန်မာ၊ ဂျပန်-မြန်မာ နှင့် မြန်မာ-တရုတ်ဖြူ

စစ်ပွဲများအကြောင်းကို ပုံပြင်များသဖွယ် အပြောခိုင်းလေ့ ရှိတတ်ကြသော

ဗဟိန်းအောင်နှင့် ကျော်ဇောအောင်တို့

ညီအစ်ကို နှစ်ယောက်အတွက် ဤစာအုပ်ကို ရည်ညွှန်းလို၏။

mgyoe.com

mgyoe.com SAMPLE BOOK

# အပိုင်း ( ၁ )

# ကိုလိုနီခေတ် မတိုင်မီ

# မြန်မာနိုင်ငံ

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ( ၁ )

# မြန်မာ့ပထဝီနှင့် သမိုင်း၏ ဖြစ်ပေါ်တိုးတက်မှု

## (၁) မြန်မာ့ထွေထွေပထဝီနှင့် ၎င်း၏ သမိုင်း

တိုင်းပြည်တစ်ပြည်၊ သို့မဟုတ် နိုင်ငံတစ်နိုင်ငံ သမိုင်း၏ ဖြစ်ပေါ်တိုးတက်မှုနှင့် အပြောင်းအလဲများသည် ယင်းတိုင်းပြည်၊ သို့မဟုတ် နိုင်ငံ၏ အထွေထွေ ပထဝီအခြေအနေများနှင့် မည်ကဲ့သို့မျှ ခွဲခွာခြင်းပြု၍ သော်လည်းကောင်း၊ ဖယ်ရှား၍ သော်လည်းကောင်း မဖြစ်နိုင်လောက်အောင် ငြိတွယ် ဆက်စပ်နေလေ့ ရှိသည်ကိုသာ တွေ့ရတတ်လေသည်။ တိုင်းပြည်တစ်ပြည်၏ အထွေထွေပထဝီ အခြေအနေများဟု ဆိုရာ၌ လူတို့၏ ဆန္ဒနှင့် ကင်း၍ ပကတိအတိုင်းတည်ရှိနေပေသော ယင်းတိုင်းပြည်၏ **သဘာဝပထဝီ၊ စီးပွားရေးပထဝီ၊ လူမျိုးရေးရာ ပထဝီနှင့် နိုင်ငံရေးပထဝီ** စသည်တို့ကို ရည်ညွှန်းဆိုလိုရင်းပင် ဖြစ်လေသည်။

တိုင်းပြည်တစ်ပြည်၏ ရာသီဥတု၊ သဘာဝဖွဲ့စည်းပုံနှင့် မြေမျက်နှာ အသွင်အပြင် အနေအထားများကို အကြောင်းခံ၍ ယင်းတိုင်းပြည်၌ လူတို့၏ စားဝတ်နေရေးဆိုင်ရာ ကုန်ထုတ်လုပ်ငန်းအတွက် သဘာဝလုပ်ခွင်နှင့် ထွက်ကုန်များသည် ထွက်ပေါ်လာရပေသည်။ ယင်းသို့ သဘာဝအလျောက် ထွက်ပေါ်လျက် ရှိပေသော လုပ်ခွင်နှင့် ထွက်ကုန်များကို အကြောင်းပြု၍ မိမိတို့၏ အသက်ရှင် တည်တံ့နိုင်ရေးအတွက် ကုန်ထုတ်လုပ်ငန်းများကို ထူထောင်ကြရန် တိုင်းပြည်တစ်ပြည် အတွင်းသို့ လူမျိုးများသည် မိမိတို့ အသင်းအပင်းနှင့် အစည်းအရုံးများအလိုက် တိုးဝှေ့ဝင်ရောက်ကာ နေထိုင်လေ့ ရှိကြပေသည်။ ယင်းလူမျိုးများသည် ၎င်းတို့ အစည်းအရုံးဝင်ချင်း သမဝါယမပြုကာ တိုင်းပြည် တစ်ပြည်၏ သဘာဝ

mgyoe.com

mgyoe.com SAMPLE BOOK

လုပ်ခွင်၌ ၎င်းတို့၏ စားဝတ်နေရေးဆိုင်ရာ သင့်တင့်လျောက်ပတ်သော ကုန်ထုတ်လုပ်ငန်းများကို ထူထောင်ခြင်းအမှု ပြုရပေသည်။ ယင်းသို့ တိုင်းပြည်တစ်ပြည်အတွင်း၌ လူမျိုးများသည် သင့်တင့်လျောက်ပတ်သော ကုန်ထုတ်လုပ်ငန်းများကို ထူထောင်၍ အသက်ရှင် နေထိုင်ခြင်းပြုကြရာ၌ ၎င်းတို့ချည်း အထီးတည်း နေထိုင်၍ မရချေ။ ၎င်းတို့ တိုင်းပြည်နှင့် ဆက်စပ်နေသော အိမ်နီးချင်းဒေသများနှင့် တိုင်းပြည်များရှိ အခြားအခြားသော လူမျိုးများနှင့်လည်း တစ်နည်းမဟုတ်လျှင် တစ်နည်းနည်းအားဖြင့် အဆက်အသွယ်များ ပြုကြရပေသည်။ ထိုသို့ အဆက်အသွယ် ပြုကြရာ၌ လူတို့၏ ဆန္ဒပါရှိသော အဆက်အသွယ်ပြုရခြင်းများ ပါရှိသကဲ့သို့ လူတို့၏ ဆန္ဒနှင့် ကင်း၍ သော်လည်းကောင်း၊ ဆန့်ကျင်၍ သော်လည်းကောင်း ပြုကြရသော အဆက်အသွယ်များလည်း ရှိကြပေသည်။ ထိုသို့ ဖြစ်ရခြင်းမှာ တိုင်းပြည်တစ်ပြည်၏ တည်ရှိနေရသော နိုင်ငံရေးပထဝီ အနေအထားများကြောင့်ပင် ဖြစ်ပေသည်။

ထို့ကြောင့် တိုင်းပြည်တစ်ပြည်၊ သို့မဟုတ် နိုင်ငံတစ်နိုင်ငံ သမိုင်း၏ ဖြစ်ပေါ် တိုးတက်မှုနှင့် အပြောင်းအလဲများကို ယထာဘူတကျကျ ချဉ်းကပ်လေ့လာခြင်း အမှုကို ပြုနိုင်ရန်အတွက် ယင်းတိုင်းပြည်၊ သို့မဟုတ် နိုင်ငံ၏ အထွေထွေ ပထဝီအခြေအနေများကို ရှေးဦးစွာအားဖြင့် အကြမ်းဖျင်းလောက်တော့ သဘောပိုက်ထားဖို့ လိုအပ်လိမ့်မည် ထင်ပေသည်။

## (၂) မြန်မာ့သဘာဝ ပထဝီ

မြန်မာနိုင်ငံသည် အီကွေတာမျဉ်း မြောက်ဘက် မုတ်သုံလေကြောင်းကျရာ ကမ္ဘာ့အပူပိုင်းဒေသရှိ သဘာဝပထဝီဒေသတစ်ခု ဖြစ်လေသည်။ ယင်း သဘာဝပထဝီ ဒေသ၏ ဧရိယာ အကျယ်အဝန်းသည် စတုရန်းမိုင်ပေါင်း ၂၆၁,၆၁၀ မျှလည်း ရှိလေသည်။ မြန်မာနိုင်ငံသည် မြောက်စွန်းမှ တောင်စွန်းအထိ မိုင်ပေါင်း ၁၃၀၀ ခန့်မျှ ရှည်လျားလျက် အရှေ့စွန်းမှ အနောက်စွန်းအထိ မိုင်ပေါင်း ၇၀၀ ခန့်မျှ ကျယ်ဝန်းလေသည်။

အိန္ဒိယနှင့် တရုတ်ကုန်းမြေစိုင်ကြီး နှစ်ခုတို့၏ သဘာဝ အပိုင်းအခြားကြီးများကဲ့သို့ ဖြစ်နေပေသော ဟိမဝန္တာနှင့် တိဘက်ကုန်းမြင့်ကြီးများမှ တောင်တန်း၊ တောင်စွယ်နှင့် တောင်ပွားများသည် မြန်မာနိုင်ငံအတွင်းသို့ လက်ချောင်းများသဖွယ် မြောက်မှ တောင်သို့ သွယ်တန်းစီးဝင်လျက် ရှိကြလေသည်။ ယင်းတောင်တန်းကြီးများ အကြား၌ မြန်မာနိုင်ငံ၏ မြစ်မကြီးများ ဖြစ်ကြကုန်သော ချင်းတွင်း၊ ဧရာဝတီ၊ စစ်တောင်းနှင့် သံလွင်တို့သည် မြောက်မှ တောင်အတိုင်း အိန္ဒိယသမုဒ္ဒရာကြီးအတွင်းသို့ စီးဆင်းလျက် ရှိကြလေသည်။

ယင်းသို့ ပကတိအတိုင်း တည်ရှိနေသော မြစ်ကြောနှင့် ရေကြောများအရ မြန်မာနိုင်ငံအား ဘူမိဗေဒ ပညာရှင်များက မြောက်မှ တောင်သို့ သွယ်တန်းနေသော သဘာဝပထဝီဒေသတစ်ခုအဖြစ်ဖြင့် သတ်မှတ်ခြင်းပြုလေ့ ရှိကြလေသည်။ ထိုသို့ တည်ရှိသော

mgyoe.com

mgyoe.com SAMPLE BOOK

သဘာဝအနေအထားနှင့် ပထဝီအသွင်အပြင်များကို ခွဲခြားစိတ်ဖြာလျက် မြန်မာနိုင်ငံအား (က) အနောက်ဘက် တောင်တန်းကြီးများနှင့် ရခိုင်ကမ်းရိုးတန်းဒေသ၊ (ခ) ဧရာဝတီနှင့် စစ်တောင်း မြေညီမြစ်ဝှမ်းဒေသနှင့် (ဂ) အရှေ့ဘက် တောင်တန်းကြီးများနှင့် တနင်္သာရီ ကမ်းရိုးတန်းဒေသများ ဟူ၍ မြန်မာနိုင်ငံဆိုင်ရာ ပထဝီပညာရှင်များက အကြမ်းဖျင်း သတ်မှတ် ပိုင်းခြားခြင်း ပြုလေ့လည်း ရှိကြလေသည်။ ချင်းတွင်းနှင့် ဧရာဝတီ မြစ်ညာများ အကြား၌ရှိသော အလယ်ရိုးမတောင်တန်းနှင့် ဧရာဝတီအောက်ပိုင်းနှင့် စစ်တောင်းမြစ်များ အကြား၌ ရှိသော ပဲခူးရိုးမတောင်တန်းတို့ကို သီးခြားပိုင်းခြား သတ်မှတ်ခြင်း မပြုကြဘဲ ၎င်းတို့၏ ဖွဲ့စည်းပုံ မြေသက်လိုက်၍ မြန်မာနိုင်ငံအလယ်ပိုင်း မြေညီမြစ်ဝှမ်းဒေသများ အတွင်း၌သာ ထည့်သွင်းထားရှိကြလေသည်။

(က) အနောက်ဘက် တောင်တန်းကြီးများနှင့် ရခိုင်ကမ်းရိုးတန်း ဒေသတို့ကို သက်ဆိုင်ရာ ဘူမိဗေဒ ပညာရှင်များသည် စနစ်တကျနှင့် အပြီးအပိုင် လေ့လာခွဲခြားခြင်း မပြုကြရသေးစေကာမူ ယင်းဒေသ၏ယေဘုယျမြေသက်ကို လိုက်၍သက်ရင့်ကျောက်မြေ အတန်းအစားထဲ၌ ထည့်သွင်း သတ်မှတ်ထားကြလေသည်။

အနောက်ရိုးမ တောင်တန်းကြီးများတစ်လျှောက်တွင် မြန်မာနိုင်ငံ မြောက်စွန်းမှ စတင်လျက် ပတ်ကွိုင်တောင်၊ နာဂတောင်၊ ချင်းတောင်နှင့် ရခိုင်ရိုးမတောင်တန်းများ ပါဝင် ကြလေသည်။ ထိုရိုးမတောင်တန်းသည် တောင်ဘက်သို့ တဖြည်းဖြည်းနှင့် နိမ့်ဆင်းလာ ရာမှ မြန်မာနိုင်ငံ တောင်ဘက်စွန်းဖြစ်သော နေဂရေအငူသို့ ရောက်သောအခါ ပင်လယ် ထဲသို့ ငုပ်ဆင်းသွားပြီးနောက် တောင်ဘက် အိန္ဒိယသမုဒ္ဒရာပြင်တွင် ကပ္ပလီ၊ သို့မဟုတ် အင်ဒမင်ကျွန်းစုများ အဖြစ်ဖြင့် တစ်ဖန်ပြန်၍ ပေါ်လေသည်။ ၎င်းအပြင် ယင်းအနောက် ဘက် တောင်တန်းကြီးများ တစ်လျှောက်လုံး ထူထပ် နက်ရှိုင်းသော မုတ်သုံတောကြီးများ ဖြင့် ဖုံးလွှမ်းလျက် ရှိလေသည်။

ရခိုင်ရိုးမတောင်တန်းနှင့် ဘင်္ဂလားပင်လယ်အော်တို့၏ အကြား၌ ကျဉ်းမြောင်း လှသော ရခိုင်ကမ်းမြောင်ဒေသ တည်ရှိလေသည်။ ရိုးမ၏ အချို့သော တောင်စွယ်၊ တောင်ပွား များသည် ပင်လယ်အောက်သို့ ငုပ်ဆင်းသွားကြသည်ဖြစ်ရာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက် ၌ ကျွန်းကြီး ကျွန်းငယ်များ အဖြစ်ဖြင့် လည်းကောင်း၊ ကျောက်ဆောင် ကျောက်တန်းများ အဖြစ်ဖြင့် လည်းကောင်း ပြန်၍ ပေါ်လေသည်။

ရခိုင်ကမ်းမြောင်ဒေသသည် ကျဉ်းမြောင်းလှသည်ဟု ဆိုစေကာမူ မြောက်ဘက် ပိုင်းတွင် သဘာဝပထဝီ အနေအထားသည် ညီညာကျယ်ပြန့်လျက် ကုလားတန်၊ မေယု၊ လယ်မျိုနှင့် နတ်မြစ်များသည် ရိုးမတွင် မြစ်ဖျားခံကာ အရှေ့မှ အနောက်သို့ စီးဆင်းကြလေ သည်။ ယင်းမြစ်ဝှမ်းများ တစ်လျှောက်တွင် အတော်အတန် ပြန့်ပြူးခြင်းရှိသော မြေပြန့် ဒေသများ ရှိကြလေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

(ခ) ဧရာဝတီနှင့် စစ်တောင်းမြေညီ မြစ်ဝှမ်းဒေသများကို သက်ဆိုင်ရာ ဘူမိဗေဒပညာရှင်များက သက်နုကျောက်မြေ အတန်းအစားထဲ၌ ထည့်သွင်း သတ်မှတ်ထားကြလေသည်။ သဘာဝနှင့် စီးပွားရေး ပထဝီများ၏ အဆိုအရ ဤဒေသပိုင်းသည် မြန်မာနိုင်ငံ၏ အဝိုးတက် အပြန့်ပြူးဆုံးနှင့် အညီညာ အကျယ်ပြန့်ဆုံးသော ပထဝီဒေသပင် ဖြစ်လေသည်။

မြန်မာနိုင်ငံတော်၏ သုံးပုံ နှစ်ပုံကျော်ကျော်ခန့်မျှ ရှိသည့် မြေပြင်ပေါ်သို့ ကျရောက်သော မိုးရေတို့သည် ဤမြစ်ဝှမ်းဒေသများအတွင်းသို့ စီးဝင်လျက် ရှိကြလေသည်။ ဥတုရာသီ၊ မိုးရေခံယူရရှိခြင်း၊ မြေသြဇာနှင့် မြေမျက်နှာပြင် အနေအထားများအရ ယင်းဒေသအတွင်း အနည်းနှင့်အများ မတူကွဲပြားသော၊ သို့မဟုတ် ခြားနားသော ဒေသစိတ်များ ရှိသော်ငြားလည်း သဘာဝဖွဲ့စည်းပုံအခြေခံအားဖြင့် ဤမြေညီမြစ်ဝှမ်းဒေသကြီး တစ်ခုလုံးသည် တူညီသက်ဝင်သော အခြေအနေများ ရှိကြလေသည်။ မိုးရေခံယူရခြင်း များစွာခြားနား ကွဲပြားသည့်အလျောက် စစ်တောင်းနှင့် ဧရာဝတီမြစ်ဝှမ်း ဒေသများအနက် အထက်ပိုင်းထက် အောက်ပိုင်းဒေသများက ပိုမိုပြန့်ပြူး တိုးတက်ခြင်း ရှိလေသည်။ ယင်းမြစ်ဝှမ်းများအကြား၌ ရှိကြသောအလယ်ရိုးမနှင့်ပဲခူးရိုးမတောင်တန်းများတစ်လျှောက်တွင်လည်း မှတ်သုံတောကြီးများသည် ဖုံးလွှမ်းလျက် ရှိကြပေသည်။

(ဂ) အရှေ့ဘက် တောင်တန်းကြီးများနှင့် တနင်္သာရီကမ်းရိုးတန်း ဒေသတို့ကို သက်ဆိုင်ရာ ဘူမိဗေဒပညာရှင်များက သက်ရင့်ကျောက်မြေ အတန်းအစားထဲ၌ ထည့်သွင်း သတ်မှတ်ထားကြလေသည်။

အရှေ့ဘက်တောင်တန်းကြီးများ တစ်လျှောက်တွင် မြန်မာနိုင်ငံ မြောက်စွန်းမှ စတင်၍ ဂိုလ်စီကောင်းတောင်နှင့် ကချင်တောင်တန်းများ ပါဝင်လျက် တောင်ဘက်သို့ ဆင်းလာသောအခါ တစ်စထက်တစ်စ ကျယ်ပြန့်သော ရှမ်းကုန်းပြင်မြင့်ကြီး ဖြစ်လာလေသည်။ ရှမ်းကုန်းပြင်မြင့်သည် အတော်အသင့် ပြန့်ပြူးသော ဒေသပိုင်း ဖြစ်လေသည်။ ၎င်း၏ တောင်ဘက်တွင် ကရင်နီတောင်၊ ပေါင်းလောင်းတောင်၊ ဖွဲကပင်တောင်၊ နွားလဘို့တောင်နှင့် ဇင်းကျိုက်တောင်များ ပါဝင်ကြသည်။ ထို့ထက် တောင်ဘက်ပိုင်းတွင်ကား တနင်္သာရီရိုးမနှင့် ၎င်း၏ တောင်စွယ်၊ တောင်ပွားများသည် မြန်မာနိုင်ငံ တောင်ဘက်စွန်းသို့ တိုင်လေသည်။ ယင်းအရှေ့ရိုးမတောင်တန်းကြီးများ တစ်လျှောက်လုံးလိုလိုတွင် မှတ်သုံတောကြီးများ ဖုံးလွှမ်းလျက် ရှမ်းကုန်းပြင်မြင့် ဒေသတစ်ဝိုက်၌သာလျှင် ဆယ့်နှစ်ရာသီ တောများ အနည်းအကျဉ်း ရှိလေသည်။

တနင်္သာရီရိုးမတောင်တန်းနှင့် အိန္ဒိယသမုဒ္ဒရာတို့၏ အကြား၌ ကျဉ်းမြောင်းလှသော တနင်္သာရီကမ်းမြောင်ဒေသ တည်ရှိလေသည်။ ရခိုင်ကမ်းရိုးတန်း ဒေသမှာကဲ့သို့ပင် တနင်္သာရီရိုးမ၏ အချို့သော တောင်စွယ်၊ တောင်ပွားများသည် အိန္ဒိယပင်လယ်ပြင် အောက်သို့ ငုပ်ဆင်းသွားသည်ဖြစ်ရာ မြန်မာနိုင်ငံ တောင်ဘက်စွန်းဖြစ်သော မြိတ်ခရိုင် ပတ်ဝန်းကျင်

mgyoe.com

mgyoe.com SAMPLE BOOK

၏ ပင်လယ်ပြင်တစ်ဝိုက်တွင် ကျွန်းစုများအဖြစ်ဖြင့် ပြန့်၍ ပေါ်လာလေသည်။ တနင်္သာရီ ကမ်းမြောင်ဒေသသည် ရခိုင်ကဲ့သို့ ပြန့်ပြူးသော မြစ်ဝှမ်းများနှင့် မြေပြန့်များ မရှိလှချေ။ ထားဝယ်၊ တနင်္သာရီနှင့် ချောင်းငယ်များ ရှိသော်ငြားလည်း သံလွင်မြစ်ဝ၏ ပတ်ဝန်းကျင် တစ်ဝိုက်လောက်၌သာလျှင် အနည်းငယ် ပြန့်ပြူးကျယ်ပြန့်ခြင်း ရှိလေသည်။

ဤသည်တို့ကား မြန်မာနိုင်ငံ၏ သဘာဝ ပထဝီအနေအထား အကြမ်းဖျင်းပင် ဖြစ်ပေသည်။ ထို့ကြောင့် မြန်မာနိုင်ငံသမိုင်း၏ ဖြစ်ပေါ်တိုးတက်မှုနှင့် အပြောင်းအလဲများကို လေ့လာခြင်း ပြုရာအမှု၌ ၎င်း၏ သဘာဝပထဝီ အနေအထားနှင့် အခြေအနေများကို အလေးထား ထည့်သွင်းဆင်ခြင်ခြင်း ပြုတတ်ရန် လိုအပ်လိမ့်မည် ထင်ပေသည်။

## (၃) မြန်မာ့စီးပွားရေး ပထဝီ

မုတ်သုံလေကြောင်းကျလျက် ကမ္ဘာ့အပူပိုင်း ဒေသအတွင်း၌ တည်ရှိသော သဘာဝ ပထဝီဒေသ တစ်ခု ဖြစ်ခြင်းကြောင့် မြန်မာနိုင်ငံသည် များစွာ ပြန့်ပြူးကြွယ်ဝခြင်း ရှိလှသော စီးပွားရေးပထဝီဒေသတစ်ခု ဖြစ်လာရပေသည်။ ၎င်းအပြင် မြန်မာနိုင်ငံ သက်နုနှင့် သက်ရင့် ကျောက်မြေများတွင် များစွာ အဖိုးထိုက်တန်လှသော ရေနံ၊ ဓာတ်သတ္တု အမျိုးမျိုးနှင့် ကျောက် မျက်ရတနာ အမျိုးမျိုးလည်း ထွက်လေသည်။ မြန်မာနိုင်ငံအား စီးပွားရေး ပထဝီဒေသ တစ်ခု အနေဖြင့် အကြမ်းဖျင်း ကြည့်ရှုလိုက်မည် ဆိုလျှင် (က) စိုက်ပျိုးရေး၊ (ခ) သစ်တောနှင့် (ဂ) တွင်းထွက်ဓာတ်သတ္တု အစရှိသော ထွက်ကုန်များဖြင့် ပေါကြွယ်ခြင်း ရှိလှသော လုပ်ခွင် ကြီး တစ်ခုအနေနှင့် တွေ့ရမြင်ရလိမ့်မည် ဖြစ်ပေသည်။

(က) မြန်မာနိုင်ငံ စိုက်ပျိုးရေးနှင့် ပတ်သက်၍ အစိုနှင့် အခြောက် ဟူ၍ ရာသီဥတု နှင့် မြေသြဇာ အနေအထားအလိုက် နှစ်မျိုးနှစ်စား ကွဲပြားလေသည်။ ယင်းနှစ်မျိုးစလုံး ထဲမှပင် စက်မှုလုပ်ငန်းဆိုင်ရာ စိုက်ပျိုးရေး ဟူ၍လည်း ရှိပေသေးသည်။

မြန်မာနိုင်ငံအဖို့ စိုက်ပျိုးရေးလုပ်ငန်းတွင် ဆန်စပါးသည် အဓိကဖြစ်၍ ကြံ၊ ဂုန်လျှော်နှင့် ကြက်ပေါင်စေးတို့အပြင် ဥယျာဉ်စိုက်ပျိုးရေးများလည်း ရှိကြသေးသည်။ အခြောက်စိုက်ပျိုးရေး လုပ်ငန်းတွင် မြေပဲ၊ နှမ်း၊ ဝါဂွမ်း၊ ပြောင်း၊ ဂျုံနှင့် ပဲအမျိုးမျိုး အစားစားတို့ ပါဝင်ကြလေသည်။ ဂါဂွမ်း၊ ကြက်ပေါင်စေးနှင့် ဂုံလျှော်တို့သည် စက်မှုလုပ်ငန်းဆိုင်ရာ စိုက်ပျိုးရေး ထွက်ကုန်များ ဖြစ်သည်။ ဂုံလျှော် စိုက်ပျိုးရေးလုပ်ငန်းကို လွတ်လပ်ရေး ကြေညာပြီးသည့် နောက်ပိုင်းမှ မြန်မာနိုင်ငံတွင် ထူထောင်ခဲ့ခြင်းမျှသာ ဖြစ်လေသည်။

ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ပွားမီ ကိုလိုနီဘဝနှင့်တုန်းကပင်လျှင် မြန်မာနိုင်ငံ၌ အစို အခြောက် စိုက်ပျိုးလုပ်ကိုင်သော ဧကပေါင်းမှာ ဆန်စပါးဧက ၁၂ သန်းကျော်၊ မြေပဲ ဧက ၁ သန်းကျော်၊ နှမ်း ဧက ၂ သန်းကျော်၊ ဂါဂွမ်း ဧက ၂ သိန်းခွဲသာသာခန့်၊ ပြောင်းနှင့်ဂျုံ ဧကပေါင်း ၅ သိန်းနီးပါးခန့်၊ ပဲအမျိုးမျိုး ဧကပေါင်း ၁ သန်း ၃ သိန်းကျော်ကျော်၊ ကြံ ဧကပေါင်း ၆ သောင်း သာသာခန့်မျှ ဖြစ်လျက် ကြက်ပေါင်စေးကို တစ်နှစ်လျှင် တန်ချိန်

mgyoe.com

mgyoe.com SAMPLE BOOK

၉ ထောင်ကျော်မျှ ထုတ်လုပ်နိုင်ခဲ့လေသည်။ ကိုလိုနီစီးပွားရေး စီမံကိန်းအရ ယင်းကဲ့သို့ စုစုပေါင်း ဧက သန်းပေါင်း ၂၀ ခန့်မျှ စိုက်ပျိုးထုတ်လုပ်ခြင်း ပြုခဲ့သော်လည်း နောက်ထပ် တိုးချဲ့ စိုက်ပျိုးလုပ်ကိုင်နိုင်သည့် မြေဧကပေါင်း သန်း ၂၀ ကျော်ကျော်မျှ ရှိနေသေးကြောင်း ဖြင့် သက်ဆိုင်ရာ အာဏာပိုင်တို့က တွက်ချက် ခန့်မှန်းထားကြလေသည်။

ယင်းသို့ အစိုနှင့် အခြောက် စိုက်ပျိုးရေးဆိုင်ရာ ထွက်ကုန်များမှ ကိုလိုနီခေတ် စီးပွားရေးဘဝနှင့်တုန်းက တစ်နှစ်တစ်နှစ်လျှင် ဆန်စပါးတန်ချိန် ၃ သန်းခွဲခန့်၊ ဂါဝမ်း တန်ချိန် ၁၇,၀၀၀ ခန့်၊ ပဲအမျိုးမျိုး တန်ချိန် ၉၃,၀၀၀ ခန့်၊ ကြက်ပေါင်စေး တန်ချိန် ၉၀၀၀ ခန့်နှင့် အခြားသီးနှံထွက်ကုန် စုစုပေါင်းတန်ချိန် ၃ သိန်း ၃ သောင်းခန့်တို့ကို ကမ္ဘာ့ဈေး ကွက်သို့ တင်ပို့ရောင်းချနိုင်ခဲ့ကြလေသည်။

(ခ) မြန်မာနိုင်ငံ ရိုးမတောင်တန်းကြီးများကို ဖုံးလွှမ်းထားသော မုတ်သုံတောကြီး များမှ အဖိုးထိုက်တန်သော သစ်အမျိုးမျိုး၊ ဝါးအမျိုးမျိုးနှင့် အခြား သစ်တောထွက် ပစ္စည်း များ ထွက်လေသည်။ ထိုသို့ သစ်တောထွက် ထွက်ကုန်များအနက် ကျွန်းသစ်သည် ကမ္ဘာ့ ဈေးကွက်၌ မျက်နှာကြီးလှသော ထွက်ကုန် ဖြစ်လေသည်။ ကျွန်းသစ်အပြင် အဖိုးများစွာ ထိုက်တန်သော ပျဉ်းကတိုး၊ သစ်ရာ၊ အင်ကြင်းနှင့် ပိတောက် အစရှိသော သစ်မာများအပြင် မီးခြစ်သစ်များနှင့် အင်၊ ကညင် စသော သစ်ရိုင်းများလည်း ထွက်လေသည်။ မြန်မာ့ သစ်တော ထွက် ဝါးများကို အိမ်သုံးပစ္စည်းများ ပြုလုပ်ရန်က လွဲ၍ ကိုလိုနီခေတ်က စက်မှုလုပ်ငန်းတွင် မည်သို့မျှ အသုံးမပြုနိုင်ခဲ့သေးချေ။

ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ပွားမီ ကိုလိုနီဘဝနှင့်တုန်းက မြန်မာနိုင်ငံ သစ်တော များမှ တစ်နှစ် တစ်နှစ်လျှင် ကျွန်းသစ်တန် ၄ သိန်းခွဲ သာသာခန့်၊ ပျဉ်းကတိုး တန် ၁ သိန်း ၁ သောင်းကျော်၊ သစ်ရာ အင်ကြင်း တန် ၂ သောင်းခွဲခန့်၊ ပိတောက် တန် ၇ ထောင်ခန့်၊ ပျဉ်းမ တန် ၇ ထောင် သာသာခန့်၊ အင်၊ ကညင် တန် ၁ သိန်း ၇ သောင်းကျော်ကျော်ခန့်နှင့် မီးခြစ်သစ် တန် ၁ သိန်း ၇ သောင်းခန့်အထိ ထွက်ကြသည်။ ကျွန်းသစ်ကို တစ်နှစ် တစ်နှစ် လျှင် ကမ္ဘာ့ဈေးကွက်သို့ ခွဲသား တန်ချိန် ၂ သိန်းခွဲကျော်ကျော် တင်ပို့ရောင်းချခြင်း ပြုနိုင်ခဲ့ လေသည်။

သက်ဆိုင်ရာ ပါရဂူများ၏ တွက်ချက် ခန့်မှန်းခြေအရ မြန်မာနိုင်ငံ သစ်တောထွက် လုပ်ငန်းကို သစ်တောများ မထိခိုက် မနစ်နာဘဲနှင့် နောက်ထပ်များစွာ တိုးချဲ့လုပ်ကိုင်နိုင် သေးသည်ဟု သိရှိရလေသည်။

(ဂ) မြန်မာနိုင်ငံ တွင်းထွက်ဓာတ်သတ္တု တူးဖော်ရေးလုပ်ငန်းနှင့် ပတ်သက်၍ တောနင်း တိုးချဲ့ခြင်းပြုရန် များစွာ ကျန်ရှိနေပေသေးသည်။

ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ပွားမီ ကိုလိုနီဘဝနှင့်တုန်းက ရေနံ၊ စက်မှုလုပ်ငန်း ဆိုင်ရာ ဓာတ်သတ္တု တူးဖော်ရေးလုပ်ငန်းနှင့် ကျောက်မျက်ရတနာများကို ကိုလိုနီစီးပွားရေး စီမံကိန်းအရ လုပ်ကိုင်ခြင်း ပြုခဲ့ကြလေသည်။ တစ်နှစ် တစ်နှစ်လျှင် ရေနံစိမ်း တန်ချိန်ပေါင်း

mgyoe.com

mgyoe.com SAMPLE BOOK

၂ သန်း နီးပါးခန့်မျှ လည်းကောင်း၊ ဒန်ဖြူ တန်ချိန် ၅ ထောင် ကျော်ကျော် ၆ ထောင် နီးပါး ခန့်မျှ လည်းကောင်း၊ အဖြိုက်နက် တန်ချိန် ၄ ထောင် သာသာခန့်မျှ လည်းကောင်း၊ ခဲနှင့် ဘော် တန်ချိန် ၇ သောင်း သာသာ ၈ သောင်းနီးပါးခန့်မျှ လည်းကောင်း၊ ခဲမဖြူ တန်ချိန် ၆သောင်းခန့်မျှ လည်းကောင်း၊သံ၊ကြေးဝါနှင့် မက်ကနိစ် စသော အခြား ဓာတ်သတ္တုများကို တန်ချိန် ၄ သောင်းနီးပါးခန့်မျှ လည်းကောင်း တူးဖော် ထုတ်လုပ်ခဲ့ကြလေသည်။ အထက် ဖော်ပြပါ လုပ်ငန်းများကို ရှိရင်းစွဲတွင် များစွာ တိုးချဲ့ လုပ်ကိုင်နိုင်သော အခြေအနေများ ရှိသည့် အပြင် ဘာမျှ တူးဖော် လုပ်ကိုင်ခြင်း မပြုရသေးသော ကျောက်မီးသွေးနှင့် သံ တူးဖော်ရေး လုပ်ငန်းများလည်း ရှိနေကြပေသေးသည်။

ဤသည်တို့ကား မြန်မာနိုင်ငံ၏ စီးပွားရေးပထဝီ အနေအထား အကြမ်းဖျင်းပင် ဖြစ်လေသည်။ ထို့ကြောင့် မြန်မာနိုင်ငံသမိုင်း၏ ဖြစ်ပေါ်တိုးတက်မှုနှင့် အပြောင်းအလဲ များကို လေ့လာချဉ်းကပ်ခြင်း ပြုရာအမှု၌ ၎င်း၏ စီးပွားရေး အနေအထားနှင့် အခြေအနေ များကို အလေးထား ထည့်သွင်းဆင်ခြင်ခြင်း ပြုတတ်ရန်လည်း လိုအပ်လိမ့်ဦးမည် ထင်ပေ သည်။

(၄) မြန်မာလူမျိုးရေးရာ ပထဝီ

မြန်မာနိုင်ငံသမိုင်း၏ ဖြစ်ပေါ်တိုးတက်မှုနှင့် ပြောင်းလဲမှု တာဝန်များကို မောင်းနှင် ထမ်းဆောင်ခြင်း ပြုခဲ့ကြသော တိုင်းရင်းသား လူမျိုးများသည် အရင်းခံအားဖြင့် အာရှတိုက် အလယ်ပိုင်း ကုန်းပြင်မြင့်မှ မောင်းဂွတ် အနွယ်ဝင်များပင် ဖြစ်ကြလေသည်။ ရာစုနှစ်ပေါင်း များစွာက အာရှတိုက် အလယ်ပိုင်းဒေသများ ရေကြည်ရာ မြက်နုရာ အာရှတိုက် တောင် ဘက် အရပ်ဒေသများဆီသို့ ၎င်းတို့၏ အိမ်ထောင်စု၊ မိသားစုနှင့် မျိုးစုနွယ်စုများအလိုက် တစ်စထက်တစ်စ ပြောင်းရွှေ့ ဆင်းသက်လာခဲ့ကြရာက မြန်မာနိုင်ငံတွင်းသို့ အစုစု ကွဲကာ တစ်သုတ်ပြီး တစ်သုတ် ဝင်ရောက်လာခဲ့ကြခြင်းလည်း ဖြစ်လေသည်။

ယင်းသို့ မြန်မာနိုင်ငံအပါအဝင် အာရှတောင်ပိုင်းနှင့် အရှေ့တောင်ပိုင်းဒေသများ ဆီသို့ တရုတ်ကုန်းမြေနှင့် တိဗက် ဟိမဝန္တာဒေသများကို ဖြတ်သန်း ဝင်ရောက်လာခဲ့ကြသော မောင်းဂွတ်အနွယ်ဝင်များအနက် ရှေးအကျဆုံး အနွယ်ဦးများသည်ကား ဩစထရစ် ဘာသာ ဝေါဟာရအုပ်စုဝင် လူမျိုးများပင် ဖြစ်ကြလေသည်။ ယင်းဩစထရစ်ဘာသာ ဝေါဟာရ အုပ်စုဝင် မောင်းဂွတ်အနွယ်ဦးများ အထဲတွင် ဩစထရိုနီးရှင်းနှင့် ဩစထရိုအေရှတစ် ဟူ၍လည်း ဘာသာဝေါဟာရ အုပ်စုခွဲ နှစ်ခု ရှိသေးသည်။ ဩစထရိုနီးရှင်း အနွယ်ဝင် လူမျိုးများတွင် ယခုခေတ် ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ဘော်နီယို–ဆာရဝပ်နှင့် မာလာယုနိုင်ငံ နှင့် ဒေသများတစ်ဝိုက်တွင် နေထိုင်လျက် ရှိကြကုန်သော မလေး၊ ဆလုံ လူမျိုးများ ပါဝင် ကြလေသည်။ ဩစထရို အေရှတစ် အနွယ်ဝင် လူမျိုးများတွင် ယခုခေတ် အိန္ဒိယနိုင်ငံ အရှေ့ဘက်ဒေသများတွင် ရှိနေသော မွန်းဒတ်စ်၊ ဆန်သီလာ နှင့် ခါစီး လူမျိုးများ၊ မြန်မာ

mgyoe.com

mgyoe.com SAMPLE BOOK

နိုင်ငံတွင် နေထိုင်ကြသော မွန်၊ ပလောင်၊ ဝ လူမျိုးများ၊ ယိုးဒယား၊ ကမ္ဘောဒီးယားနှင့် အင်ဒိုချိုင်းနား ဒေသတစ်ဝိုက်တွင် နေထိုင်လျက် ရှိကြသော ခမာနှင့် အနွယ်တူ လူမျိုးများ ပါဝင်ကြလေသည်။

မြန်မာနိုင်ငံတွင်းသို့ ဩစထရိုနီးရှင်း ဘာသာ ဝေါဟာရအုပ်စုဝင် မလေး ဆလုံ လူမျိုးများသည် ရှေးအကျဆုံး ဝင်ရောက်နေထိုင်ခဲ့ကြဟန် ရှိသည်။ သို့ရာတွင် ၎င်းတို့နောက်မှ ဖိဆင်း၍ လိုက်လာကြသော အခြားလူမျိုးများ၏ ဖိစီးမှုကို မခံနိုင်ကြ၍ မြန်မာနိုင်ငံ၏ တောင်ဘက်သို့ စုန်ဆင်း ပြောင်းရွှေ့သွားကြလေရာ ၎င်းတို့၏ လူမျိုးကြွင်းအနေနှင့် မြိတ်ကျွန်းစု အနီးအနားတစ်ဝိုက်တွင် ဆလုံလူမျိုးများကို ယခုတိုင် တွေ့မြင်နိုင်သေးသည်။

ဩစထရိုနီးရှင်း အနွယ်ဝင် မလေး၊ ဆလုံ လူမျိုးများ ပြီးနောက် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာကြသူများသည်ကား ဩစထရိအေရှတစ် အနွယ်ဝင် မွန်လူမျိုးများပင် ဖြစ်ကြလေသည်။ မွန်လူမျိုးများသည် ၎င်းတို့၏ မူလနေထိုင်ရာ ဖြစ်သော မဲနံမြစ်ဝှမ်း အရပ်ဒေသများမှ တနင်္သာရီ ကမ်းရိုးတန်းဒေသများသို့ ရှေးဦးစွာ ဝင်ရောက်လာကြပြီးလျှင် ထိုအရပ်ဒေသများမှ တစ်ဆင့် ယခုခေတ် သထုံ၊ ပဲခူးနှင့် ရန်ကုန်ခရိုင်များ၊ ဧရာဝတီမြစ်ဝကျွန်းပေါ် ဒေသပိုင်းများသို့ ပျံ့နှံ့သွားကြခြင်း ဖြစ်ကြဖွယ်ရာ ရှိလေသည်။

ယင်းသို့ ဩစထရစ်ဘာသာ ဝေါဟာရဝင် မလေး၊ ဆလုံလူမျိုးများနှင့် မွန်လူမျိုးများ နောက်ပိုင်းတွင် တိဗက်–ဗမာ ဘာသာဝေါဟာရဝင် လူမျိုးများနှင့် ထိုင်း–တရုတ် ဘာသာဝေါဟာရဝင် လူမျိုးများ တစ်သုတ်ပြီး တစ်သုတ် အစုစု အကွဲကွဲ ဝင်ရောက်လာကြခြင်းသာ ဖြစ်လေသည်။ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်နေထိုင်ခြင်း ပြုခဲ့ကြသော တိဗက်–ဗမာ ဝေါဟာရအုပ်စုဝင် လူမျိုးများကို ၎င်းတို့ မူလလာရာ အရပ်ဒေသကို အစွဲပြု၍ တရုတ်ကုန်းမြေဘက်မှ ဝင်ရောက်လာကြသူများကို အရှေ့တိဗက်–ဗမာ ဟူ၍လည်းကောင်း၊ အိန္ဒိယကုန်းမြေ အရှေ့မြောက်ဘက် တောင်တန်းဒေသများမှ ဝင်ရောက်လာကြသူများကို အနောက်တိဗက်–ဗမာ ဟူ၍လည်းကောင်း အာရှတိုက်ဆိုင်ရာ သမိုင်းပညာရှင်များက ပိုင်းခြားသတ်မှတ်ခြင်း ပြုထားကြလေသည်။ အနောက်တိဗက်–ဗမာ အနွယ်ဝင်များထဲတွင် မြန်မာရာဇဝင်ဟောင်းများ၌ ဖော်ပြလေ့ ရှိကြသော ပျူ၊ ကမ်းယံနှင့် သက် လူမျိုးများ၊ ချင်းနှင့် အနွယ်တူ လူမျိုးစုများ၊ ကချင်၊ သို့မဟုတ် ဂျင်းဖောနှင့် အနွယ်တူ လူမျိုးစုများ ပါဝင်ကြလျက် အရှေ့တိဗက်–ဗမာ အနွယ်ဝင်များထဲတွင် မြန်မာနှင့်အနွယ်တူ လူမျိုးစုများ ပါဝင်ကြလေသည်။ ထိုင်း–တရုတ် ဘာသာ ဝေါဟာရအုပ်စုဝင် လူမျိုးများထဲတွင် ရှမ်းနှင့် အနွယ်တူ လူမျိုးစုများနှင့် ကရင်နှင့် အနွယ်တူ ပအိုဝ်းတောင်သူလူမျိုးစုများ ပါဝင်လျက် ရှိကြလေသည်။

မြန်မာနိုင်ငံအတွင်းသို့ ရှေးအကျဆုံး ဝင်ရောက်နေထိုင်ကြသော တိဗက်–ဗမာ အနွယ်ဦးများထဲတွင် ပျူကမ်းယံနှင့် သက်တို့ ပါဝင်ကြလေသည်။ ၎င်းတို့ထက် နောက်ကျ

mgyoe.com

mgyoe.com SAMPLE BOOK

၍ မြန်မာလူမျိုးများသည် ဝင်ရောက်လာကြပြီးနောက် မြန်မာတို့နောက်တွင်မှ အခြား တိဗက်–ဗမာ အနွယ်ဝင်များ ဖြစ်ကြသော ချင်း၊ ကချင် သို့မဟုတ် ဂျင်းဖောနှင့် အနွယ်တူ လူမျိုးစုများသည် တစ်သုတ်ပြီး တစ်သုတ် အစုစုကွဲကာ ဝင်ရောက်နေထိုင်ခဲ့ကြခြင်း ဖြစ်လေသည်။

တိဗက်–ဗမာ အနွယ်ဦးများ ဖြစ်ကြသော ပျူကမ်းယံနှင့် သက် လူမျိုးများသည် ရခိုင်ကမ်းရိုးတန်းဒေသ၊ ဧရာဝတီမြစ်ဝှမ်းနှင့် ချင်းတွင်းမြစ်ဝှမ်းများတွင် မိမိတို့ မျိုးတူနွယ်တူများ အချင်းချင်း စည်းလုံးနေထိုင်ခြင်း ပြုခဲ့ကြဖွယ်ရာ ရှိသည်ဟု ခန့်မှန်းရလေသည်။ မြန်မာတို့သည် ဧရာဝတီနှင့် စစ်တောင်းမြစ်ဝှမ်းများတွင် အများဆုံး စည်းရုံးနေထိုင်ခြင်း ပြုကြလျက် အထူးသဖြင့် မြန်မာနိုင်ငံ အလယ်ပိုင်းတွင် ပိုမိုထူထပ်စွာ နေထိုင်ကြသည်ဟု ဆိုရပေလိမ့်မည်။ ချင်းနှင့် အနွယ်တူ လူမျိုးစုများသည် အနောက်ဘက် တောင်တန်းကြီးများနှင့် တောင်စွယ်၊ တောင်ပွားများ တစ်လျှောက်တွင် အများဆုံး စည်းရုံးနေထိုင်ကြလေသည်။ ကချင် သို့မဟုတ် ဂျင်းဖောနှင့် အနွယ်တူ လူမျိုးစုများသည် ချင်းတွင်းနှင့် ဧရာဝတီမြစ်ဖျားဒေသများ၊အရှေ့ဘက်တောင်တန်းများတွင်ပါဝင်သောကချင်တောင်တန်းများတွင် စည်းရုံးနေထိုင်လျက် ရှိကြလေသည်။ ယင်း တိဗက်–ဗမာ အနွယ်ဝင်များ ဖြစ်ကြသော ချင်းနှင့် ကချင်၊ သို့မဟုတ် ဂျင်းဖောလူမျိုးစုများနှင့် ပတ်သက်၍ အထူး စိတ်ပါဝင်စားစရာကောင်းသကဲ့သို့ သတိလည်း ထားရမည်ဖြစ်သော အချက်တစ်ချက် ရှိလေသည်။ ချင်းလူမျိုးများနှင့် အနွယ်တူ လူရှေလူမျိုးစုများလည်း အိန္ဒိယကုန်းမြေ အာသံပြည်နယ် လူရှေတောင်တန်းများတွင် နေထိုင်လျက် ရှိကြသော အရေးနှင့် ကချင် သို့မဟုတ် ဂျင်းဖောလူမျိုးများနှင့် အနွယ်တူ လူမျိုးများသည် အိန္ဒိယကုန်းမြေ အာသံနှင့် အနောက်မြောက် နယ်စပ်ဒေသများတွင် လည်းကောင်း၊ တရုတ်ကုန်းမြေ ယူနန်ပြည်နယ်တွင် လည်းကောင်း နေထိုင်လျက် ရှိကြသော အရေးများပင် ဖြစ်ကြလေသည်။

ထိုင်း–တရုတ် အနွယ်ဝင်များအနက် မြန်မာနိုင်ငံအတွင်းသို့ ရှေးအကျဆုံး ဝင်ရောက်နေထိုင်ကြသူများကား ကရင်လူမျိုးများနှင့် အနွယ်တူဖြစ်သော ပအိုဝ်းတောင်သူလူမျိုးများပင် ဖြစ်ကြဖွယ်ရာ ရှိသည်ဟု ယုံကြည်စရာ ရှိလေသည် ယင်း ပအိုဝ်းတောင်သူလူမျိုးများသည် ရှမ်းပြည်တောင်ပိုင်း ဒေသတစ်ဝိုက်နှင့် သထုံခရိုင်တွင် အခြေချ နေထိုင်ခြင်း ပြုကြလေသည်။ ပအိုဝ်းတောင်သူများနောက်မှ ကရင်လူမျိုးများနှင့် အနွယ်တူ လူမျိုးစုများသည် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာကြပြီးလျှင် ကရင်နီတောင်တန်း ဒေသတစ်ဝိုက်၊ သန်လျင်ခရိုင်၊ ပဲခူးရိုးမနှင့် ဧရာဝတီမြစ်ဝကျွန်းပေါ် ဒေသများတစ်ဝိုက်တွင် အစုစုကွဲကာ အခြေချနေထိုင်ကြလေသည်။ မြန်မာနိုင်ငံအတွင်းသို့ နောက်ဆုံး ဝင်ရောက်လာကြသော ထိုင်း–တရုတ် အနွယ်ဝင်များကား ရှမ်းနှင့် အနွယ်တူ လူမျိုးစုများပင် ဖြစ်ကြလေသည်။ ရှမ်းနှင့်အနွယ်တူ လူမျိုးစုများသည် ရှမ်းကုန်းပြင်မြင့်ဒေသ၊ ဧရာဝတီမြစ်ညာနှင့်

mgyoe.com

mgyoe.com SAMPLE BOOK

ချင်းတွင်းမြစ်ညာ ဒေသများတစ်ဝိုက်တွင် စည်းရုံးနေထိုင်ခြင်း ပြုကြလေသည်။ ယင်းရှမ်းလူမျိုးများနှင့် ပတ်သက်၍ များစွာ အလေးထား စဉ်းစားရမည့် အရေးတစ်ခုမှာ ၎င်းတို့သည် မြန်မာနိုင်ငံအတွင်း၌သာလျှင် မဟုတ်ဘဲ အိန္ဒိယနိုင်ငံ အာသံပြည်နယ်၊ တရုတ်နိုင်ငံ ယူနန်ပြည်နယ်၊ ယိုးဒယားနှင့် လောနိုင်ငံများတွင်ပါ အစုစုကွဲကာ နေထိုင်လျက် ရှိကြသော လူမျိုးကြီးတစ်မျိုး ဖြစ်သည် ဆိုသော အရေးပင် ဖြစ်လေသည်။

သမိုင်း၏ ပဝေသဏီအချိန်မှ အစပြုလျက် မြန်မာနိုင်ငံအတွင်းသို့ အစုစုကွဲကာ တစ်သုတ်ပြီးတစ်သုတ် ဝင်ရောက်အခြေချ နေထိုင်ခဲ့ကြသော အထက်ဖော်ပြပါ မောင်းဂွတ်အနွယ်ဝင် လူမျိုးများသည် ၎င်းတို့ နိုင်ငံသမိုင်း၏ ဖြစ်ပေါ်တိုးတက်မှုနှင့် ပြောင်းလဲမှု တာဝန်များကို မောင်းနှင် ထမ်းဆောင်ခဲ့ကြခြင်းပင် ဖြစ်လေသည်။ ထိုမောင်းဂွတ်အနွယ်ဝင် လူမျိုးများနှင့် မြန်မာ့သဘာဝပတ်ဝန်းကျင်တို့၏ပဋိပက္ခနှင့်သမ္မဟများ၊ ဤမောင်းဂွတ်အနွယ်ဝင် လူမျိုးများအချင်းချင်း၏ ပဋိပက္ခနှင့် သမ္မဟများ စသည်တို့သည်ပင်လျှင် မြန်မာနိုင်ငံ သမိုင်း၏ ဖြစ်ပေါ်တိုးတက်မှုနှင့် ပြောင်းလဲမှုများ၏ အခြေခံတရားကြီး ဖြစ်လေရာ မြန်မာနိုင်ငံ သမိုင်းကို ချဉ်းကပ်လေ့လာခြင်း ပြုလာရာ၌ မြန်မာလူမျိုးရေးရာ ပထဝီကိုလည်း အထူး အလေးထား ဆင်ခြင်ခြင်းပြုရန် လိုအပ်လိမ့်မည် ထင်ပေသည်။

### (၅) မြန်မာ့နိုင်ငံရေး ပထဝီ

မြန်မာနိုင်ငံသည် အိန္ဒိယနှင့် တရုတ်ကုန်းမြေဆိုင်ကြီး နှစ်ခုတို့၏ တွေ့ဆုံပေါင်းစည်းခြင်း ပြုရာ ဖြစ်သော တရုတ်–အိန္ဒိယ ကျွန်းဆွယ်ကြီးပေါ်တွင် တည်ရှိသော နိုင်ငံရေး ပထဝီဒေသ တစ်ခုမျှသာဖြစ်လေသည်။ ခေတ်သစ်နိုင်ငံရေး ဝေါဟာရအခေါ်အဝေါ်အားဖြင့် အာရှအရှေ့တောင်ပိုင်း ဟူ၍ ခေါ်တွင်လျက် ရှိသော ယင်း တရုတ်–အိန္ဒိယကျွန်းဆွယ်ကြီး အပေါ်တွင် မြန်မာနိုင်ငံအပြင် လော၊ ယိုးဒယား၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ မာလာယုနိုင်ငံများ ရှိကြလေသည်။ ထို့ထက် တောင်ဘက်ကျသော ပင်လယ်ပြင်တွင် စုမတြား၊ ဂျာဝါး၊ မလက္ကားနှင့် အခြားကျွန်းစုများကို နိုင်ငံရေးပထဝီ ဒေသတစ်ခု အဖြစ်ဖြင့် သိမ်းသွင်း ပေါင်းစည်းခြင်း ပြုထားသော အင်ဒိုနီးရှားနိုင်ငံ နှင့် ဖိလစ်ပိုင်နိုင်ငံများအပြင် ဘိုနီယို ဆာရာဝပ်နှင့် နယူးဂီနီ အစရှိသော ကျွန်းကြီး၊ ကျွန်းငယ်များလည်း ရှိကြပေသေးသည်။

အိန္ဒိယနှင့် တရုတ်ကုန်းမြေကြီးများကို စည်းလုံးညီညွတ်သော နိုင်ငံရေးပထဝီ ဒေသများ အဖြစ်ဖြင့် သိမ်းသွင်းပေါင်းစည်းခြင်း မပြုနိုင်ကြမီ သမိုင်းကာလများတုန်းက ယခုခေတ် အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံများဘက်မှ အာသံ၊ မဏိပူရ၊ ကာချာ၊ ဂျန်တီယာ၊ ဘင်္ဂလား နှင့်စစ်တကောင်း အစရှိသော နယ်များသည် လည်းကောင်း၊ တရုတ်ကုန်းမြေဘက်မှ တိဗက် နှင့် ယူနန်၊ သို့မဟုတ် ရှေးဟောင်း နန်ချိုနိုင်ငံများသည် လည်းကောင်း မြန်မာနိုင်ငံနှင့် နယ်စပ်ချင်း တွေ့ထိဆက်စပ်ကာ အကူးအသန်း အဆက်အဆံ များပြားခဲ့သော ဒေသများ ပင် ဖြစ်ကြလေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

မြန်မာနိုင်ငံ၏ အရှေ့ဘက်နှင့် အရှေ့တောင်ပိုင်းဘက် ဒေသများသည် လောယိုးဒယား၊ မာလာယု အစရှိသော နိုင်ငံများနှင့် နယ်စပ်ချင်း တွေ့ထိလျက် ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် တောင်ဘက်ကျွန်းစုများသည် အိမ်နီးချင်း ဒေသများကဲ့သို့ ရှိနေကြသည်။ နယ်စပ်ချင်း တွေ့ထိနေသော လော၊ ယိုးဒယားနိုင်ငံများနှင့်မူကား မြန်မာနိုင်ငံသည် များပြားလှသော အကူးအသန်းနှင့် အဆက်အဆံများ ရှိခဲ့လေသည်။

မြန်မာနိုင်ငံ၏ အနောက်ဘက်နှင့် အနောက်တောင်ပိုင်းဘက် ဒေသများသည် အိန္ဒိယကုန်းမြေကြီးနှင့် ဘင်္ဂလားပင်လယ်အော်ကြီး ခြားနားစေကာမူလည်း အိန္ဒိယကျွန်းဆွယ်ကြီး၏ အရှေ့တောင်ပိုင်း ကမ်းရိုးတန်း ဒေသများနှင့် လည်းကောင်း၊ သီဟိုဠ်ကျွန်းနှင့် လည်းကောင်း အိမ်နီးချင်းဒေသများကဲ့သို့ ဖြစ်နေကြသဖြင့် အကူးအသန်းနှင့် အဆက်အဆံများလည်း အသင့်အတင့် ရှိခဲ့ကြလေသည်။

တကျွန်း သို့မဟုတ် ကပ္ပလီကျွန်းစု ဟူ၍ ခေါ်ဝေါ်ခြင်း ပြုလေ့ရှိကြသော အိန္ဒိယသမုဒ္ဒရာပြင်မှ အင်ဒမင်ကျွန်းစု သည်လည်း မြန်မာနိုင်ငံနှင့် မိုင်ရာပေါင်း များစွာ ဝေးကွာလျက် ရှိနေစေကာမူ သဘာဝပထဝီ အလိုအားဖြင့် မြန်မာနိုင်ငံ၏ သဘာဝအစိတ်အပိုင်းဖြစ်သကဲ့သို့ အိမ်နီးချင်းဒေသလည်း ဖြစ်လေသည်။ ဗြိတိန်-မြန်မာ ပထမစစ်ပွဲကာလများတုန်းကနှင့် ကိုလိုနီခေတ် သမိုင်းတစ်လျှောက်လုံးလိုလို ယင်းကျွန်းစုဒေသသည် မြန်မာနိုင်ငံနှင့် များစွာ အကူးအသန်းနှင့် အဆက်အဆံများ ရှိခဲ့လေသည်။

ယင်းသို့ ပကတိအတိုင်း တည်ရှိနေသော သဘာဝပထဝီ အနေအထားအားဖြင့် အထက်ဖော်ပြပါ ပတ်ဝန်းကျင်နိုင်ငံများ၊ ဒေသများနှင့် မည်ကဲ့သို့မျှ ခွဲခွာခြင်း မပြုနိုင်လောက်အောင် ဆက်စပ်ငြိတွယ်လျက် ရှိနေခြင်းကြောင့် လူမျိုးရေးနှင့် ယဉ်ကျေးမှုများအားဖြင့် သော်လည်းကောင်း၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ကာကွယ်ရေးများအားဖြင့် သော်လည်းကောင်းမြန်မာနိုင်ငံသည် ယင်း ဘေးပတ်ဝန်းကျင် နိုင်ငံများသမိုင်း ဖြစ်ပေါ်တိုးတက်မှု၊ ပြောင်းလဲမှုများနှင့် တစ်နည်းမဟုတ်လျှင် တစ်နည်းနည်းအားဖြင့် ဆက်သွယ်ပေါင်းစပ်လျက် ရှိနေရပေသည်။ ဤဖြစ်ရပ် အဆက်အသွယ်နှင့် အကြောင်းအရာများသည် လူတို့၏ဆန္ဒနှင့် ကင်းလွတ်လျက် မူလသဘာဝက ဖန်တီးထားရှိပေသော အကြောင်းအရာနှင့် ဖြစ်ရပ်များ၊ အဆက်အသွယ်များသာလျှင် ဖြစ်လေသည်။

လူတို့၏ ဆန္ဒနှင့် ကင်းလွတ်၍ သဘာဝ၏ စီမံခန့်ခွဲ ထားရှိသော ပထဝီအနေအထားနှင့် တည်ရှိမှုများကြောင့်လည်း မြန်မာနိုင်ငံ သမိုင်း၏ ဖြစ်ပေါ်တိုးတက်မှုနှင့် အပြောင်းအလဲများသည် ၎င်းဘာသာ အထီးတည်း သီးခြားကင်းလွတ်၍ မနေမူဘဲ အထက် ဖော်ပြပါဘေးပတ်ဝန်းကျင်တွင် ရှိကြသော တိုင်းပြည်နိုင်ငံများနှင့် တစ်နည်းမဟုတ်လျှင် တစ်နည်းနည်းအားဖြင့် ဆက်စပ်ဖြစ်ပေါ်လျက် ပြောင်းလဲလျက် ရှိနေရခြင်း ဖြစ်လေသည်။ လူမျိုးရေး၊ ယဉ်ကျေးမှု၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ကာကွယ်ရေးများအားဖြင့် မြန်မာနိုင်ငံသည် ၎င်း၏

mgyoe.com

mgyoe.com SAMPLE BOOK

ပတ်ဝန်းကျင်၌ ရှိနေကြကုန်သော အိန္ဒိယနှင့် တရုတ်ကုန်းမြေကြီးများနှင့် လည်းကောင်း၊ အရှေ့အာရှတောင်ပိုင်းဟု ခေါ်ဝေါ်လျက် ရှိကြသော လောႋ ယိုးဒယား၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ မာလာယု၊ အင်ဒိုနီးရှား၊ သီဟိုဠ်နှင့် ဖိလစ်ပိုင် အစရှိသော နိုင်ငံများနှင့် လည်းကောင်း သမိုင်းမတိုင်မီ ပဝေသဏီအချိန်မှ အစပြုလျက် မျက်မှောက်ခေတ်သို့ တိုင်အောင် ရှိနေပေသည်။ ဒေသတစ်ခုနှင့် တစ်ခု၊ သို့မဟုတ် နိုင်ငံ တစ်နိုင်ငံနှင့် တစ်နိုင်ငံတို့သည် ၎င်းတို့အသီးသီး၏ ကြမ္မာကို လည်းကောင်း၊ ဒေသကြီး တစ်ခုလုံး၏ အထွေထွေကြမ္မာကို လည်းကောင်း အပြန်အလှန် အကျိုးပြုလျက် ရှိနေကြပေသည်။ ကြမ္မာခြင်းအားဖြင့်လည်း တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ၊ သို့မဟုတ် စုပေါင်း၍ ဖြစ်စေ၊ ငြိတွယ်ဆက်စပ်လျက် ရှိနေကြပေသည်။ ယင်းသို့ တည်ရှိနေရပေသော နိုင်ငံရေးပထဝီ အနေအထားများကြောင့် လည်းကောင်း၊ အဆက်အသွယ်များကြောင့် လည်းကောင်း မြန်မာနိုင်ငံသမိုင်း၏ ဖြစ်ပေါ် တိုးတက်မှုနှင့် အပြောင်းအလဲများကို ချဉ်းကပ်လေ့လာခြင်း ပြုရသော အမှု၌ ၎င်း၏ ဘေးပတ်ဝန်းကျင်နှင့် အိမ်နီးချင်းဒေသများ ဖြစ်ကြကုန်သော အိန္ဒိယ၊ တရုတ်နှင့် အရှေ့အာရှတောင်ပိုင်း ဒေသကြီး တစ်ခုလုံး၏ သမိုင်းဖြစ်ပေါ် တိုးတက်မှုများ၊ ပြောင်းလဲမှုများနှင့် လည်းကောင်း၊ နောက်ဆုံးကမ္ဘာ့သမိုင်းနှင့်ပင်လျှင်လည်းကောင်း ယထာဘူတကျကျ ဆက်စပ်လေ့လာခြင်း ပြုရန်လည်း လိုအပ်လိမ့်မည် ထင်ပေသည်။

၀

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း ( ၂ )

## ရှေးဟောင်း မြန်မာနိုင်ငံ - ၁

**(၁) မရှိသေးသော ရှေးဟောင်း မြန်မာနိုင်ငံသမိုင်း**

တိုင်းပြည်တစ်ပြည်၊ သို့မဟုတ် နိုင်ငံတစ်နိုင်ငံ၏ သမိုင်းကို သမိုင်းမတိုင်မီ ခေတ်လောက်မှ စတင်ကာ တတ်နိုင်သမျှ ကြိုးပမ်း လေ့လာခြင်း ပြုရရိုး ဖြစ်လေသည်။ အချို့သော သမိုင်းပညာရှင်များသည် ၎င်းတို့နိုင်ငံ၏ ရှေးဟောင်းသမိုင်းများကို နတ်သမီးပုံပြင်ဆန်ဆန် အကြောင်းအရာများမှပင် လေးလေးစားစား စတင်ကာ လေ့လာခြင်း ပြုကြလေသည်။ ဥပမာအားဖြင့် ခေါမ၊ ရောမ၊ ဗြိတိန်၊ အိန္ဒိယ၊ အီဂျစ်၊ တရုတ်နှင့် ဂျပန် အစရှိသော နိုင်ငံသမိုင်းများ ဖြစ်ကြလေသည်။ ယင်းသို့ လေ့လာခြင်းအမှု၌ များစွာ အဓိပ္ပာယ် ရှိလေသည်။ လေးနက် ကျယ်ဝန်းခြင်းလည်း ရှိလေသည်။ အဘယ့်ကြောင့်ဆိုသော် တိုင်းပြည်တစ်ပြည် သို့မဟုတ် နိုင်ငံတစ်နိုင်ငံ၏ သမိုင်းဖြစ်သော အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်ကာလသုံးပါးတို့သည် တစ်ခုနှင့်တစ်ခု ဆက်စပ် ထောက်ပံ့နေကြသောကြောင့်ပင် ဖြစ်လေသည်။ ထို့ကြောင့် တိုင်းပြည်တစ်ပြည် သို့မဟုတ် နိုင်ငံတစ်နိုင်ငံ၏ သမိုင်းကို တတ်နိုင်သမျှ သမိုင်းမတိုင်မီ ခေတ်လောက်မှ စတင်ကာ ကြိုးပမ်းလေ့လာခြင်းပြုရရိုး ဖြစ်သည်ဟု ဆိုလိုက်ခြင်း ဖြစ်လေသည်။

သို့ရာတွင် မြန်မာနိုင်ငံသမိုင်းကို ယခုတိုင် ယင်းသို့ လေ့လာခြင်း ပြုသော ကြိုးပမ်းအားထုတ်မှုများကို မတွေ့ရှိရသေးချေ။ ထိုသို့ မတွေ့ရှိရသေးခြင်းမှာ အကြောင်းအမျိုးမျိုးကြောင့် ဖြစ်နိုင်လေသည်။ ယင်းသည့်အကြောင်းအမျိုးမျိုးထဲတွင် ရှေးဟောင်း မြန်မာနိုင်ငံ

mgyoe.com

mgyoe.com SAMPLE BOOK

သမိုင်းကို စနစ်တကျ လေ့လာခြင်း ပြုရန်အတွက် ခိုင်ခံ့သော သမိုင်းဝင် အထောက်အထား ပစ္စည်းများ လုံလုံလောက်လောက် စုဆောင်းရမိခြင်း မရှိသေး၍သော်လည်း ဖြစ်နိုင်သည်။ ၎င်းအပြင် ရှေးဟောင်း မြန်မာနိုင်ငံသမိုင်းကို ယခုတိုင် အလေးထားရစကောင်းမှန်း မသိရှိကြသေး၍ သော်လည်းကောင်း၊ အထင်သေး အမြင်သေး ဖြစ်နေကြသေး၍ သော်လည်းကောင်း ဖြစ်နိုင်စရာများလည်း ရှိလေသည်။ မည်ကဲ့သို့သော အကြောင်းများကြောင့်ပင် ဖြစ်စေ လွတ်လပ်သော နိုင်ငံတစ်နိုင်ငံဟု ဆိုပါလျက် ၎င်း၏ ရှေးဟောင်းသမိုင်းကို ယခုတိုင် စနစ်တကျ လေ့လာဖွဲ့စည်းခြင်း မပြုနိုင်သေးခြင်း အမှုအတွက် ဝမ်းနည်းစရာ သို့မဟုတ် ရှက်စရာ ကောင်းနေပေသည်။ ၎င်းအပြင် မိမိတို့၏ ညံ့ဖျင်းမှုကိုလည်း ဖော်ပြရာ ရောက်နေသည်ဟု ထင်မြင်မိပေသည်။

## (၂) မြန်မာ့ရာဇဝင်ဟောင်းများ၏ အဆို

ရှေးဟောင်း မြန်မာနိုင်ငံသမိုင်းနှင့် သက်ဆိုင်သော အကြောင်းအရာ၊ အဖြစ်အပျက်များကို ရေးသားဖော်ပြခြင်း ပြုကြသော မြန်မာနိုင်ငံဆိုင်ရာ ရာဇဝင်ဟောင်းများ အများအပြားပင် ရှိလေသည်။ ယင်းရာဇဝင်ဟောင်းများအနက် မဟာရာဇဝင်ကြီးနှင့် မှန်နန်းရာဇဝင်တော်ကြီးတို့သည် များစွာ ထင်ရှားလေသည်။ ယင်းရာဇဝင်ဟောင်းကြီး နှစ်စောင်အပြင် သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးစုများနှင့် ဒေသများအလိုက် ရေးသားဖော်ပြထားကြသော ရာဇဝင်နှင့် သမိုင်းများလည်း ရှိကြသေးသည်။ ၎င်းတို့အထဲတွင် မွန်ရာဇဝင်၊ ရခိုင်ရာဇဝင်၊ ကရင်ရာဇဝင်၊ ရှမ်းရာဇဝင်များနှင့် ဟန်လင်းကြီးမြို့သမိုင်း စသည်တို့သည် ထင်ရှားလေသည်။

ရှေးဟောင်း မြန်မာနိုင်ငံ သမိုင်းနှင့် ပတ်သက်၍ မြန်မာရာဇဝင်ဟောင်းများက မြန်မာအစ တကောင်းက ဟု အစချီကာ ဗုဒ္ဓပွင့်တော်မမူမီ နှစ်ပေါင်းများစွာက အစပြုသည် ဆိုသော ပထမ တကောင်းပြည်ကြီးနှင့် ၎င်း၏ မင်းဆက် ၃၃ ဆက်တို့ကို လည်းကောင်း၊ ထို့နောက် ဒုတိယ တကောင်းပြည်ကြီးနှင့် ၎င်း၏ မင်းဆက် ၁၇ ဆက်တို့ကိုလည်းကောင်း ရေးသား ဖော်ပြလေ့ ရှိကြလေသည်။ ယင်းသို့ ဖော်ပြရာတွင်လည်း အိန္ဒိယနိုင်ငံသမိုင်းများနှင့် ဆက်စပ်ဖော်ပြခြင်း ပြုလေ့ရှိသည်ကိုသာ တွေ့ကြရလေသည်။ ထို့နောက် ရခိုင်မင်းဆက်များကိုလည်းကောင်း၊ သရေခေတ္တရာ ပြည်နယ်နှင့် မင်းဆက်များနှင့် လည်းကောင်း ဆက်သွယ်ဖော်ပြခြင်း ပြုကြပြန်လေသည်။ သရေခေတ္တရာမင်းဆက် ပြတ်သောအခါ ပုဂံပြည်နှင့် လည်းကောင်း၊ ပုဂံမင်းဆက်များနှင့် လည်းကောင်း ဆက်စပ်ရေးသားလေ့ ရှိကြသည်။

တကောင်းကဲ့သို့ အထက်မြန်မာနိုင်ငံ ရွှေဘိုခရိုင်အတွင်း၌ ရှိသော ဟလင်းကြီး ပြည်နယ် အကြောင်းကိုလည်း အလားတူပင် အိန္ဒိယနိုင်ငံသမိုင်းနှင့် ဆက်စပ်ဖော်ပြသည်ကိုသာ တွေ့ရှိရလေသည်။ ယင်းသမိုင်းအဆိုအရ ပျူပြည်နယ်နှင့် မင်းဆက်များကို လွှမ်းမိုးခဲ့

mgyoe.com

mgyoe.com SAMPLE BOOK
သော နှစ်ပေါင်း ငါးထောင်ခန့်လောက်မှ စ၍ တည်ထောင်ခဲ့သည်ဟု ဆိုထားလေသည်။ ထို့နောက် မြန်မာရာဇဝင်ဟောင်းများ နည်းတူ ပုဂံပြည်နှင့်လည်းကောင်း၊ ပုဂံမင်းဆက်များနှင့် လည်းကောင်း ဆက်စပ်ရေးသားထားသည်ကို တွေ့ရှိရပြန်လေသည်။

ရခိုင်ရာဇဝင်ဟောင်းများ၌ ရခိုင်ကမ်းရိုးတန်း မြောက်ဘက်ရှိ ပြည်နယ်များနှင့် မင်းဆက်များကို လွန်ခဲ့သော နှစ်ပေါင်း ၅၀၀၀ ခန့်လောက်မှ အစပြု၍ တည်ထောင်ခဲ့ကြောင်းဖြင့် ရေးသားဖော်ပြလေ့ ရှိကြလေသည်။ ဓညဝတီပြည်နယ်ကို လက်ဦး တည်ထောင်သည်ဟု ဆိုထားသော မာရယုမင်းဆက်သည် ၅၄ ဆက်မျှ စိုးစံခဲ့ကြောင်း၊ ၎င်းအပြင် တကောင်းမင်းဆက် တစ်ပါး ဖြစ်သော ကံရာဇာကြီး မင်းဆက်၏ ၂၉ ဆက်မြောက် စန္ဒသူရိယမင်းသည် ဗုဒ္ဓဂေါတမနှင့် ခေတ်ပြိုင်ဖြစ်ပြီးလျှင် မဟာမြတ်မုနိ ရုပ်ပွားတော်ကို သွန်းလုပ်ခဲ့ကြောင်းဖြင့်လည်း ဖော်ပြထားကြလေသည်။ ထိုမင်းဆက်များ လွန်သွားပြီးနောက် လက်ျာမင်းနန်ဘုရင် လက်ထက်ကျမှ ပုဂံပြည်နှင့် လည်းကောင်း၊ ပုဂံမင်းဆက်များနှင့် လည်းကောင်း ဆက်စပ်ဖော်ပြခြင်း ပြုသည်ကို တွေ့ရလေသည်။

မွန်ရာဇဝင်ဟောင်းများ၌လည်း ၎င်းတို့၏ ရှေးအကျဆုံးနှင့် ကြီးကျယ်ခြင်း ရှိလှသော သုဝဏ္ဏဘုမ္မိတိုင်း၏ သမိုင်းကို အလားတူပင် အိန္ဒိယနိုင်ငံသမိုင်းနှင့် ဆက်စပ်ဖော်ပြထားကြလေည်။ ဥဿာပဲခူးပြည်နယ်နှင့် မလ မင်းဆက်တို့ကိုလည်း သုဝဏ္ဏဘုမ္မိတိုင်း၏ သမိုင်းနှင့် ဆက်စပ်ထားလေသည်။ ရာမညဝတီ မြစ်ဝကျွန်းပေါ်တိုင်းတွင် မွန်လူမျိုးများ၏ ရှေးဟောင်းမြို့ဟောင်းများ ဖြစ်ကြသော ဒဂုန်၊ ဒလ၊ သန်လျင်နှင့် ပုသိမ်တို့၏ မြို့သမိုင်းများကို ဥဿာပဲခူးနှင့် ဆက်စပ်ထားလေသည်။ သုဝဏ္ဏဘုမ္မိတိုင်း၏ ၅၉ ဆက်မြောက်နှင့် နောက်ဆုံးမင်းဆက် ဖြစ်သော မနူဟာမင်း လက်ထက်ကျခါမှ ပုဂံပြည်နှင့် လည်းကောင်း၊ ပုဂံမင်းဆက်နှင့်လည်းကောင်း ဆက်စပ်ဖော်ပြထားသည်ကို တွေ့ရှိရလေသည်။

မြန်မာနိုင်ငံ၏ အခြားတိုင်းရင်းသား လူမျိုးများ ဖြစ်ကြသော ကရင်၊ ရှမ်း၊ ချင်းနှင့် ကချင်၊ သို့မဟုတ် ဂျင်းဖော ရာဇဝင်ဟောင်းများ၌ မြန်မာနိုင်ငံ၏ ရှေးဟောင်းသမိုင်းနှင့် သက်ဆိုင်သော အကြောင်းအရာနှင့် အဖြစ်အပျက်များ ရေးသား ဖော်ပြထားခြင်းများ မတွေ့ရလှချေ။ ကရင်ရာဇဝင်ဟောင်းများ၌ ၎င်းတို့၏ သမိုင်းကို မြန်မာနိုင်ငံ အပြင်အပ၌ စတင်ကြောင်း ဖော်ပြထားလေသည်။ ရှမ်းလူမျိုးများ၏ ရာဇဝင်များ၌လည်း နန်ချိုနိုင်ငံကိုသာ ၎င်းတို့၏ ရှေးဟောင်းနိုင်ငံ သမိုင်းအဖြစ်ဖြင့် ရေးသားဖော်ပြထားကြလေသည်။ မြန်မာနိုင်ငံအတွင်းသို့ နောက်အကျဆုံး ဝင်ရောက်နေထိုင်ခြင်း ပြုကြရသော ချင်းနှင့် ကချင်၊ သို့မဟုတ် ဂျင်းဖောလူမျိုးစုများ၏ ရာဇဝင်များ၌ ရှေးဟောင်းမြန်မာနိုင်ငံ၏ သမိုင်းနှင့် ပတ်သက်၍ ဖော်ပြခြင်း မရှိသည်မှာ အဆန်းတော့ မဟုတ်ချေ။

ယင်း မြန်မာနိုင်ငံ ရာဇဝင်ဟောင်းများနှင့် သမိုင်းဟောင်းများ၏ ရေးသား ဖော်ပြချက်အရ ဆိုလျှင် မြန်မာနိုင်ငံ၌ လွန်လေပြီးသော နှစ်ပေါင်း ၂၀၀၀ ခန့်နှင့် အထက် ကျော်ကာရှိကပင်လျှင် သက်ဆိုင်ရာ တိုင်းရင်းသား လူမျိုးစုများအလိုက် ပြည်နယ်များနှင့် မင်းဆက်
mgyoe.com

mgyoe.com SAMPLE BOOK

များကို ထူထောင်ထားပြီးဖြစ်ကြောင်း မှတ်ယူရမည်ကဲ့သို့ဖြစ်နေပေသည်။ အထက်မြန်မာနိုင်ငံ တစ်ဝိုက်တွင် သက်လူမျိုးများ၏ တကောင်းပြည်နယ်၊ ရှမ်းလူမျိုးများ၏ ကလေးနှင့် ပုံပြည်နယ်များ၊ ပျူလူမျိုးများ၏ ဟာလင်းပြည်နယ်၊ ရခိုင်ကမ်းရိုးတန်း ဒေသတစ်ဝိုက်တွင် ဓညဝတီ၊ ဝေသာလီနှင့် ကျောက်ပတောင်းပြည်နယ်များ၊ မြန်မာနိုင်ငံ အောက်ပိုင်းဒေသတစ်ဝိုက်တွင် ပျူလူမျိုးများ၏ သရေခေတ္တရာနှင့် ဗိဿနိုးပြည်နယ်များ၊ ကမ်းယံလူမျိုးများ၏ ကမ်းယံပြည်နယ်၊ ရှေးဦးမြန်မာတို့၏ ပုဂံပြည်နယ်၊ မွန်လူမျိုးများ၏ သုဝဏ္ဏဘုမ္မိ၊ မုတ္တမ၊ ဥဿာပဲခူး၊ ဒဂုန်၊ ဒလ၊ သန်လျင်နှင့် ပုသိမ်ပြည်နယ်ကလေးများ အသီးသီး ထူထောင်ရှိနှင့်ပြီး ဖြစ်သကဲ့သို့လည်း ဖြစ်နေပေသည်။

## (၃) ကိုလိုနီ သမိုင်းဆရာကြီးများ၏ အဆို

မြန်မာနိုင်ငံ၏ကိုလိုနီသမိုင်းကာလများတုန်းက မြန်မာနိုင်ငံ ကိုလိုနီအုပ်ချုပ်ရေး ယန္တရားတွင် ပါဝင်အမှုထမ်းရင်း မြန်မာနိုင်ငံ၏ သမိုင်းကို သုတေသနပြုကာ ရေးသားခဲ့ကြသည် ဆိုသော ကိုလိုနီသမိုင်း ဆရာကြီးများ ပေါ်ပေါက်ခဲ့ဖူးလေသည်။ ၎င်းတို့အနက် ထင်ရှားသော သမိုင်းဆရာကြီးများမှာ ဖယ်ရာ၊ ကောက်စ်ဟာဗေ နှင့် ဟောလ် ဆိုသူတို့ပင် ဖြစ်လေသည်။ ယင်း ဗြိတိသျှကိုလိုနီ သမိုင်းဆရာကြီးများအပြင် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် သမိုင်းဆရာ ခရစ်ရှန် ဆိုသူ တစ်ဦးလည်း ရှိပေသေးသည်။

ယခင် ကိုလိုနီသမိုင်း ဆရာကြီးများသည် မြန်မာနိုင်ငံသမိုင်း၏ ဖြစ်ပေါ်တိုးတက်မှုနှင့် အပြောင်းအလဲများကို မြန်မာနိုင်ငံသားများ၏ အကျိုးစီးပွားနှင့် ရှုထောင့်မှ အဘယ်ကဲ့သို့မျှ ကြည့်နိုင် မြင်နိုင်စွမ်းအား ရှိသူများ မဟုတ်ကြချေ။ မြန်မာနိုင်ငံနှင့် ၎င်း၏ တိုင်းရင်းသားများကို ကျွန်ပြုရေး၊ နာလန်မထူနိုင်အောင် ဖိနှိပ်ထားရေး အစရှိသော ကိုလိုနီ အုပ်ချုပ်ရေးဘက်ဆိုင်ရာ အကျိုးစီးပွားနှင့် ရှုထောင့်များမှသာ ကြည့်မြင်ခြင်း ပြုခဲ့ကြသူများ ဖြစ်လေသည်။ ထို့ကြောင့် ယင်း ကိုလိုနီ သမိုင်းဆရာကြီးများက ရှေးဟောင်း မြန်မာနိုင်ငံ သမိုင်းနှင့် သက်ဆိုင်သော အခြင်းအရာ၊ အဖြစ်အပျက်များကို သေးငယ် သိမ်ဖျင်းအောင် ရေးသားခဲ့ကြခြင်းများသည် စင်စစ်တော့ မဆန်းလှချေ။ ၎င်းတို့အနက် အချို့သော သမိုင်းဆရာများက မြန်မာတို့၌ သမိုင်းမတိုင်မီ ခေတ်ပင်လျှင် မရှိသယောင်ယောင် ရေးသားခြင်း ပြုလေ့ ရှိကြလေသည်။ ပုဂံခေတ် အထူးသဖြင့် ၁၀ ရာစုလောက်မှ အစပြုသော အနုရုဒ္ဓါမင်း မတိုင်မီက မြန်မာရာဇဝင်ဟောင်းများ၌ ရေးသားဖော်ပြထားကြသော မြန်မာနိုင်ငံ၏ ရှေးဟောင်းအကြောင်းအရာနှင့် အဖြစ်အပျက်များကို "အင်ဒိုအာရိယံ ယဉ်ကျေးမှုဆိုင်ရာ ရှေးဟောင်းပုံပြင်နှင့် ဒဏ္ဍာရီများမှ ကူးချထားသော အကြောင်းအရာများနှင့် အဖြစ်အပျက်များသာ ဖြစ်သည်" ဟူ၍ပင် ဆိုခဲ့ကြလေသည်။ မြန်မာနိုင်ငံ ရာဇဝင်ဟောင်းများ၌ ရေးသား ဖော်ပြထားကြသော တကောင်းမင်းဆက်၊ ဟာလင်းကြီးမှ ပျူမင်း–ပြုံးမင်းများ၊ ရခိုင်ပြည် နယ် မာရယုမင်းဆက်၊ သရေခေတ္တရာ

mgyoe.com

mgyoe.com SAMPLE BOOK
မင်းဆက်၊ ရှေးဦး ပုဂံမင်းဆက်များ၊ သုဝဏ္ဏဘုမ္မိတိုင်း မင်းဆက်များနှင့် ဥဿာပဲခူး၊ ဒဂုန်၊ ဒလ၊ သန်လျင် အစရှိသော မွန်မင်းဆက်များနှင့် သက်ဆိုင်သော အကြောင်းအရာများကို လှောင်ပြောင် ရယ်မောခြင်းများ အထိပင် ပြုခဲ့ကြလေသည်။

မြန်မာနိုင်ငံ ကိုလိုနီခေတ် သမိုင်းကာလများအတွင်းက လူကြားကောင်းအောင် ဖြစ်ကတတ်ဆန်း ထူထောင်ပြုလုပ်ထားပေးခဲ့သော ရှေးဟောင်းကမ္ပည်းကျောက်စာဌာနမှ ဟိုတူးသည်ဆွရင်းက အထက်ဖော်ပြပါ ရာဇဝင်ဟောင်းများ၊ သမိုင်းဟောင်းများနှင့် ပတ်သက်နေသော တကောင်း၊ ဟာလင်း၊ ရခိုင်၊ မော်ဇာ၊ တောင်တွင်းကြီး၊ ပဲခူး၊ ဟံသာဝတီ၊ သထုံနှင့် ရှေးပုဂံမြို့ဟောင်း အရပ်ဒေသများတစ်ဝိုက်တွင် ရာဇဝင်အထောက်အထား ပစ္စည်းများကို တစ်စထက်တစ်စ တွေ့ရှိလာခဲ့လေသည်။ သို့ရာတွင် ကိုလိုနီ သမိုင်းဆရာကြီးများသည် ရှေးဟောင်း မြန်မာနိုင်ငံ၏ သမိုင်းကို မြန်မာနိုင်ငံအတွင်း၌ တွေ့ရှိထားရပြီး ဖြစ်သော သမိုင်းဝင် ပစ္စည်းများ၊ အထောက်အထားများ၊ အကြောင်းအရာများနှင့် ဆက်စပ် လေ့လာခြင်း မပြုခဲ့ကြမူဘဲ ရှေးဟောင်း မြန်မာနိုင်ငံသမိုင်းနှင့် ပတ်သက်၍ တရုတ် နန်းတွင်း မှတ်တမ်းများက အဘယ်သို့ ဆိုသည်၊ တိုလေမီက အဘယ်သို့ ရည်ညွှန်းသည်၊ အာရပ်သင်္ဘောသားများက အဘယ်သို့ မှတ်တမ်းတင်သည်၊ ယိုးဒယားရာဇဝင်၌ အဘယ်သို့ တွေ့ရသည်၊ မာကိုပိုလိုက အဘယ်သို့ မှတ်တမ်းတင်ခဲ့သည် စသည်ဖြင့် အမေကျော်ကာ ထွေးတော်ကို လွမ်းနေခဲ့ကြလေသည်။ ယင်းသို့ ဆိုလိုက်သည့်အတွက် တိုင်းတစ်ပါးမှ မြန်မာနိုင်ငံ သမိုင်းဆိုင်ရာ မှတ်တမ်းများနှင့် သမိုင်းဝင်ပစ္စည်းများကို ပစ်ပယ်ခြင်း ပြုရမည် ဟူ၍ကား မဆိုလိုချေ။ အရိုးကို အရွက်က ဖုံးရန် ပြုလုပ်နေသော လုပ်နည်းကိုသာ ဆိုလိုခြင်း ဖြစ်လေသည်။

မြန်မာနိုင်ငံ ကိုလိုနီခေတ် သမိုင်းကာလများက မြန်မာနိုင်ငံ သမိုင်းဌာနကို ယင်းကဲ့သို့သော ကိုလိုနီ သမိုင်းဆရာကြီးများကသာ လက်ဝါးကြီးအုပ် ခြယ်လှယ်ကာ မြန်မာနိုင်ငံ ရှေးဟောင်းကမ္ပည်းကျောက်စာ ဌာနကိုလည်း အိမ့်နောက်ဖေး မီးဖိုချောင်၏ ယာခင်းကလေးလောက်မှ အလေးလည်း မထား၊ အရေးလည်း မပေးခဲ့သောကြောင့် ရှေးဟောင်း မြန်မာနိုင်ငံ သမိုင်း ဆိုသည်မှာ မရှိသလောက် ဖြစ်နေခဲ့ရခြင်းမှာ အဆန်းမဟုတ်တော့ချေ။

## (၄) ရှေးဟောင်း မြန်မာနိုင်ငံဆိုင်ရာ သမိုင်းဝင် ပစ္စည်းများ

ကိုလိုနီခေတ်က ဗြိတိသျှအာဏာပိုင်တို့သည် မြန်မာနိုင်ငံ၏ ရှေးဟောင်းပစ္စည်းများ၊ ဘုရားပုထိုးများနှင့် သမိုင်းဝင်ပစ္စည်းများ စသည်တို့ကို စာရင်းအင်းပြုလုပ်၍ ထိန်းသိမ်းစောင့်ရှောက်ရန်အတွက်ဟု ဆိုကာ ရှေးဟောင်းကမ္ပည်း ကျောက်စာဌာန တစ်ခုကို တည်ထောင် ထားရှိခဲ့လေသည်။ ယင်းကဲ့သို့ တိုင်းပြည်တစ်ပြည်၏ ယဉ်ကျေးမှုဆိုင်ရာ ဘဝအတွက် များစွာ အရေးကြီးလှသော ဌာနတစ်ခုကိုပင် မူလက အိန္ဒိယနိုင်ငံ ဌာန၏ လက်အောက်ခံ ဌာနခွဲကလေး အဖြစ်ဖြင့် ထားရှိခဲ့သေးသည်။ မြန်မာနိုင်ငံအား ဗြိတိသျှ အိန္ဒိယ အင်ပါယာ အတွင်းမှ ခွဲထုတ်လိုက်ပြီးနောက် သီးခြားလက်အောက်ခံ ဒေသတစ်ခု အဖြစ်ဖြင့် ပြုလုပ်

mgyoe.com

mgyoe.com SAMPLE BOOK

သော အခါမှပင် ယင်း ရှေးဟောင်း ကမ္ပည်းကျောက်စာ ဌာနသည် အိန္ဒိယအစိုးရ၏ အုပ်ချုပ်မှု လက်အောက်မှ လွတ်မြောက်ခွင့် ရရှိလာခဲ့ခြင်းလည်း ဖြစ်လေသည်။

ဗြိတိသျှ အာဏာပိုင်တို့သည် မြန်မာနိုင်ငံ ရှေးဟောင်း ကမ္ပည်းကျောက်စာ ဌာနကို လူအများ ကြားကောင်း မြင်ကောင်းအောင် ထားရှိခြင်း ပြုရသည့် အားလျော်စွာ ထိုဌာနနှင့် သက်ဆိုင်ရာ လုပ်ငန်း ကိုင်ငန်းများကို မြန်မာနိုင်ငံ ပြည်သူတို့ထံမှ အမျိုးမျိုး အဖုံဖုံ ခြစ်ကုတ်ထောက်ခံခြင်းပြုခဲ့ကြသော အခွန်ဘဏ္ဍာငွေများထဲမှ သုံးစွဲတန်သလောက် ထုတ်နုတ်သုံးစွဲကာ လုပ်ကိုင်ဆောင်ရွက်ခြင်း ပြုသည်ကို ဘာမျှ မတွေ့ရသလောက်ပင် ဖြစ်လေသည်။ တောင်သူလယ်သမားများ ၎င်းတို့၏ လယ်မြေများကို ထယ်ထိုးရင်း၊ သို့မဟုတ် တူးဆွရင်း တွေ့ရှိကြသော ရှေးဟောင်းဒင်္ဂါးများ၊ ဆင်းတု ရုပ်တုများနှင့် သင်္ချိုင်းဟောင်းများမှ အိုးခွက် စသော သမိုင်းဝင်ပစ္စည်းများ၊ ကျောင်းသားကလေးများ ကျောင်းစဉ် ကစားရင်း ကောက်ယူရရှိသော ရှေးဟောင်းပစ္စည်းများနှင့် မြေပေါ်တွင် အထင်အရှား ပေါ်လွင်နေသော သမိုင်းဝင် ရှေးဟောင်းဘုရားပုထိုးများ စသည်တို့ကို စုဆောင်းထိန်းသိမ်းသော လုပ်ငန်းများ၊ ကျောက်စာများကို ဖတ်ရှုသော လုပ်ငန်းများနှင့်လောက်သာ ကိစ္စပြီးစီးခဲ့ကြလေသည်။ တကယ်ဆိုတော့ ကိုလိုနီခေတ် မြန်မာ့ရှေးဟောင်းကမ္ပည်းကျောက်စာဌာနဆိုသည်မှာ ရှေးဟောင်း အကြောင်းအရာများနှင့် သမိုင်းရေးရာတို့ကို စိတ်ဝင်စားသော ဗြိတိသျှ အာဏာပိုင် အရာရှိများအတွက် အပျင်းပြေကစားကွင်း တစ်ခုနှင့် ဘာမျှ မခြားလှချေဟု ဆိုရလိမ့်မည် ထင်ပေသည်။

မည်ကဲ့သို့ပင်ဖြစ်စေ ကိုလိုနီခေတ်နှင့် ထို့နောက်ပိုင်း ခေတ်ကာလများအတွင်း ရှေးဟောင်း မြန်မာနိုင်ငံ သမိုင်းနှင့် သက်ဆိုင်သော သမိုင်းဝင် အထောက်အထား ပစ္စည်းများ၊ မြို့ပြနေရာဟောင်းများ၊ အချက်အလက်များနှင့် အစွန်းအစများကို တွေ့ရှိသလောက် တွေ့ရှိထားရလေသည်။

မြန်မာရာဇဝင်ဟောင်းများ၌ တကောင်းပြည်ကြီး ဟူ၍ တသီးတခြား ရေးသား ဖော်ပြလေ့ ရှိသော အရပ်ဒေသတစ်ဝိုက်တွင် ရှေးဟောင်းလူမျိုးတို့၏ နေရာထိုင်ခင်းများ၊ ဘုရားပုထိုးများနှင့် အခြားအသုံးအဆောင် ပစ္စည်းများ၏ အစွန်းအစများကို ခရီးသွားဟန်လွှဲ တွေ့ရသလောက် တွေ့ရှိထားရလေသည်။ သို့ရာတွင် ဘာမျှတော့ ပြုလုပ်ခြင်း မရှိသေးချေ။

ဟလင်းကြီးမြို့ သမိုင်း၌ ရေးသားဖော်ပြထားသော ရွှေဘိုခရိုင်အတွင်းရှိ ဟလင်းမြို့ဟောင်း ဒေသတစ်ဝိုက်တွင် ပျူလူမျိုးများ၊ သို့မဟုတ် ရှေးလူဟောင်းတို့၏ မြို့ပြနေရာဟောင်းများနှင့် ဒင်္ဂါးများလည်း တွေ့ရှိတန်သလောက် တွေ့ရှိထားလေသည်။ ရာဇဝင်ဟောင်းများ၌ ရေးသား ဖော်ပြထားကြသော ပြည်ခရိုင်၊ မှော်ဇာဒေသ တစ်ဝိုက်တွင်လည်း ထင်ရှားလှသော ဘုရားပုထိုးများ၊ မြို့ရိုးဟောင်းများ၊ မြို့ပြဟောင်းများ၊ သင်္ချိုင်းဟောင်းများ၊ အရိုးအိုးများ၊ ရုပ်ပွားများနှင့် ဒင်္ဂါးများကိုလည်း တွေ့ရှိထားရလေသည်။ ယင်းရာဇဝင်ဟောင်း

mgyoe.com

mgyoe.com SAMPLE BOOK

များ၌ 'နတ်သမီးပုံပြင်ဆန်ဆန်' ရေးသားဖော်ပြလေ့ ရှိကြပေသော ပန်ထွာမင်းသမီး နှင့် သက်ဆိုင်သော တောင်တွင်းကြီးဒေသ တစ်ဝိုက်တွင်လည်း ရှေးဟောင်းမြို့ပြ တစ်နေရာနှင့် အရိုးအိုးများ၊ ဒင်္ဂါးဟောင်းများနှင့် သမိုင်းဝင် ပစ္စည်းဟောင်းများကို တွေ့ရှိရလေသည်။ မြန်မာရာဇဝင်ဟောင်းများ၌ တခမ်းတနား ရေးသားဖော်ပြလေ့ရှိကြသော မြင်းခြံခရိုင် ပုဂံပြည်နယ် ဒေသတစ်ဝိုက်တွင်ကား ဘာမျှ ပြောဆိုနေဖွယ်ရာ မရှိတော့ချေ။

ရခိုင်ပြည်မြောက်ပိုင်း လေးမြို့ချောင်း၊ မြေညီမြစ်ဝှမ်းဖြစ်သော စစ်တွေခရိုင် ဒေသတစ်ဝိုက်တွင်လည်း ရှေးဟောင်း ရခိုင်ပြည်သူပြည်သားများနှင့် သက်ဆိုင်သော မြို့ပြ နေရာဟောင်းများ၊ ဘုရားပုထိုးများနှင့် အဆောက်အအုံဟောင်းများ၊ အင်္ဂါးဟောင်းများ၊ ကျောက်စာများနှင့် အခြားသမိုင်းတင် ပစ္စည်းများကို တွေ့ရှိထားရလေသည်။ မွန်လူမျိုး များ၏ ဒေသဖြစ်သော အောက်မြန်မာနိုင်ငံဧရာဝတီမြစ်ဝကျွန်းပေါ် ဒေသကြီးနှင့် ပဲခူး၊ သထုံခရိုင်များ၊ တနင်္သာရီတိုင်းများတွင် များစွာ ထင်ရှား ကြီးကျယ်ခြင်း ရှိလှသော သမိုင်း ဝင် အထောက်အထား ပစ္စည်းများကို အများအပြား တွေ့ရှိထားလေသည်။ အထူးသဖြင့် မွန်လူမျိုးများ ကြီးပွား ကောင်းစားခဲ့ကြသော ပဲခူးခရိုင်ဒေသတစ်ဝိုက်တွင် ၎င်းတို့နှင့် သက်ဆိုင်သော ရှေးဟောင်းပစ္စည်းများကို တွေ့ရှိကြရလေသည်။ သုဝဏ္ဏဘုမ္မိတိုင်း တည်ရှိ ခဲ့သည်ဟု ဆိုသော သထုံခရိုင်အတွင်း၌ ၎င်းတို့နှင့် သက်ဆိုင်သော သမိုင်းဝင်ပစ္စည်းများကို တစ်စွန်းတစ်စ တွေ့ရှိထားရပြီ ဖြစ်သော်လည်း ဘာမျှ တိုးချဲ့ခြင်း မပြုနိုင်ကြသေးချေ။

### (၅) တိုင်းတစ်ပါးမှ ရှေးဟောင်း မြန်မာနိုင်ငံဆိုင်ရာ မှတ်တမ်းများ

ရှေးဟောင်း မြန်မာနိုင်ငံသမိုင်းနှင့် သက်ဆိုင်သော၊ သို့မဟုတ် ပတ်သက်သော အကြောင်းအရာများ၊ အဖြစ်အပျက်များနှင့် အခြေအနေများကို အကြောင်းအားလျော်စွာ ရေးသား ဖော်ပြထားကြသော တိုင်းတစ်ပါးမှ မှတ်တမ်းများ ရှိသင့်သလောက် ရှိလေသည်။ ထိုသို့ ရှိသင့်သလောက် ရှိသည့်အထဲမှ တွေ့ရှိတန်သရွေ့လည်း တွေ့ရှိထားကြပြီး ဖြစ်လေ သည်။ ယင်းသို့ တွေ့ရှိတန်သရွေ့ တွေ့ရှိထားကြသော မှတ်တမ်းများထဲတွင် တရုတ်၊ အိန္ဒိယ၊ အာရပ်နှင့် ဥရောပဘာသာ စာပေအားဖြင့် ရေးသား ဖော်ပြထားကြသော မှတ်တမ်း အများ အပြား ပါဝင်လျက် ရှိပေသည်။

ယင်းသို့ တွေ့ရှိထားရသော တိုင်းတစ်ပါးမှ ရှေးဟောင်း မြန်မာနိုင်ငံဆိုင်ရာ မှတ် တမ်းများထဲတွင် တရုတ်မှတ်တမ်းများသည် ရှေးလည်း အကျဆုံး၊ ခိုင်လည်း အခိုင်ခံ့ဆုံး ဖြစ်သည်ဟု ဆိုရလိမ့်မည် ထင်ပေသည်။ တရုတ်တို့၏ ရှေးဟောင်းမှတ်တမ်းများထဲတွင် ရှေးဟောင်းမြန်မာနိုင်ငံနှင့် ပတ်သက်၍ ခရစ်တော်မပေါ်မီ ကာလပိုင်းခြားလောက်က အခြေအနေများကိုပင် ဖော်ပြထားသော အကြောင်းအရာများ ပါရှိလေသည်။

ခရစ်တော် မပေါ်ထွန်းမီက တရုတ်ပြည်တွင် ဟန်မင်းဆက် ဘုရင်များ အုပ်ချုပ် လျက် ရှိရာ မြန်မာနိုင်ငံအကြောင်းကို ရှေးအကျဆုံးဖော်ပြ၍ မှတ်တမ်းတင်သူမှာ ခရစ်

mgyoe.com

mgyoe.com SAMPLE BOOK

တော် မပေါ်ထွန်းမီ သက္ကရာဇ် ၁၂၈ ခုနှစ်က အုပ်ချုပ်ခဲ့သော တရုတ်ဧကရာဇ် ဝူတီ၏ အမတ်ချုပ်ကြီး ချန်ချင်း ဆိုသူပင် ဖြစ်လေသည်။ ထိုအချိန်ကာလက တရုတ်ပြည် မြောက်ပိုင်းမှ 'လူရိုင်းများ' ကို ခုခံ တိုက်ခိုက်ရန်အတွက် ဧကရာဇ် ဝူတီသည် တရုတ်ပြည် အနောက်ဘက်ရှိ နိုင်ငံများအထိ မဟာမိတ်များကို ရှာဖွေရန် ၎င်း၏အမတ်ချုပ်ကြီး ချန်ချင်းကို စေလွှတ်ခဲ့ရာ ချန်ချင်းသည် မဟာမိတ်များကို ရှာဖွေခြင်း ပြုရုံမျှသာမက တရုတ်ပြည် အနောက်ဘက်ရှိ အိန္ဒိယအပါအဝင် နိုင်ငံအများအပြားနှင့် ကုန်သွယ်ရေးလမ်းကြောင်းများကိုပါ စူးစမ်းရှာဖွေခဲ့လေသည်။ ယင်းသို့ ၎င်း ခရီးသွားလာရင်း လမ်းခရီး၌ တွေ့လာမြင်လာ ကြားလာခဲ့သမျှတို့ကို မှတ်တမ်းတင် ဖော်ပြရာ၌ ချန်ချင်းသည် အထက်မြန်မာနိုင်ငံ၏ အကြောင်းနှင့် အခြေအနေများကိုပါ ရေးသား ဖော်ပြထားခဲ့လေသည်။ ခရစ်တော် မပေါ်ထွန်းမီနှင့် ပေါ်ထွန်းပြီးခါစ ရာစုနှစ်များအတွင်း တရုတ်ပြည်နှင့် အာရှတိုက် အနောက်ဘက်နိုင်ငံများ ကုန်သွယ်မှု ပြုရာ၌ အထက်မြန်မာနိုင်ငံသည် ခရီးထောက်စခန်း တစ်ခုလည်း ဖြစ်ခဲ့ပုံ ရလေသည်။

ရှေးဟောင်းမြန်မာနိုင်ငံ သမိုင်းနှင့် သက်ဆိုင်သော ပျူလူမျိုးများနှင့် ပျူပြည်နယ်များ အကြောင်းကို ရေးသားဖော်ပြထားသော တရုတ်မှတ်တမ်းများကိုလည်း တွေ့ရှိထားရလေသည်။ ယင်းသို့ ပျူလူမျိုးများနှင့် ၎င်းတို့၏ ပြည်နယ်များ၊ မြို့ပြများ အကြောင်းကို ရေးသားဖော်ပြခြင်း ပြုရာ၌ ၇ နှင့် ၉ ရာစုနှစ်များအကြားတွင် တရုတ်ကုန်းမြေ ယူနန်ဒေသ တစ်ဝိုက်တွင် ရှမ်းလူမျိုးများ တခမ်းတနား ထူထောင်ခြင်း ပြုခဲ့ကြသော နန်ချိုနိုင်ငံနှင့် ဆက်စပ်ဖော်ပြထားသည်ကို တွေ့ရှိရလေသည်။ ယင်းမှတ်တမ်းအဆိုအရ နန်ချို ရှမ်းဘုရင်များသည် အထက်မြန်မာနိုင်ငံတစ်လွှားရှိ ပျူမျိုးများနှင့် မြို့ပြပြည်နယ်များကိုပင် လွှမ်းမိုးကာ အိန္ဒိယကုန်းမြေ အာသံပြည်နယ်အထိ အုပ်ချုပ်ထားခဲ့ပုံ ရလေသည်။ အထက်မြန်မာနိုင်ငံ ဒေသသည် တရုတ်နှင့် အိန္ဒိယကုန်းမြေကြီး နှစ်ခုတို့၏ အကြားတွင် ပေါင်းကူးတံတားသဖွယ် ရှိနေခဲ့ပုံလည်း ရလေသည်။ ယင်း ပေါင်းကူးတံတား တစ်လျှောက်တွင် ရှိသော ယခု မိုးကောင်းမြို့ကို တရုတ်တို့က အန်ရှီ ဟူ၍ လည်းကောင်း၊ ဧရာဝတီမြစ်ကို လီရှူ ဟူ၍ လည်းကောင်း၊ ချင်းတွင်းမြစ်ကို မီနိုချန်း ဟူ၍လည်းကောင်း ခေါ်ဝေါ်ခြင်း ပြုခဲ့ကြလေသည်။

ယင်းမှတ်တမ်းတွင် အထက်မြန်မာနိုင်ငံ အခြေအနေနှင့် ပတ်သက်၍ ဖော်ပြခြင်း ပြုရာ၌ များစွာ စိတ်ဝင်စားဖွယ်ရာ ကောင်းလှသော အကြောင်းမှာ စီးပွားရေးလုပ်ငန်းပင် ဖြစ်လေသည်။ ထိုကာလက ဧရာဝတီမြစ်ဖျားဖြစ်သော မေခချောင်းတွင် ရွှေကျင်သည့် လုပ်ငန်း၊ ချင်းတွင်းမြစ်ဖျားတွင် ရှိသော ပယင်းလုပ်ငန်း၊ မိုးကောင်းနှင့် မြစ်ကြီးနား အကြားတွင် ရှိသော ဆားလုပ်ငန်း၊ ရှမ်းပြည်မြောက်ပိုင်း သိန္နီနယ်တစ်ဝိုက်တွင် ဆင်များနှင့် မြေယာ ထွန်ယက်သော လုပ်ငန်း စသည်တို့ကို ဖော်ပြထားလေသည်။

ထို သမိုင်းကာလလောက်က အထက်မြန်မာနိုင်ငံ တစ်လွှားတွင် မြို့ပြပြည်နယ်များ ထူထောင်ကာ နေထိုင်လျက် ရှိကြသော ပျူလူမျိုးများအကြောင်းနှင့် ပတ်သက်၍ ဖော်ပြထားပုံမှာလည်း သမိုင်းရှုထောင့်မှ ကြည့်မည် ဆိုလျှင် များစွာ အဖိုးထိုက်တန်လှပေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

၈ ရာစုလောက်တွင် မြန်မာနိုင်ငံ၌ ပျူလူမျိုးများ၏ကြီးကျယ် ခမ်းနားလှပေသော မြို့ကြီး ငါးမြို့နှင့် ပြည်နယ်ကလေးပေါင်း ၁၈ နယ်မျှ ရှိကြောင်း၊ ပျူလူမျိုးများ၏ အကြီးအကဲနှင့် အရှင်သခင်များတွင် များပြားလှသော အခြွေအရံများနှင့် ကျေးကျွန်သင်းပင်းများလည်း ရှိကြောင်း၊ သို့ရာတွင် ယင်း ပျူလူမျိုးများသည် နန်ချို ရှမ်းဘုရင်များ၏ လက်အောက်ခံလူမျိုး တစ်မျိုးမျှသာ ဖြစ်ကြောင်း၊ တစ်ကြိမ်က တရုတ်ပြည် ပီကင်းမြို့တော်ရှိ တရုတ်ဧကရာဇ် ဘုရင်မင်းမြတ်ထံတော်သို့ အဖူးအမြော် လာရောက်ကြသော နန်ချို သံအဖွဲ့ဝင်များနှင့်အတူ ပျူမင်းသား၊ သို့မဟုတ် အကြီးအကဲတစ်ဦးနှင့် ပျူကချေသည်အဖွဲ့ တစ်ဖွဲ့လည်း ပါရှိကြောင်း စသည်ဖြင့် ဖော်ပြထားလေသည်။ ယင်းတရုတ်မှတ်တမ်း၌ ပျူလူမျိုးများ၏ နိဂုံးချုပ်ကံကြမ္မာနှင့် ပတ်သက်၍ ရေးသားဖော်ပြထားပုံမှာ ကြေကွယ်ဖွယ်ရာကောင်းလှပေသည်။

၉ ရာစုလောက်တွင် နန်ချိုရှမ်းများက မြန်မာနိုင်ငံရှိ ပျူမြို့ကြီးများနှင့် ပြည်နယ်များကို တိုက်ခိုက်ဖျက်ဆီး၍ ပျူလူမျိုး အမြောက်အမြားကိုလည်း သုံ့ပန်း သို့မဟုတ် ကျေးကျွန်များ အဖြစ်ဖြင့် ဖမ်းဆီးခေါ်ဆောင်သွားသဖြင့် ပျူလူမျိုးများ၏ မြို့ပြပြည်နယ်များ ပျက်စီးသွားရသောကြောင့် ယင်းပျူလူမျိုးများ၏ သားမြေး အဆက်အနွယ်များအား ယူနန်ဖူဒေသတစ်ဝိုက်တွင် ငါးသား၊ ပုစွန်များ လိုက်လံ ဖမ်းဆီးရှာဖွေကာ စားသောက် နေထိုင်လျက် ရှိသည်ကို နောက်ဆုံး တွေ့ရှိရကြောင်းဖြင့် ရေးသား ဖော်ပြထားလေသည်။

ရှေးဟောင်း မြန်မာနိုင်ငံ၏ အကြောင်း မဟုတ်သော်လည်း မြန်မာနိုင်ငံကို ပထမဦးဆုံးအကြိမ် သိမ်းသွင်းစည်းရုံးခြင်း ပြုခဲ့ကြသော မြန်မာလူမျိုးများ၏ ရှေးဟောင်းအကြောင်းအရာနှင့် ပတ်သက်သော တရုတ်မှတ်တမ်းများကိုလည်း တွေ့ရှိထားရလေသည်။ ယင်းမှတ်တမ်းတွင် မြန်မာလူမျိုးများ မြန်မာနိုင်ငံအတွင်းသို့ဝင်ရောက်ခြင်း မပြုမီက အကြောင်းအရာနှင့် အခြေအနေများ ဖြစ်လေသည်။ တရုတ်နန်းတွင်း ရာဇဝင်ဆရာကြီး တစ်ဦးဖြစ်သူ ဖန်ချို၏ မှတ်တမ်း၌ မီယန် ခေါ် မြန်မာလူမျိုးများသည် ယူနန်နယ် နန်ချို ရှမ်းဘုရင်တို့၏ ပိုင်နက်တွင် လက်အောက်ခံလူမျိုး တစ်မျိုးအဖြစ်ဖြင့် နှစ်ကာလ အတန်ကြာမျှ နေထိုင်ခဲ့ကြရကြောင်း၊ နန်ချို ရှမ်းလူမျိုးများကဲ့သို့ ရေသွင်းစိုက်ပျိုးရေး လုပ်ငန်းနှင့် မြင်းမွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်သည်ကို တွေ့ရှိရကြောင်း၊ နန်ချိုရှမ်းဘုရင်များ၏ လက်နက်ကိုင်တပ်များတွင် ပါဝင် အမှုထမ်းကြရသည်ကိုလည်း တွေ့ရှိရကြောင်း၊ ယင်း မီယန်လူမျိုးများသည် ၎င်းတို့၏ အကြီးအကဲလုပ်သူများကို မင်း ဟူ၍ ခေါ်ဝေါ် သမုတ်ကြကြောင်း၊ ထိုမီယန်လူမျိုးများ၏ မင်းကိုပင် နန်ချိုရှမ်းများက စောမင်း ဟူ၍ ခေါ်ဝေါ်ခြင်း ပြုကြပြန်ကြောင်း စသည်ဖြင့် ရေးသား ဖော်ပြထားသည်ကို တွေ့ရှိရလေသည်။

ယင်းတရုတ်မှတ်တမ်းများတွင် ရှေးဟောင်း မြန်မာနိုင်ငံသမိုင်းနှင့် သက်ဆိုင်သော အကြောင်းအရာနှင့် အခြေအနေများကို ရေးသား ဖော်ပြထားသော တိုင်းတစ်ပါး

mgyoe.com

mgyoe.com SAMPLE BOOK

မှတ်တမ်းများထဲတွင် အိန္ဒိယနှင့် အာရပ်သင်္ဘောသားများ၏ မှတ်တမ်းများလည်း ရှိကြသေးသည်။ သို့ရာတွင် တရုတ်မှတ်တမ်းများလောက်ကား ကြွယ်ဝခြင်း မရှိလှချေ။

အိန္ဒိယကုန်းမြေ အရှေ့ဘက် ကမ်းရိုးတန်းသားများသည် ၃ ရာစု ပတ်ဝန်းကျင်လောက်ကပင် မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်း၊ ဧရာဝတီမြစ်ဝကျွန်းပေါ်နှင့် တနင်္သာရီကမ်းရိုးတန်း ဒေသများသို့ ကုန်ရောင်း ကုန်ဝယ် ပြုလုပ်ရန် သင်္ဘောများဖြင့် ဝင်ထွက်သွားလာလျက် ရှိခဲ့ကြလေသည်။ အချို့သော သူများသည်လည်း ရေကြည်ရာ မြက်နုရာ ဒေသများတွင် နယ်သစ် ပယ်သစ်ကလေးများ ထူထောင်ကာ ဝင်ရောက်နေထိုင်ခဲ့ကြပုံ ရလေသည်။ ယင်းအိန္ဒိယကျွန်းဆွယ်၏ အရှေ့ဘက် ကမ်းရိုးတန်းသားများ၏ ရှားပါးလှသော မှတ်တမ်းများတွင် ရခိုင်ကမ်းရိုးတန်းဒေသ တစ်ဝိုက်ရှိ မြို့ပြပြည်နယ်များအကြောင်း၊ ပုသိမ်နှင့် သန်လျင် ဆိပ်ကမ်းမြို့များအကြောင်း၊ မွန်လူမျိုးများ၏ ဥဿာပဲခူး ပြည်နယ်နှင့် သုဝဏ္ဏဘုမ္မိတိုင်း ပြည်နယ်များအကြောင်းကို မှတ်တမ်းတင် ထားခဲ့ကြလေသည်။ အိန္ဒိယနိုင်ငံ သမိုင်း၌လည်း ချိုလာ မင်းဆက် ဘုရင်တစ်ပါး ဖြစ်သော ရာချန်ဒရာ သည် မြန်မာနိုင်ငံ တောင်ပိုင်းပင်လယ်ကမ်းရိုးတန်း ဒေသများကို တိုက်ခိုက် သိမ်းပိုက်ခြင်း ပြုခဲ့ကြောင်းဖြင့် ရေးသား ဖော်ပြထားလေသည်။ ယင်းသို့ အိန္ဒိယနိုင်ငံသမိုင်း၌ ရေးသားဖော်ပြထားသော အကြောင်းအရာနှင့် အဖြစ်အပျက်တို့ကို အတည်ပြုထားသော မွန်ရာဇဝင်ဟောင်းများလည်း ရှိလေသည်။

အိန္ဒိယနိုင်ငံ အရှေ့ဘက် ကမ်းရိုးတန်းသားများကဲ့သို့ ၇ ရာစုနှင့် ၁၀ ရာစုများကာလအတွင်း အိန္ဒိယသမုဒ္ဒရာကြီး တစ်ခွင်တွင် ပြပြစ်ငအောင် ကူးသန်းသွားလာလျက်ရှိနေခဲ့သော အာရပ်သင်္ဘောများ၏ ခရီးသွားမှတ်တမ်းများ၌လည်း မြန်မာနိုင်ငံ တောင်ဘက်တစ်လွှားရှိ မွန်လူမျိုးများနှင့် ၎င်းတို့၏ခမ်းနားကြီးကျယ်လှသောပြည်နယ်များအကြောင်းကို ရေးသား ဖော်ပြထားကြလေသည်။

ယိုးဒယားနှင့် ဥရောပမှတ်တမ်းများတွင် ရှေးဟောင်း မြန်မာနိုင်ငံသမိုင်းနှင့် ပတ်သက်၍ ဖော်ပြခြင်း မပြုနိုင်ကြဘဲ မြန်မာနိုင်ငံအား နိုင်ငံရေးပထဝီဒေသ တစ်ခုအဖြစ်ဖြင့် သိမ်းသွင်းစည်းရုံးမိခဲ့ပြီ ဖြစ်သော ပုဂံခေတ်နှင့် ပုဂံမင်းဆက်များ၏ သမိုင်းကာလနှင့် နောက်ပိုင်း အကြောင်းအရာများကိုသာ ရေးသား ဖော်ပြခြင်း ပြုကြလေသည်။ မြန်မာနိုင်ငံတောင်ဘက် ကမ်းရိုးတန်းဒေသများနှင့် ၂ ရာစု ပတ်ဝန်းကျင်လောက်က လူရိုင်းများနေထိုင်လျက် ရှိကြသည့် အကြောင်းကို ရေးသားဖော်ပြခြင်း ပြုခဲ့သည် ဆိုသော ဥရောပပထဝီပညာရှင်ကြီး တစ်ဦးဖြစ်သူ တိုလေမီက လွဲ၍ မြန်မာနိုင်ငံအကြောင်း ရှေးအကျဆုံးဖော်ပြသည်ဆိုသော မာကိုပိုလိုသည်ပင် ပုဂံပြည်နယ်၏အကြောင်းလောက်ကိုသာ ယေဘုယျအနေဖြင့် ဖော်ပြနိုင်လေသည်။


mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ( ၃ )

# ရှေးဟောင်း မြန်မာနိုင်ငံ - ၂

(၁) မွန်လူမျိုးများနှင့် ၎င်းတို့၏ ပြည်နယ်များ

ရှေးဟောင်း မြန်မာနိုင်ငံသမိုင်းကို ချဉ်းကပ် လေ့လာမည် ဆိုလျှင် မြန်မာနိုင်ငံ တောင်ပိုင်း အရပ်ဒေသများကို ယဉ်ကျေးသိမ်မွေ့အောင် ဖန်တီးပြုစုလျက် မြန်မာနိုင်ငံ သမိုင်း၏ဖြစ်ပေါ်တိုးတက်မှုအတွက်ကြီးမားလေးနက်သောအခန်းကဏ္ဍမှပါဝင်ထမ်းဆောင် ခဲ့ကြသော မွန်လူမျိုးများနှင့် ၎င်းတို့၏ ပြည်နယ်များအကြောင်းမှ အစပြုရလိမ့်မည် ထင်ပေ သည်။ ၎င်းအပြင် မွန်လူမျိုးများသည် မြန်မာနိုင်ငံအတွင်းသို့ ရှေးအကျဆုံး ဝင်ရောက် နေထိုင်ခြင်း ပြုခဲ့ကြသော တိုင်းရင်းသား လူမျိုးများလည်း ဖြစ်လေသည်။

မွန်–ခမာအနွယ်ဝင် မွန်လူမျိုးများသည် ခရစ်တော် မပေါ်ထွန်းမီ သမိုင်းကာလများ ကတည်းက မဲခေါင်နှင့် မဲနန်မြစ်ကြောင်းများအတိုင်း အင်ဒိုချိုင်းနား ကျွန်းဆွယ်ဒေသသို့ ရောက်ရှိ နေထိုင်ခဲ့ကြသူများ ဖြစ်လေသည်။ အထူးသဖြင့် မဲနန်မြစ်ဝှမ်း မြေညီများ တစ်ဝိုက် တွင် အခြေချ နေထိုင်ခဲ့ကြဟန် ရှိသည်။ ယင်းဒေသများတွင် ရှေးဟောင်း မွန်လူမျိုးများနှင့် သက်ဆိုင်သော နေရာထိုင်ခင်းများ၊ မြို့ဟောင်း မြို့ပျက်များနှင့် ရှေးဟောင်းပစ္စည်းများကို တွေ့ရှိထားရလေသည်။ ရှေးဟောင်း မွန်ရာဇဝင်များနှင့် ပုံပြင်များ၌ မဲနန်မြစ်ဝှမ်း၏ မြောက် ပိုင်းဒေသများကို ယောနကတိုင်း ဟရိပုဥ္စ ပြည်နယ်ဟူ၍ လည်းကောင်း၊ တောင်ပိုင်းဒေသ များကို အယုဒ္ဓယတိုင်း ဒွါရာဝတီ ပြည်နယ် ဟူ၍လည်း ရည်ညွှန်းဖော်ပြလေ့ ရှိကြသည်။ ယင်း ဟရိပုဥ္စနှင့် ဒွါရာဝတီ မွန်ပြည်နယ်များသည် ၅ ရာစုလောက်က စတင် တည်ထောင်၍

mgyoe.com

mgyoe.com SAMPLE BOOK

၈ ရာစုနှင့် ၁၃ ရာစုခန့်များ အကြားတွင် ထင်ရှားကြီးကျယ်ခဲ့ပေသော ခမာလူမျိုးများ၏ ကမ္ဘောဇနိုင်ငံတော်ကြီး၏ ပဏ္ဏာဆက် ပြည်နယ်များ ဖြစ်နိုင်စရာ ရှိသည်။

ယင်းသို့ မဲနန်မြစ်ဝှမ်း မြေညီဒေသများတွင် နှစ်ကာလ အတန်ကြာမျှ နေထိုင်လျက် ရှိကြပြီးမှ မွန်လူမျိုးများသည် မြန်မာနိုင်ငံ တောင်ပိုင်းဒေသ ဖြစ်သော တနင်္သာရီ ကမ်းရိုးတန်းဘက်သို့ ပျံ့နှံ့ဝင်ရောက်လာကြလေသည်။ တနင်္သာရီကမ်းရိုးတန်း ဒေသများသို့ ဝင်ရောက်နေထိုင်ခြင်း မပြုမီကတည်းကပင် များစွာ ဖွံ့ဖြိုးတိုးတက်လျက် ရှိသော လူမျိုးကြီး တစ်မျိုး ဖြစ်သည့်အားလျော်စွာ ရာစုနှစ် အနည်းငယ်မျှအတွင်း ယင်း မွန်လူမျိုးများသည် တနင်္သာရီ ဒေသ၌သာ မဟုတ်တော့ဘဲ သထုံနှင့် ပဲခူးခရိုင်များမှတစ်ဆင့် မြန်မာနိုင်ငံတောင်ပိုင်းဒေသ တစ်ခုလုံးတွင် တိုးချဲ့နေထိုင်ခြင်း ပြုခဲ့ကြလေသည်။ တနင်္သာရီ ကမ်းရိုးတန်း ဒေသတစ်လျှောက်တွင် ရှိသော ထားဝယ်၊ ရေး၊ တနင်္သာရီ၊ ကျိုက္ခမီ၊ မော်လမြိုင်နှင့် မုတ္တမ စသော မြို့ပြများသည် ရှေးဟောင်း မွန်လူမျိုးများ ထူထောင်ခဲ့ကြသော မြို့ပြများ ဖြစ်လေသည်။ သထုံနှင့် ပဲခူးခရိုင်များ အတွင်း၌လည်း ရှေးဟောင်း မွန်လူမျိုးများ ပြုစုပျိုးထောင်ခဲ့ကြသော နေရာထိုင်ခင်းများ အများအပြား ရှိလေသည်။ ဧရာဝတီ မြစ်ဝကျွန်းပေါ် ဒေသတစ်ဝိုက်ရှိ ပုသိမ်၊ မြောင်းမြ၊ ဖျာပုံနှင့် ဟံသာဝတီ စသော ခရိုင်မြို့ကြီးများနှင့် သာပေါင်း၊ ကျုံပျော်၊ အိမ်မဲ၊ ပန်းတနော်၊ ဝါးခယ်မ၊ ဘိုကလေး၊ ဒေးဒရဲ၊ ကျိုက်လပ်၊ လပွတ္တာ၊ တွံတေး၊ သန်လျင်နှင့် ကျောက်တန်း အစရှိသော မြို့ကလေးများသည် ရှေးဟောင်း မွန်လူမျိုးများ စတင်တည်ထောင်ခဲ့ကြသော လူတို့၏ နေရာထိုင်ခင်းများ ဖြစ်ကြလေသည်။ ပြည်ထောင်စု မြန်မာနိုင်ငံတော် ခေတ်တွင် မြို့တော် ဖြစ်ပေသော ရန်ကုန်မြို့ကိုလည်း ယင်း ရှေးဟောင်း မွန်လူမျိုးတို့ကပင် စတင်ထူထောင်ခဲ့ကြလျက် ကြည့်မြင်တိုင်၊ ကမာရွတ်၊ တာမွေနှင့် မင်္ဂလာဒုံ အစရှိ အခေါ်အဝေါ်များမှာ မွန်တို့၏ ဝေါဟာရ အခေါ်အဝေါ်များသာ ဖြစ်လေသည်။

ယင်းသို့ ရာစုနှစ် အနည်းငယ်မျှအတွင်း မြန်မာနိုင်ငံ တောင်ဘက်အရပ်ဒေသများ တစ်ဝိုက်သို့ ပျံ့နှံ့နေထိုင်ခြင်း ပြုခဲ့ကြသော မွန်လူမျိုးများသည် အတော်အသင့် တိုးတက်နေပြီ ဖြစ်သော စိုက်ပျိုးရေးလုပ်ငန်း၊ လက်မှုလုပ်ငန်းနှင့် ကုန်သွယ်ရေးလုပ်ငန်းများကို လုပ်ကိုင်လျက် ရှိကြပြီ ဖြစ်လေသည်။ ယင်းသို့သော ကုန်ထုတ်လုပ်ငန်းများနှင့် ကုန်သွယ်ရေး လုပ်ငန်းများကို အခြေခံလျက် မွန်လူမျိုးများသည် မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် အတော်အတန် ဖွံ့ဖြိုးသော ပြည်နယ်ကလေးများကို ထူထောင်နိုင်ခဲ့ကြဟန် တူလေသည်။ ရှေးဟောင်း မွန်လူမျိုးများ ထူထောင်ခဲ့ကြသော ပြည်နယ်များ အများအပြား ရှိကြလိမ့်မည်ဖြစ်ရာ ယင်းပြည်နယ်များအနက် သထုံခရိုင်အတွင်း၌ ဖြစ်နိုင်စရာ ရှိသော သုဝဏ္ဏဘုမ္မိတိုင်းနှင့် ပဲခူးခရိုင်အတွင်း ဖြစ်သော ဥဿာပဲခူးတို့သည် များစွာ ကြီးကျယ်ထင်ရှားလှသော ပြည်နယ်ကြီးများပင် ဖြစ်ကြလေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

သုဝဏ္ဏဘုမ္မိတိုင်းနှင့် ဥဿာပဲခူး ပြည်နယ်များသည် လည်းကောင်း၊ ဒဂုန်၊ ဒလ၊ သန်လျင်နှင့် ပုသိမ် အစရှိသော မြို့ပြများသည် လည်းကောင်း ပင်လယ်ဆိပ်ကမ်း အရပ်ဒေသများ ဖြစ်လေရာ ၃ ရာစုနှင့် ၁၀ ရာစုများအကြား အိန္ဒိယ သမုဒ္ဒရာတွင် ရွက်သင်္ဘောများနှင့် ကုန်ရောင်း ကုန်ဝယ်ပြုရန် လှည့်ပတ်သွားလာလျက် ရှိနေခဲ့ကြသော အာရပ်များနှင့် လည်းကောင်း၊ အိန္ဒိယနိုင်ငံသားများနှင့် လည်းကောင်း မွန်လူမျိုးများသည် စီးပွားရေး၊ စစ်ရေးနှင့် ယဉ်ကျေးမှုများအရ အဆက်အဆံများ ရှိခဲ့ကြလေသည်။ တိုင်းတစ်ပါးသားများနှင့် စီးပွားရေး အဆက်အဆံများကြောင့် မွန်လူမျိုးများ၏ စီးပွားရေးအခြေအနေသည် အတော်အတန် ဖွံ့ဖြိုးခဲ့လိမ့်မည်ဟု ထင်မှတ်ဖွယ်ရာ ရှိလေသည်။ ယဉ်ကျေးမှု ဆက်ဆံရေးများကို အကြောင်းပြု၍ မွန်လူမျိုးများသည် မြန်မာနိုင်ငံသို့ ထေရဝါဒ ဗုဒ္ဓဘာသာနှင့် အခြား အင်ဒိုအာရိယန် ယဉ်ကျေးမှုများကို ဆောင်ယူခြင်း ပြုနိုင်ခဲ့ကြလေသည်။ စစ်ရေး ဆက်ဆံမှုဆိုရာ၌ နယ်သစ် ပယ်သစ်များကို တိုးချဲ့ ထူထောင်ရန် အားထုတ်ခြင်း ပြုခဲ့ကြဟန် ရှိသော အိန္ဒိယရှေးဟောင်း ကိုလိုနီဝါဒသမားများနှင့် စစ်မက် ဖြစ်ပွားခဲ့ရခြင်းများကို ဆိုလိုရင်း ဖြစ်လေသည်။ မွန်လူမျိုးများ၏ ရှေးဟောင်းရာဇဝင်များနှင့် ပုံပြင်များတွင် ယင်းသို့ ရှိနေခဲ့ဖူးသော စီးပွားရေး၊ ယဉ်ကျေးမှုနှင့် စစ်ရေး ဆက်ဆံမှုများ အကြောင်းကို ကြိမ်ဖန်များစွာ ဖော်ပြထားကြလေ့ ရှိသည်။

အတော်အတန် ဖွံ့ဖြိုးကြွယ်ဝခြင်း ရှိသော ကုန်ထုတ်လုပ်ငန်း၊ ကုန်သွယ်ရေး လုပ်ငန်းများဖြင့် မြန်မာနိုင်ငံ တောင်ဘက် ဒေသများတွင် ရာစုနှစ် အတန်ကြာမျှ နေထိုင်ခြင်း ပြုကာ ပြည်နယ်များကိုပင် ထူထောင်ခြင်း ပြုခဲ့ကြသော်လည်း မွန်လူမျိုးများနှင့် ၎င်းတို့၏ အကြီးအကဲများ၊ ခေါင်းဆောင်များသည် စည်းလုံးညီညွတ်သော၊ အင်အားတောင့်တင်း ခိုင်မာသော မွန်နိုင်ငံကြီး တစ်နိုင်ငံကိုကား စည်းရုံးသိမ်းသွင်းခြင်း မပြုနိုင်ခဲ့ကြချေ။

## (၂) ပျူလူမျိုးများနှင့် ၎င်းတို့၏ ပြည်နယ်များ

ပျူလူမျိုးများသည် ယခုအခါတွင် ပျောက်ကွယ်တိမ်ကောသွားပြီ ဖြစ်သော်လည်း ရှေးဟောင်း မြန်မာနိုင်ငံသမိုင်းကို စနစ်တကျ လေ့လာမည် ဆိုလျှင် ၎င်းတို့အား မည်သည့်နည်းနှင့်မျှ ချန်လှပ်ထား၍ မဖြစ်နိုင်ချေ။ ပျူလူမျိုးများသည် ရှေးဟောင်းမြန်မာနိုင်ငံသမိုင်းကာလက များစွာ အရေးပါခဲ့သော တိုင်းရင်းသား လူမျိုးကြီး တစ်မျိုး ဖြစ်လေသည်။

တိဗက်–ဗမာ အနွယ်ဝင် ပျူလူမျိုးများသည် မွန်လူမျိုးများနှင့် မရှေးမနှောင်းပင် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်ကာ ပျံ့နှံ့နေထိုင်ခဲ့ကြသော ရှေးဟောင်း မြန်မာနိုင်ငံ တိုင်းရင်းသား လူမျိုးများ ဖြစ်ကြလေသည်။ သို့ရာတွင် ပျူလူမျိုးများသည် အိန္ဒိယနိုင်ငံ အာသံနှင့် အရှေ့မြောက် အရပ်ဒေသများမှ မြန်မာနိုင်ငံအတွင်းသို့ အစုစုကွဲ၍ ဝင်ရောက်ခဲ့ကြဟန် တူလေသည်။ ၎င်းတို့သည် ကဘော်မြေပြန့်နှင့် တောင်ကြား အရပ်ဒေသများမှ

mgyoe.com

mgyoe.com SAMPLE BOOK

ချင်းတွင်းမြစ်ဝှမ်းသို့လည်းကောင်း၊ ထို့နောက် ဧရာဝတီ အထက်ပိုင်း မြေညီမြစ်ဝှမ်းများသို့ လည်းကောင်း ရှေးဦးစွာ ဝင်ရောက် နေထိုင်ခဲ့ကြလေသည်။ ယခုခေတ် မုံရွာနှင့် ရွှေဘိုခရိုင် အရပ်များ၊ ကသာခရိုင် တောင်ဘက်ဒေသများသည် ပျူလူမျိုးများ၏ ရှေးဟောင်းအခြေချ နေထိုင်ခြင်းပြုရာ နေရာထိုင်ခင်းဟောင်းများ ဖြစ်နိုင်စရာ ရှိပေသည်။ ထိုအရပ်ဒေသများ ကမှ တစ်ဆင့် ပခုက္ကူ၊ မင်းဘူးနှင့် ပြည်၊ မြင်းခြံ၊ မိတ္ထီလာ၊ မကွေးနှင့် ရမည်းသင်းနယ်များ အထိ တိုးချဲ့ပျံ့နှံ့ကာ နေထိုင်ခဲ့ကြခြင်း ဖြစ်သည်ဟု ယုံကြည်ရလေသည်။

ယင်း ပျူလူမျိုးများသည် အိန္ဒိယနိုင်ငံဘက်တွင် နေထိုင်ခဲ့ရစဉ်ကတည်းကပင် စီးပွားရေးနှင့် ယဉ်ကျေးမှုများအရ အတော်အတန် တိုးတက်ဖွံ့ဖြိုးလျက် ရှိနေပြီ ဖြစ်သော လူမျိုးတစ်မျိုး ဖြစ်နိုင်လေသည်။ မြန်မာနိုင်ငံအတွင်းသို့ ရောက်ရှိမလာကြမီကပင် စိုက်ပျိုးရေး၊ ကုန်သွယ်ရေးလုပ်ငန်းကြီးများကို တတ်ကျွမ်းလုပ်ကိုင်လျက် အင်ဒိုအာရိယန် ယဉ်ကျေးမှုကို ဆက်ခံထားသော လူမျိုးတစ်မျိုး ဖြစ်နိုင်စရာလည်း ရှိလေသည်။

မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာကြပြီးနောက် ရာစုနှစ် အနည်းငယ်မျှအတွင်း ပျူလူမျိုးများသည် ရေကြည်ရာ မြက်နုရာ အရပ်ဒေသများတွင် မြို့ပြ ပြည်နယ်ကလေးများကို ထူထောင်ခြင်း ပြုနိုင်ခဲ့ကြလေသည်။ မိမိတို့က လွဲလျှင် အခြား မည်သည့် လူမျိုးကိုမဆို အရိုင်းအစိုင်းများ ဟူ၍ သဘောထား ရည်ညွှန်းလေ့ ရှိတတ်သော တရုတ်များ၏ သမိုင်းဝင် မှတ်တမ်းများ၌မှာပင် ၄ ရာစုလောက်က မြန်မာနိုင်ငံ၌ နေထိုင်လျက် ရှိကြသော ပျူလူမျိုးများကား များစွာ တိုးတက် ယဉ်ကျေးမှု ရှိသော တောင်ပိုင်းလူမျိုး တစ်မျိုးအနေနှင့် ရေးသား ဖော်ပြခြင်း ပြုခဲ့ကြလေသည်။ ယင်း ပျူလူမျိုးများ၏ အကြီးအကဲ သို့မဟုတ် အရှင်သခင်များတွင် အခိုင်းအစေ၊ အခြွေအရံနှင့် ကျေးကျွန်ပေါင်း မြောက်မြားစွာ ရှိသည့် အကြောင်းကိုလည်း တရုတ်မှတ်တမ်းများ၌ ဖော်ပြခြင်း ပြုခဲ့ကြလေသည်။

ပျူလူမျိုးများသည် ၎င်းတို့၏ မြို့ပြ ပြည်နယ်များကို မြန်မာနိုင်ငံ မြေညီမြစ်ဝှမ်း အရပ်ဒေသများ၌ စည်းရုံး ထူထောင်ခဲ့ကြသည့် အကြောင်းကို မြန်မာရာဇဝင်ဟောင်းများနှင့် တရုတ်မှတ်တမ်းများ၌ ရေးသား ဖော်ပြထားကြလေသည်။ တရုတ်မှတ်တမ်းများအရ မြို့ကြီး ငါးမြို့နှင့် ပြည်နယ်ကလေးပေါင်း ၁၈ နယ်မျှပင် ရှိသည်ဟု ဆိုလျက် မြန်မာ ရာဇဝင်ဟောင်းများအရ ဟလင်း၊ သရေခေတ္တရာနှင့် ပန်ထွာမြို့များ ရှိခဲ့ကြသည်ဟု ဆိုလေသည်။ သို့ရာတွင် ပြည်ခရိုင်အတွင်းရှိ မှော်ဇာ၊ မကွေးခရိုင်အတွင်းရှိ တောင်တွင်းကြီးနှင့် ရွှေဘိုခရိုင်အတွင်းရှိ ဟလင်းကြီး အရပ်ဒေသတို့၌ ရှေးဟောင်းသမိုင်းဆိုင်ရာ ပစ္စည်းများ အဖြစ်ဖြင့် တွေ့ရှိထားရသော မြို့ပြနေရာထိုင်ခင်းဟောင်းများနှင့် အံကိုက်အောင် ဆက်စပ်၍ မရသေးချေ။

အထက် မြန်မာနိုင်ငံတစ်လွှား၌ နေထိုင်လျက် ရှိကြသော ပျူလူမျိုးများနှင့် ၎င်းတို့၏ ပြည်နယ်များသည် တရုတ်မှတ်တမ်းများအရ နန်ချိုရှမ်းများ၏ လက်အောက်ခံများဟု

mgyoe.com

mgyoe.com SAMPLE BOOK

သိရှိရသော်လည်း အောက်မြန်မာနိုင်ငံ တစ်လွှားတွင် တည်ရှိကြသော ပျူလူမျိုးများ၏ မြို့ပြပြည်နယ်များ အကြောင်းကိုကား ခိုင်ခိုင်ခံ့ခံ့ ဘာမျှ မသိရှိကြရသေးချေ။ မည်ကဲ့သို့ပင် ဖြစ်စေ ရှေးဟောင်းမြန်မာနိုင်ငံခေတ်က ပျူလူမျိုးများနှင့် ၎င်းတို့၏ အကြီးအကဲများသည် အစုစုကွဲနေသော ၎င်းတို့၏ လူမျိုးစုများနှင့် မြို့ပြပြည်နယ်များကို စည်းလုံး ညီညွတ်သော၊ ခိုင်မာတောင့်တင်းသော၊ တစ်ခုတည်းသော ပြည်နယ်ကြီး အဖြစ်ဖြင့် သိမ်းသွင်း စည်းရုံးခြင်း မပြုနိုင်ခဲ့သည်ကား ထင်ရှားလျက် ရှိလေသည်။

(၃) ရခိုင်ပြည်နယ်များ

တိဗက်-ဗမာ အနွယ်ဝင်များ ဖြစ်ကြသော ပျူတို့နှင့် အနွယ်တူ လူမျိုးများသည်လည်း ရခိုင်ကမ်းရိုးတန်း ဒေသများသို့ ပျူလူမျိုးများ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ခဲ့ကြသော အချိန်ပိုင်းလောက်ကပင် ဝင်ရောက်နေထိုင်ခဲ့ကြဟန် ရှိလေသည်။ ယင်း ရခိုင် ရှေးဟောင်းလူမျိုးများတွင်လည်း ပျူလူမျိုးများကဲ့သို့ သင့်တင့်သော ကုန်ထုတ်လုပ်ငန်းများနှင့် ကုန်သွယ်ရေးလုပ်ငန်းများ ရှိကြလေသည်။ ထိုလူမျိုးများသည် ၎င်းတို့၏ ကုန်ထုတ်လုပ်ငန်းများနှင့် ကုန်သွယ်ရေးလုပ်ငန်းများပေါ်တွင် အခြေခံကာ ရခိုင်ကမ်းရိုးတန်း မြောက်ပိုင်းဖြစ်သော ယခုခေတ် စစ်တွေခရိုင်ပတ်ဝန်းကျင်ဒေသများ တစ်ပိုက်တွင် ၃ ရာစုအတွင်းလောက်ကတည်းကပင် မြို့ပြပြည်နယ်ကလေးများကို ထူထောင်နေထိုင်လျက် ရှိခဲ့ကြသည်ဟု ယုံကြည်ရလေသည်။ အလားတူပင် ရခိုင်ကမ်းရိုးတန်း တောင်ပိုင်းဖြစ်သော သံတွဲခရိုင် ဒေသတစ်ပိုက်တွင်လည်း သင့်တင့်လျောက်ပတ်သော လူ့အဖွဲ့အစည်းများကို ထူထောင်နေထိုင်လျက် ရှိကြလိမ့်မည်ဟု ခန့်မှန်းရလေသည်။ ရခိုင် ရာဇဝင်ဟောင်းများ၌ ရေးသားဖော်ပြလေ့ရှိကြသော ဓညဝတီ၊ ဝေသာလီနှင့် ပဉ္စာ အစရှိသော ပြည်နယ်များသည် ယင်းကာလက ရခိုင်ပြည်နယ်များနှင့် လူ့အဖွဲ့အစည်းများကို ရည်ညွှန်း ဆိုလိုကြဟန် ရှိလေသည်။

ရခိုင်ရိုးမ တောင်တန်းကြီးများသည် မြန်မာနိုင်ငံ မြေညီမြစ်ဝှမ်း အရပ်ဒေသများနှင့် ရခိုင်ကမ်းရိုးတန်းဒေသတို့၏ အကြားတွင် မြင့်မားခက်ခဲလှသော တံတိုင်းကြီးကဲ့သို့ ရှိနေခြင်းကြောင့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ခြင်း မရှိလှသေးသော ရှေးဟောင်း မြန်မာနိုင်ငံ သမိုင်းကာလက ဒေသတစ်ခုနှင့် တစ်ခု အကူးအသန်း၊ အဆက်အဆံများ နည်းပါးခဲ့ဟန် ရှိလေသည်။ ထို့ကြောင့် ရခိုင်ကမ်းရိုးတန်း တစ်လျှောက်တွင် ရှိသော မြို့ပြပြည်နယ်များနှင့် လူ့အဖွဲ့အစည်းများသည် ၎င်းတို့နှင့် ကူးသန်းဆက်ဆံမှုတွင် ပိုမိုလွယ်ကူသော အိန္ဒိယနိုင်ငံနှင့် ပိုမို၍ အဆက်အဆံ များပြားခဲ့လေသည်။ ယင်းသို့ အဆက်အဆံများပြားခြင်းကို ရခိုင်ပြည်နယ်နှင့် လူ့အဖွဲ့အစည်းများ၏ ယဉ်ကျေးမှုဘဝတွင် ထင်ထင်ရှားရှား တွေ့မြင်နိုင်လေသည်။ အိန္ဒိယနိုင်ငံအား ဗြာဟ္မဏ၊ ဗုဒ္ဓနှင့် အစ္စလာမ် အယူဝါဒများ လွှမ်းမိုးခဲ့စဉ် သမိုင်းကာလများက ယင်းနှင့် ခေတ်ပြိုင်ဖြစ်သော ရခိုင်ပြည်နယ်နှင့် လူ့အဖွဲ့အစည်းများတွင် အလားတူ လွှမ်းမိုးမှုများကို တွေ့ရှိရလေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

မည်ကဲ့သို့ပင် ဖြစ်စေကာမူ ရခိုင်ကမ်းရိုးတန်းမှ အကြီးအကဲနှင့် ခေါင်းဆောင်များသည် အကွဲကွဲ ဖြစ်နေကြသော ၎င်းတို့၏ မြို့ပြပြည်နယ်ကလေးများနှင့် လူ့အဖွဲ့အစည်းများကို စည်းလုံးညီညွတ်သော၊ ခိုင်မာတောင့်တင်းသော၊ တစ်ခုတည်းသော ပြည်နယ်ကြီး အဖြစ်ဖြင့် သိမ်းသွင်းစည်းလုံးခြင်း မပြုနိုင်ခဲ့ရှာကြချေ။ ရခိုင်ကမ်းရိုးတန်း တောင်ပိုင်းတွင် ရှိသော သံတွဲသည် ၁၃ ရာစုခန့်အထိ သီးခြား ကင်းလွတ်သော ဒေသအဖြစ်ဖြင့် တည်ရှိခဲ့လေသည်။

## (၄) ရှမ်းလူမျိုးများနှင့် ၎င်းတို့၏ ပြည်နယ်များ

ရှမ်းလူမျိုးများသည် တရုတ်ကုန်းမြေ ယူနန်နယ်ဒေသမှ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက် နေထိုင်ကြသူများ ဖြစ်လေသည်။ ယင်းသို့ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်နေထိုင်ခြင်း မပြုမီကပင် ၎င်းလူမျိုးများသည် များစွာ တိုးတက်ဖွံ့ဖြိုးလျက် ရှိနေပြီ ဖြစ်သော လူမျိုးကြီးတစ်မျိုး ဖြစ်လေသည်။ တရုတ်ကုန်းမြေ ယူနန်နယ်နှင့် အနီးအနား ဒေသများကိုပင် စုစည်းသိမ်းသွင်းကာ များစွာ အင်အား ကြီးမားလှသော နန်ချို နိုင်ငံတော်ကြီးကို ထူထောင်လျက် တန်ခိုးကြီးမားသော တရုတ် ဧကရာဇ်များကို လည်းကောင်း၊ တိဗက်ပြည်ကို လည်းကောင်း၊ အင်ဒိုချိုင်းနားကို လည်းကောင်း တိုက်ခိုက်ခြင်း ပြုခဲ့ကြသော လူမျိုးများလည်း ဖြစ်ကြလေသည်။

မြန်မာနိုင်ငံအတွင်းသို့ ယူနန်နယ်တစ်ဝိုက်မှ တစ်စထက်တစ်စ တိုးဝင်နေထိုင်ခြင်း ပြုခဲ့ကြသော ရှေးဟောင်း ရှမ်းလူမျိုးများသည် ရှမ်းကုန်းပြင်မြင့်ဒေသမှ ဧရာဝတီ၊ ချင်းတွင်းမြစ်ညာ မြစ်ဝှမ်းဒေသများနှင့် ဟူးကောင်းတောင်ကြား မြေပြန့်လေးများအထိ ပျံ့နှံ့နေထိုင်ခြင်း ပြုခဲ့ကြလေသည်။ အချို့သော သမိုင်းပညာရှင်များက ယခုခေတ် ကသာ ခရိုင်ဒေသ တစ်ဝိုက်၌မှာပင် ရှေးဟောင်း ရှမ်းလူမျိုးများ ကြီးစိုးနေထိုင်ခဲ့ကြဖွယ်ရာ ရှိသည်ဟု တွက်ဆ ခန့်မှန်းခြင်း ပြုကြလေသည်။

ရှမ်းလူမျိုးများ၌ အတော်အသင့် တိုးတက်ဖွံ့ဖြိုးသော စိုက်ပျိုးရေးဆိုင်ရာ ကုန်ထုတ်လုပ်ငန်းများနှင့် ကုန်သွယ်မှုလုပ်ငန်းများ ရှိကြလေသည်။ ၎င်းတို့သည် ထိုကုန်ထုတ်လုပ်ငန်းများပေါ်တွင် အခြေခံကာ များစွာ တိုးတက် ဖွံ့ဖြိုးသော လူ့အဖွဲ့အစည်းများနှင့် ပြည်နယ်ကလေးများကို ထူထောင်ခြင်း ပြုနိုင်ခဲ့ကြဟန် ရှိလေသည်။ မြန်မာရာဇဝင်ဟောင်းများနှင့် ရှမ်းရာဇဝင်ဟောင်းများ၌ ရေးသား ဖော်ပြလေ့ ရှိကြသော ကလေး၊ မိုးကောင်း၊ မိုးညှင်း၊ ဗန်းမော်၊ ပုံနှင့် သိန္နီ အစရှိသော ပြည်နယ်များသည် ရှေးဟောင်း ရှမ်းလူမျိုးများ ထူထောင်ခဲ့ကြသော ၎င်းတို့၏ ပြည်နယ်များပင် ဖြစ်ကြလေသည်။

ယင်းရှမ်းလူမျိုးများသည် နန်ချိုနိုင်ငံမှတစ်ဆင့် တရုတ်ပြည်နှင့် လည်းကောင်း၊ မြန်မာနိုင်ငံ ဟူးကောင်းတောင်ကြားမှတစ်ဆင့် အိန္ဒိယနိုင်ငံ အာသံပြည်နယ်နှင့် လည်းကောင်း၊

mgyoe.com

mgyoe.com SAMPLE BOOK
နိုင်ငံရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှု အဆက်အဆံများ ရှိခဲ့ကြလေသည်။ ယင်းကို ၎င်းတို့၏ ယဉ်ကျေးမှုဘဝများ၌ အများဆုံး တွေ့ရှိနိုင်လေသည်။

ရှေးဟောင်းမြန်မာနိုင်ငံ သမိုင်းကာလက မြန်မာနိုင်ငံအတွင်း၌ နေထိုင်ခဲ့ကြသော ရှမ်းလူမျိုးများနှင့် ၎င်းတို့ ထူထောင်ခဲ့ကြသော ပြည်နယ်များအား ရှမ်းလူမျိုး အကြီးအကဲနှင့် ခေါင်းဆောင်များသည် စည်းလုံးညီညွတ်သော၊ တောင့်တင်းခိုင်မာသော၊ တစ်ခုတည်းသော ရှမ်းပြည်ကြီးအဖြစ်ဖြင့် သိမ်းသွင်း စည်းရုံးခြင်း မပြုနိုင်ခဲ့ကြချေ။ ထိုသို့ မပြုလုပ်နိုင်ခြင်းအတွက်အကြောင်းအမျိုးမျိုးရှိပေလိမ့်မည်။သို့ရာတွင်အကြောင်းတစ်ကြောင်းမှာ ရှေးဟောင်း မြန်မာနိုင်ငံ ရှမ်းလူမျိုးများနှင့် ၎င်းတို့၏ ပြည်နယ်အကြီးအကဲများသည် ၎င်းတို့၏ ကိုယ်ကို နန်းချီ ရှမ်းနိုင်ငံကြီး၏ အစိတ်အပိုင်းများ အဖြစ်ဖြင့် သဘောထား နေထိုင်လျက် ရှိကြသောကြောင့်လည်း ဖြစ်နိုင်စရာ ရှိလေသည်။

(၅) ကရင်နှင့် ပအိုဝ်းတောင်သူ လူမျိုးများ

ရှေးဟောင်းမြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးများထဲတွင် ကရင်နှင့် ပအိုဝ်းတောင်သူများကိုလည်း ထည့်သွင်းခြင်း ပြုရပေမည်။ ယင်းလူမျိုး နှစ်မျိုးတို့သည် ဘာသာဝေါဟာရအခြေခံအားဖြင့် လူမျိုးတစ်မျိုးတည်းလည်း ဖြစ်ကြလေသည်။

ရှေးဟောင်း မြန်မာနိုင်ငံအတွင်းသို့ မောင်းဂွတ်အနွယ်ဝင် လူမျိုးအသီးသီးတို့ ဝင်ရောက်လာကြသည့်အထဲတွင် ကရင်နှင့် ပအိုဝ်လူမျိုးများသည် ရှမ်းနှင့် မြန်မာလူမျိုးများထက် ရှေးကျ၍ ဝင်ရောက်နေထိုင်ခြင်း ပြုခဲ့ကြသည် ဟူ၍ သမိုင်းပညာရှင်များက ယုံကြည်ကြလေသည်။ သို့ရာတွင် မွန်လူမျိုးများထက် နောက်ကျသည်ဟု ယူဆကြသည်။ ၎င်းတို့သည် တရုတ်ကုန်းမြေဘက်မှ သံလွင်မြစ်ကြောင်းအတိုင်း တောင်ဘက် အရပ်ဒေသများသို့ တဖြည်းဖြည်း ပြောင်းရွှေ့လာကြရင်း ၆ ရာစုလောက်က ရှမ်းကုန်းပြင်မြင့် တောင်ပိုင်းဖြစ်သော ယခုခေတ် ကရင်နီတောင်တန်းဒေသများ တစ်ဝိုက်တွင် အခြေချ နေထိုင်ခြင်း ပြုကြလေသည်။ ထိုကမှတစ်ဖန် မြန်မာနိုင်ငံအတွင်းသို့ အစုစုကွဲ၍ ပျံ့နှံ့ဝင်ရောက်ခြင်း ပြုခဲ့ကြပုံ ရလေသည်။

ယင်းတိုင်းရင်းသား လူမျိုးများသည် ၎င်းတို့၏ မျိုးစုနွယ်စုများအလိုက် ရှေးဟောင်းစိုက်ပျိုးရေးကို အခြေခံကာ သင့်တင့်လျောက်ပတ်သော လူ့အဖွဲ့အစည်းကလေးများကို ထူထောင်ကာ အေးအေးချမ်းချမ်း နေထိုင်ခြင်း ပြုခဲ့ကြဟန် ရှိလေသည်။ ၎င်းတို့သည် မြန်မာနိုင်ငံ မြေညီမြစ်ဝှမ်း အရပ်ဒေသများကို သူ့ထက်ငါ လုယက်တိုက်ခိုက်လျက် ရှိနေခဲ့ကြသော ပျူ၊ မွန်နှင့် မြန်မာလူမျိုးများကြောင့် တောတောင်များအတွင်း ရှေးဟောင်း စိုက်ပျိုးရေး ကုန်ထုတ်လုပ်ငန်းဖြင့် နေထိုင်ခြင်း ပြုခဲ့ကြပုံလည်း ရလေသည်။ ရှေးဟောင်း မြန်မာနိုင်ငံ သမိုင်းကာလက ကရင်လူမျိုးများသည် ကရင်နီတောင်တန်းဒေသ၊ သံလွင်ခရိုင်နှင့်
mgyoe.com

mgyoe.com SAMPLE BOOK
ပဲခူးရိုးမတောင်တန်းများ တစ်ပိုက်တွင် နေထိုင်ကာ ပအိုဝ်းတောင်သူ လူမျိုးများသည် ရှမ်းပြည်တောင်ပိုင်းနှင့် သထုံခရိုင်အတွင်း၌ နေထိုင်ခဲ့ကြဟန် ရှိလေသည်။

(၆) မြန်မာလူမျိုးများနှင့် ပုဂံပြည်နယ်

ပြီးခဲ့သော အခန်းတွင် ဖော်ပြထားခဲ့သည့်အတိုင်း မြန်မာလူမျိုးများသည် ၇ ရာစု ခန့်လောက်ကမှ တရုတ်ကုန်းမြေ ယူနန်နယ်မှ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်နေထိုင် ခြင်း ပြုကြသော ရှေးဟောင်း မြန်မာနိုင်ငံဆိုင်ရာ တိုင်းရင်းသားလူမျိုးများ ဖြစ်ကြလေ သည်။ ယင်းမြန်မာလူမျိုးများသည် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်နေထိုင်ခြင်း မပြုမီ ယူနန်နယ် နန်ချိုရှမ်းများ လက်အောက်တွင် လက်အောက်ခံလူမျိုးများ အဖြစ်ဖြင့် နေထိုင် ခဲ့ရစဉ် ကတည်းကပင် များစွာ တိုးတက်ဖွံ့ဖြိုးသော လူမျိုးတစ်မျိုး ဖြစ်နိုင်စရာ ရှိလေ သည်။ ရေသွင်းစိုက်ပျိုးရေးဆိုင်ရာ ကုန်ထုတ်လုပ်ငန်း၊ ကုန်သွယ်ရေးလုပ်ငန်းနှင့် စစ်မက် ရေး အင်အားများဖြင့် မိမိတို့ သက်ဆိုင်ရာလူမျိုးစုအလိုက် မင်း သို့မဟုတ် စောမင်း များကို ပင် တင်မြှောက်ထားရှိခဲ့ကြကြောင်းဖြင့်လည်း တရုတ်မှတ်တမ်းများ၏ ရေးသားဖော်ပြ ခြင်း ခံခဲ့ရလေသည်။ မြန်မာလူမျိုးသည် များစွာ တိုးတက် ဖွံ့ဖြိုးကာ ယဉ်ကျေးလျက် ရှိပေ သော နန်ချိုရှမ်းများ လက်အောက်တွင် ရာစုနှစ် အတန်ကြာမျှ နေထိုင်ခဲ့ကြရသောကြောင့် ယင်းနန်ချိုရှမ်းများ၏ ကုန်ထုတ်လုပ်ငန်း၊ ကာကွယ်ရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အတွေ့ အကြုံများကိုလည်း ခံယူရရှိခဲ့စရာ အကြောင်းများ ရှိလေသည်။

မြန်မာလူမျိုးများသည် မြန်မာနိုင်ငံအတွင်းသို့ဝင်ရောက်လာကြပြီးနောက် ရာစုနှစ် အနည်းငယ်မျှအတွင်း မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ခြင်း ရှိလှသော မြေညီမြစ်ဝှမ်း အရပ် ဒေသများသို့ အဟုန်ကြီးမားစွာဖြင့် ပျံ့နှံ့၍ သွားလေသည်။ ရှေးဟောင်း မြန်မာနိုင်ငံသမိုင်း နှင့် စပ်လျဉ်း၍ အကြားအမြင်များသော ဂေါ်ဒွန်လုစ် ၏ အဆိုအရ ကျောက်ဆည်ခရိုင်ဒေသ များသို့ ရှေးဦးစွာ ဝင်ရောက်ခြင်း ပြုခဲ့ကြသော မြန်မာလူမျိုးများသည် မိတ္ထီလာခရိုင်မှ တစ်ဆင့် စစ်တောင်းမြစ်ဝှမ်းဘက် ဖြစ်သော ရမည်းသင်းနှင့် တောင်ငူခရိုင် ဒေသများသို့ လည်းကောင်း၊ မြင်းခြံ၊ မကွေး၊ ပြည်၊ သရက်၊ မင်းဘူးနှင့် ပခုက္ကူခရိုင်ဒေသများသို့ လည်းကောင်း တိုးချဲ့နေထိုင်ခြင်း ပြုခဲ့ကြဟန် ရှိလေသည်။ ၎င်းအပြင် အထက်မြန်မာနိုင်ငံ ဒေသများ ဖြစ်သော မန္တလေး၊ စစ်ကိုင်း၊ မုံရွာနှင့် ရွှေဘိုခရိုင် ဒေသများဘက်သို့လည်း ပျံ့နှံ့ ဝင်ရောက်ခြင်း ပြုခဲ့ကြပြန်သေးသည်။

ယင်းသို့ မြန်မာလူမျိုးများ ဧရာဝတီနှင့် စစ်တောင်းမြစ်ဝှမ်း မြေညီဒေသများသို့ အဟုန်ကြီးမားစွာဖြင့် တိုးချဲ့ပျံ့နှံ့ကာ ဝင်ရောက်လျက် ရှိကြစဉ် ယင်းအရပ်ဒေသများ၌ ရှိနှင့်ကြပြီးဖြစ်သော ပျူလူမျိုးများနှင့် တွေ့ရဆုံရလိမ့်မည်ဟု တွေးတောစရာ ရှိလေသည်။ သို့ရာတွင် မူလကပင် စည်းလုံးညီညွတ်ခြင်း မရှိရသည့်အထဲ နန်ချိုရှမ်းများ၏ တိုက်ခိုက်
mgyoe.com

mgyoe.com SAMPLE BOOK

ဖျက်ဆီးမှုကြောင့် ကစဉ့်ကလျား ဖြစ်နေကြဟန် တူသော ပျူလူမျိုးများသည် မြန်မာလူမျိုးများ တိုးချဲ့ ဝင်ရောက်လာကြခြင်းကို မည်သို့မျှ ဟန့်တားခြင်း မပြုနိုင်သည့်အလျောက် လက်ခံခဲ့ရဟန် တူလေသည်။ ယင်းသို့ဖြင့် ပျူနှင့် မြန်မာ လူမျိုးကြီး နှစ်မျိုးတို့သည် ရောထွေးနေထိုင်ကြရင်း လူမျိုးတစ်မျိုးတည်းအဖြစ်ဖြင့် ရာစုနှစ် အနည်းငယ်အတွင်း ပေါင်းစည်းသွားကြခြင်း ဖြစ်နိုင်စရာ ရှိလေသည်။ အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်လျက် ရှိသော လူမျိုးကြီး နှစ်မျိုး ပေါင်းစည်းမိကြသဖြင့် ပိုမို၍ အင်အား တောင့်တင်းကြီးမားလာရခြင်းလည်း ဖြစ်လေသည်။

ပျူလူမျိုးများနှင့် သွေးနှောပေါင်းစည်းမိကြသော မြန်မာလူမျိုးများသည် ရွှေဘို၊ မန္တလေး၊ ကျောက်ဆည်၊ မိတ္ထီလာ၊ မြင်းခြံ၊ မကွေးနှင့် မင်းဘူး စသော အရပ်ဒေသများတွင် ရေသွင်းစိုက်ပျိုးရေး လုပ်ငန်းများနှင့် လက်မှုလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်ရင်း ၎င်းတို့၏ ပြည်နယ်ကလေးများနှင့် လူ့အဖွဲ့အစည်းများကို ထူထောင်ခဲ့ကြလေသည်။ ယင်းသို့ မြန်မာလူမျိုးများ ထူထောင်ခဲ့ကြသော ပြည်နယ်များအနက် သက္ကရာဇ် ၈၄၉ ခုနှစ်တွင် မြန်မာလူမျိုး အကြီးအကဲတစ်ဦးဖြစ်သူ ပျဉ်ပြားမင်း စတင်ထူထောင်သော ပုဂံပြည်နယ်သည် အထင်အရှားဆုံးနှင့် အကြီးအကျယ်ဆုံးသော ပြည်နယ်ကြီး တစ်နယ်ပင် ဖြစ်လေသည်။ ဤပုဂံပြည်နယ်ကို အခြေခံပြုလျက် ပျဉ်ပြားမင်းနောက်ပိုင်း မြန်မာလူမျိုး အကြီးအကဲများသည် မြန်မာနိုင်ငံ အနှံ့အပြား၌ ရှိနေသော မြန်မာပြည်နယ်ကလေးများကို တစ်စထက် တစ်စ သိမ်းသွင်းစည်းရုံးနိုင်ကြခြင်းဖြင့် ပုဂံပြည်နယ်သည် ပုဂံပြည်ကြီး ဖြစ်လာရပေသည်။

သက္ကရာဇ် ၈၄၉ ခုနှစ်တွင် ပုဂံပြည်နယ်ကို စတင်ထူထောင်သော ပျဉ်ပြားမင်းမှ မြန်မာလူမျိုးများကို တစုတရုံးတည်း စည်းရုံးသိမ်းသွင်းခြင်း ပြုမိပြီဖြစ်သော အနုရုဒ္ဓါမင်း နန်းတက်သည့် သက္ကရာဇ် ၁၀၄၄ ခုနှစ်အထိ မြန်မာလူမျိုး အကြီးအကဲများ၏ စည်းရုံးရေးကာလသည် နှစ်ပေါင်း ၁၀၀ နီးပါးခန့်မျှ ကြာမြင့်လေသည်။ ထိုနှစ်ပေါင်း ၁၀၀ နီးပါးခန့် အတွင်း ပုဂံပြည်နယ်ကို အခြေခံ၍ မြန်မာလူမျိုး အကြီးအကဲများနှင့် ခေါင်းဆောင်များ သိမ်းသွင်းစည်းရုံးခြင်း ပြုနိုင်ခဲ့သော မြန်မာပြည်နယ်ဒေသသည် တောင်နှင့် မြောက်အားဖြင့် မိုင်ပေါင်း ၂၀၀ ခန့်၊ အရှေ့နှင့် အနောက်အားဖြင့် မိုင်ပေါင်း ၈၀ ခန့်၊ စတုရန်းမိုင် ၁၆၀၀ ခန့်မျှ ရှိပေလိမ့်မည်ဟု ခန့်မှန်းရလေသည်။ ယင်းပုဂံပြည် နယ်နိမိတ်အတွင်း၌ ရွှေဘို၊ မုံရွာ၊ စစ်ကိုင်း၊ မန္တလေး၊ ကျောက်ဆည်၊ မိတ္ထီလာ၊ ရမည်းသင်းနှင့် တောင်ငူခရိုင် အချို့အဝက်၊ မြင်းခြံ၊ မကွေး၊ ပြည်၊ သရက်၊ မင်းဘူးနှင့် ပခုက္ကူခရိုင်များ ပါဝင်နိုင်ဖွယ်ရာ ရှိလေသည်။

၀

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ( ၄ )

# မဏ္ဍိုမခေတ် မြန်မာနိုင်ငံ - ၁

(၁) မြန်မာနိုင်ငံသမိုင်း၏ ကာလအပိုင်းအခြား

မြန်မာနိုင်ငံ၏ မဏ္ဍိုမခေတ်ကို ၎င်းအား ပထမဦးဆုံးအကြိမ် စည်းလုံးညီညွတ်သော၊ တစ်ခုတည်းသော နိုင်ငံရေးပထဝီ ဒေသကြီး အဖြစ်ဖြင့် သိမ်းသွင်း ထူထောင်ခြင်း ပြုနိုင်ခဲ့သော ပုဂံခေတ် အနုရုဒ္ဓါမင်း (၁၀၄၄-၇၇) လက်ထက်မှ ကုန်းဘောင်ခေတ် ဘကြီးတော်မင်း (၁၈၁၉-၃၇) လက်ထက် ဗြိတိန်နှင့် မြန်မာတို့ ပထမအကြိမ် စတင်ဖြစ်ပွားခဲ့ရသော ၁၈၂၄ ခုနှစ် ကိုလိုနီစစ်ပွဲအထိ ယေဘုယျအားဖြင့် ပိုင်းခြားသတ်မှတ်ခြင်း ပြုရလျှင် သင့်မြတ်လျော်ကန်လိမ့်မည်ဟု အဆိုပြုလိုပေသည်။ အဘယ့်ကြောင့်ဆိုသော် မြန်မာနိုင်ငံသမိုင်း၏ အထွေထွေဖြစ်ပေါ် တိုးတက်မှုနှင့် ပြောင်းလဲမှုများသည် ပုဂံခေတ် အနုရုဒ္ဓါမင်း မတိုင်မီက အဆင့်နှင့် ထို့နောက်ပိုင်း အဆင့်တို့သည် လည်းကောင်း၊ ကုန်းဘောင်ခေတ် ဘကြီးတော်မင်း နောက်ပိုင်း အဆင့်သည် လည်းကောင်း တစ်ဆင့်နှင့် တစ်ဆင့်တို့သည် အခြေခံကြီး တစ်ခုလုံး အနေနှင့် များစွာ ကွဲပြား ခြားနားလှသောကြောင့်ပင် ဖြစ်လေသည်။

ယင်းအဆိုပြုချက်ကို အငြင်းပွားစရာ မရှိလျှင် မဏ္ဍိုမခေတ် မြန်မာနိုင်ငံ၏ သမိုင်းကာလသည်ပုဂံခေတ် အနုရုဒ္ဓါမင်းမှ ကုန်းဘောင်ခေတ် ဘကြီးတော်မင်းလက်ထက် အထိ နှစ်ပေါင်း ၈၀၀ နီးပါးခန့်မျှ ရှိလိမ့်မည်ဟု ဆိုရပေမည်။ အနုရုဒ္ဓါမင်းမှ အစပြုသော ပုဂံခေတ်သည် ရှေးဟောင်းမြန်မာနိုင်ငံနှင့် မဏ္ဍိုမခေတ် မြန်မာနိုင်ငံတို့၏ အပိုင်းအခြားနှင့် နယ်နိမိတ်ဖြစ်သကဲ့သို့ ဘကြီးတော်မင်း လက်ထက်မှ အစပြုသော ကုန်းဘောင်ခေတ်သည်

mgyoe.com

mgyoe.com SAMPLE BOOK

မဇ္ဈိမခေတ် မြန်မာနိုင်ငံနှင့် ကိုလိုနီခေတ် မြန်မာနိုင်ငံတို့၏ အပိုင်းအခြားနှင့် နယ်နိမိတ်ကဲ့သို့လည်း ဖြစ်လေသည်။

ပုဂံခေတ် အနုရုဒ္ဓါမင်း လက်ထက် မတိုင်မီ ရှေးဟောင်းမြန်မာနိုင်ငံ သမိုင်းကာလသည် မြန်မာနိုင်ငံအတွင်းသို့ အာရှတိုက် အလယ်ပိုင်းမှ မောင်းဂွတ်အနွယ်ဝင်များ အစုစုကွဲကာ တစ်သုတ်ပြီး တစ်သုတ် ဝင်ရောက်လာခဲ့ကြပြီးနောက် မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးများအဖြစ် အခြေချ နေထိုင်ခြင်း ပြုကြသော ခေတ်ကာလ ဖြစ်လေသည်။ သဘာဝ လုပ်ခွင်ကြီးကဲ့သို့ ဖြစ်နေပေသော မြန်မာနိုင်ငံ တောရိုင်းမြက်မည်းကြီးအား တိုးဖောက်ခုတ်ထွင် ရှင်းလင်းကာ ၎င်းတို့၏ စားဝတ်နေရေးအတွက် ကုန်ထုတ်လုပ်ငန်းများကို ထူထောင်တိုးချဲ့ လုပ်ကိုင်ရင်းယင်းကုန်ထုတ်လုပ်ငန်းများ အပေါ်တွင် အခြေခံသော လူ့အဖွဲ့အစည်းများနှင့် မြို့ပြပြည်ရွာကလေးများကို ၎င်းတို့ဘာသာဘာဝနှင့် မျိုးစုနွယ်စုများအလိုက် ထူထောင်ခဲ့ကြသော ခေတ်ကာလလည်း ဖြစ်လေသည်။

ပုဂံခေတ် အနုရုဒ္ဓါမင်းလက်ထက်မှ ကုန်းဘောင်ခေတ် ဘကြီးတော်မင်း လက်ထက်အထိ မဇ္ဈိမခေတ် မြန်မာနိုင်ငံသမိုင်းကာလသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမျိုးရေး၊ ယဉ်ကျေးမှုနှင့် ပထဝီများအရ ပဋိပက္ခပေါင်းစုံတို့ဖြင့် ပွတ်သိပ်ပွမ်းတည်းနေသော ကာလ ဖြစ်လေသည်။ မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးများ ဖြစ်ကြသော မွန်၊ မြန်မာ၊ ရှမ်းနှင့် ရခိုင် စသောလူမျိုးများသည် ၎င်းတို့အသီးသီး၏ အင်အားများကို စည်းရုံးသိမ်းသွင်းခြင်း ပြုကြရာ၌ ၎င်းတို့ လူမျိုးစုများအတွင်း ဖြစ်ပွားပေါ်ပေါက်ခဲ့ကြသော ပဋိပက္ခများ၊ မြန်မာနိုင်ငံကို သူ့ထက်ငါ ဦးဆောင်၍ စည်းရုံးသိမ်းသွင်းခြင်းနှင့် ထူထောင်ခြင်းပြုရန် အားထုတ်ကြရာတွင် မွန်–မြန်မာနှင့် ရှမ်း စသော တိုင်းရင်းသားလူမျိုးများ အချင်းချင်း ဖြစ်ပွားခဲ့ကြသော လူမျိုးရေး ပဋိပက္ခများ၊ အုပ်စိုးသူ ပဒေသရာဇ် လူတန်းစားများ၏ ညှဉ်းပန်းနှိပ်စက်မှုကို မခံနိုင်ကြသဖြင့် မကြာခဏ ဖြစ်ပွားပေါ်ပေါက်ခဲ့ရသော ဆင်းရဲသားကျေးတော်မျိုး၊ ကျွန်တော်မျိုးများနှင့် လည်းကောင်း၊ မင်းညီမင်းသားများနှင့် လည်းကောင်း၊ မြန်မာနိုင်ငံ၏ ဘေးပတ်ဝန်းကျင်ဒေသ နိုင်ငံများနှင့် လည်းကောင်း မကြာခဏ ဖြစ်ပွားလာခဲ့ရသော ပဋိပက္ခများ အစရှိသော ပဋိပက္ခပေါင်းစုံတို့၏ သမိုင်းကာလပင် ဖြစ်လေသည်။

ကုန်းဘောင်ခေတ် ဘကြီးတော်မင်းလက်ထက်မှ အစပြုသော မြန်မာနိုင်ငံ သမိုင်းကာလသည် အခြေခံအားဖြင့် ဗြိတိသျှ ကိုလိုနီဝါဒသမားများက မြန်မာနိုင်ငံနှင့် ၎င်း၏တိုင်းရင်းသား လူမျိုးများအား ကျွန်ပြုရန်အတွက် ကျူးကျော် တိုက်ခိုက်သော ကာလ၊ သိမ်းပိုက်အုပ်စိုးသော ကာလ၊ ဖိနှိပ်ကျွန်ပြုသော ကာလများ ဖြစ်လေသည်။ တစ်ချိန်တည်းမှာပင် ဗြိတိသျှ ကိုလိုနီဝါဒသမားများ၏ ရန်စ ကျူးကျော်မှု၊ တိုက်ခိုက်မှု၊ သိမ်းပိုက်အုပ်စိုးမှုနှင့် ဖိနှိပ်ကျွန်ပြုမှုများကို မြန်မာနိုင်ငံ တိုင်းရင်းသား လူမျိုးများက ပြန်လည်၍ ခုခံတိုက်ခိုက်သော ကာလ၊ ရုန်းကန် ကန့်ကွက်သော ကာလနှင့် ထကြွတိုက်ခိုက်သော ကာလများလည်း

mgyoe.com

mgyoe.com SAMPLE BOOK

ဖြစ်လေသည်။ ဗြိတိသျှ ကိုလိုနီဝါဒသမားများ၏ လက်အောက်ခံဘဝမှ ရုန်းထွက်ကာ မိမိတို့ ကြမ္မာကို မိမိတို့၏ ဆန္ဒအတိုင်း ဖန်တီးနိုင်ရေးအတွက် မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးများက ပြင်းပြင်းထန်ထန် အားထုတ်ခြင်း ပြုကြသော သမိုင်းကာလပင် ဖြစ်လေသည်။

## (၂) ပုဂံခေတ် မြန်မာနိုင်ငံ

မြန်မာနိုင်ငံ သမိုင်း၏ ပုဂံခေတ်ကာလ အပိုင်းအခြားသည် မြန်မာနိုင်ငံကို စတင်သိမ်းသွင်းကာ စည်းရုံးခြင်း ပြုခဲ့ပေသော အနုရုဒ္ဓါမင်း နန်းတက်သည့် ၁၀၄၄ ခုနှစ်မှ ယင်းနိုင်ငံ၏ စည်းလုံးညီညွတ်မှု ပြန်လည်ပျက်စီးသွားခဲ့ရသော နရသီဟပတိမင်း ကွယ်လွန်သည့် ၁၂၈၇ ခုနှစ်အထိ နှစ်ပေါင်း ၂၅၀ နီးပါးခန့်မျှ ရှည်လျား ကြာမြင့်လေသည်။ မြန်မာနိုင်ငံသမိုင်းတွင် အရှည်လျား အကြာမြင့်ဆုံးသော မင်းဆက်နှင့် သမိုင်းခေတ်ကြီး တစ်ခေတ်လည်း ဖြစ်သည်ဟု ဆိုရပေမည်။ အနာဂတ် မြန်မာနိုင်ငံသမိုင်း၏ ဖြစ်ပေါ်တိုးတက်မှုအတွက် အခြေခံအုတ်မြစ်ကို ချသော သမိုင်းကာလကြီး တစ်ခုဟုလည်း ဆိုနိုင်လိမ့်မည် ထင်ပေသည်။

ပုဂံခေတ် မြန်မာနိုင်ငံ၏ နှစ်ပေါင်း ၂၅၀ ခန့်မျှအတွင်း မြန်မာလူမျိုးများသည် ၎င်းတို့၏ အကြီးအကဲများ၊ ခေါင်းဆောင်များနှင့် ဘုရင်များ၏ ဦးဆောင်မှုတို့ဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ လက်မှုလုပ်ငန်းနှင့် ကုန်သွယ်ရေးလုပ်ငန်း အစရှိသော အခြေခံစီးပွားရေးလုပ်ငန်းများကို စွမ်းစွမ်းတမံ ထူထောင်တိုးချဲ့လျက် ယင်းကုန်ထုတ်လုပ်ငန်းများနှင့် သင့်တင့်လျောက်ပတ်ခြင်း ရှိပေသော နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ယဉ်ကျေးမှုများကို အုတ်မြစ်ချ ထူထောင်ခဲ့လေသည်။ ယင်းနှင့် တစ်ပြိုင်နက်တည်းမှာပင် ရှေးဟောင်း မြန်မာနိုင်ငံ သမိုင်းကာလမှအစပြုလျက်၎င်းတို့၏မျိုးစုနွယ်စုများအလိုက် မြို့ပြပြည်နယ်ကလေးများ စည်းရုံးထူထောင်ကာ နေထိုင်လျက် ရှိခဲ့ကြသော ပုဂံပြည် ပတ်ပတ်လည်ရှိ မွန်၊ ပျူ၊ ရှမ်းနှင့် ရခိုင်လူမျိုးများကိုလည်း သူ့ခေတ်နှင့် သူ့အခါအလျောက် စည်းရုံးသိမ်းသွင်းခြင်း ပြုခဲ့ကြလေသည်။ ယင်းသို့ မြန်မာနိုင်ငံကို စတင်သိမ်းသွင်းခြင်းနှင့် စည်းရုံးခြင်း ပြုနိုင်ခဲ့ကြသောကြောင့် ပုဂံပြည်မင်းဆက် ဘုရင်များ ဖြစ်ကြသော အနုရုဒ္ဓါနှင့် ကျန်စစ်သားတို့၏ လက်ထက်မှစ၍ တရုတ်၊ နန်ချို၊ ကမ္ဘောဇ၊ သီဟိုဠ်နှင့် အိန္ဒိယနိုင်ငံများက လေးလေးစားစား အသိအမှတ်ပြုကာ နိုင်ငံရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှု ဆက်ဆံရေးများကို ပြုလုပ်ခဲ့ကြလေသည်။

မြန်မာနိုင်ငံအတွင်းသို့ အစုစုကွဲကာ ဝင်ရောက် နေထိုင်လျက် ရှိခဲ့ကြသော မြန်မာလူမျိုးများကို သိမ်းသွင်းစည်းရုံး၍ ပုဂံပြည်ကို စည်းရုံးထူထောင်ခြင်း ပြုခဲ့သော အမှုအတွက် ပျဉ်ပြားမင်းမှ အနုရုဒ္ဓါမင်းလက်ထက်အထိ နှစ်ပေါင်း ၁၀၀ နီးပါးခန့်မျှ ကြာမြင့်ကြောင်းဖြင့် အထက်တွင် ဖော်ပြထားခဲ့လေသည်။ ယင်းနှစ်ပေါင်း ၁၀၀ ခန့်မျှအတွင်း အစုစုကွဲကာ မိမိတို့ အသင်းအပင်းနှင့် ဆွေစုမျိုးစုများအလိုက် တသီးတခြားစီ နေထိုင်

mgyoe.com

mgyoe.com SAMPLE BOOK
လျက် ရှိကြသော မြန်မာနိုင်ငံ အလယ်ပိုင်းဒေသ တစ်ဝိုက်ရှိ မြန်မာလူမျိုးများကို အမြော်အမြင်ရှိသော မြန်မာလူမျိုး အကြီးအကဲ ခေါင်းဆောင်များက စတင် စုစည်းခြင်း ပြုသော အမှုတွင် အနုနည်း၊ အကြမ်းနည်းများကို ဖြစ်စေ၊ နှစ်နည်းစလုံးကို ဖြစ်စေ အသုံးပြုခဲ့ကြဖွယ်ရာလည်း ရှိလေသည်။ မြန်မာရာဇဝင်ဟောင်းများ၌ ပုဂံပြည်တွင် အနော်ရထာမင်းကြီး၏ သားတော်တစ်ဦးဖြစ်သူ ကျန်စစ်သားက မြန်မာ့လူစွမ်းကောင်းများဟု ဆိုသော ငထွေးရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီး၊ ထီးလှိုင်သူကြီး နှင့် မုဆိုးငစဉ် အစရှိသောသူတို့ကို လိုက်လံဖမ်းဆီး သိမ်းသွင်းပုံများကို ပုံပြင်ဆန်ဆန် ရေးသားဖော်ပြထားလေသည်။ ယင်းသို့ရှေးဟောင်းရာဇဝင်များ၏ ပုံပြင်ဆန်ဆန် ရေးသားဖော်ပြချက်များကို မြန်မာလူမျိုးများ၏ ဗဟိုပြည်နယ်ကြီး အဖြစ်ဖြင့် ပုဂံပြည်အား စည်းရုံးသိမ်းသွင်းခြင်း ပြုရသော အမှုများနှင့် ဆက်စပ်စဉ်းစားစရာပင် ဖြစ်လေသည်။

ပုဂံပြည်ကို လက်ဦးစတင် တည်ထောင်ခြင်းပြုသော ပျူပြားမင်းလက်ထက်မှ အစပြု၍ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသ တစ်ဝိုက်တွင် အစုစုကွဲကာ ပြန့်ကျဲနေထိုင်လျက် ရှိကြသော မြန်မာလူမျိုးများကို မြန်မာလူမျိုး အကြီးအကဲများသည် သိမ်းသွင်းစုစည်းခြင်း ပြုခဲ့ကြရာ အနုရုဒ္ဓါမင်းလက်ထက်တွင် တစုတရုံးတည်း သိမ်းသွင်းစည်းရုံးခြင်း ပြုမိဖွယ်ရာ ရှိလေသည်။ ယင်းသို့ မြန်မာလူမျိုးများ၏ ဗဟိုပြည်မကြီး အဖြစ်ဖြင့် ပုဂံပြည်ကို စုစည်းသိမ်းသွင်းမိပြီးနောက် အနုရုဒ္ဓါမင်းနှင့် ၎င်း၏အကြီးအကဲများသည် ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံကြသော ခေါင်းဆောင်ကောင်းများပီပီ ပုဂံပြည်၏ စီးပွားရေးကို တိုးတက်ဖွံ့ဖြိုးအောင် ကြိုးပမ်းလုပ်ဆောင်ခဲ့ကြလေသည်။

အနုရုဒ္ဓါမင်း လက်ထက်တွင် ပုဂံပြည်၏ အခြေခံစီးပွားရေး ဖြစ်သော စိုက်ပျိုးရေး ကုန်ထုတ်လုပ်ငန်းကို တိုးတက်ချဲ့ထွင်ခြင်း ပြုရန်အတွက် ကျောက်ဆည်နယ်၊ မိတ္ထီလာနယ်များတွင်ကြီးမားလှသောဆည်ကြီး၊မြောင်းကြီးများနှင့် ကန်များကို တိုးချဲ့ပြုပြင်ခဲ့လေသည်။ လယ်ယာ သီနှံပေါင်းများစွာတို့ကိုလည်း တိုးချဲ့စိုက်ပျိုးနိုင်ခဲ့လေသည်။ မြန်မာလူမျိုးများ၏ အခြေခံစီးပွားရေး ဖြစ်သော စိုက်ပျိုးရေးလုပ်ငန်းအပြင် အခြားလက်မှုလုပ်ငန်းများနှင့် ကုန်သွယ်မှုလုပ်ငန်းများကိုလည်း တိုးချဲ့ဖွံ့ဖြိုးစေခဲ့လေသည်။

အနုရုဒ္ဓါမင်းနှင့် ၎င်း၏ အကြီးအကဲများသည် ယင်းသို့ တိုးချဲ့ထူထောင်လိုက်သော ကုန်ထုတ်လုပ်ငန်းများ အပေါ်တွင် အခြေခံသော နိုင်ငံရေးနှင့် အုပ်ချုပ်ရေးများကိုလည်း ထူထောင်ခဲ့ကြရာ ယင်းနိုင်ငံရေးနှင့် အုပ်ချုပ်ရေးစနစ်တို့သည် ကိုလိုနီခေတ် မြန်မာနိုင်ငံကာလသို့ တိုင်လေသည်။ မြန်မာရာဇဝင်ဟောင်းများနှင့် မြန်မာမင်း အုပ်ချုပ်ပုံ စာတမ်းများ၏ ရေးသားဖော်ပြချက်များအရ ရေ၊ မြေနှင့် အသက်ဦးဆံတို့ကို ဘုရင်မင်းမြတ်ကသာ အစိုးပိုင်သည် ဆိုသော နိုင်ငံရေး ဆက်ဆံမှုသည် ပုဂံခေတ် အနုရုဒ္ဓါမင်းလက်ထက်မှ အစပြုသည်ဟု ယူဆရပေသည်။
mgyoe.com

mgyoe.com SAMPLE BOOK

ပုဂံပြည်ကြီးကို တန်းနယ် ငါးနယ် ဟူ၍ ခွဲခြားထားပြီးလျှင် ယင်း တန်းနယ်ကြီးများကို အနုရုဒ္ဓါမင်းကြီး၏ သစ္စာတော်ခံ အကြီးအကဲများနှင့် မင်းညီ မင်းသားများက အုပ်ချုပ်ရသည် ဟူ၍ လည်းကောင်း၊ တန်းနယ် တစ်နယ်လျှင် ကလန်၊ သံပျင်၊ စာချီ အစရှိသော ဘုရင့်အမှုတော်ထမ်း၊ အရာတော်ထမ်းများက ခန့်ခွဲအုပ်ချုပ်ခြင်း ပြုရသည် ဟူ၍ လည်းကောင်း ရာဇဝင်ဟောင်းများနှင့် အုပ်ချုပ်ပုံစာတမ်းများက ရေးသား ဖော်ပြကြလေသည်။ ယင်းသို့ စီးပွားရေးနှင့် အုပ်ချုပ်ရေးတို့ကို စီခံခန့်ခွဲပြီးနောက် အနုရုဒ္ဓါမင်းနှင့် ၎င်း၏ အကြီးအကဲများသည် နိုင်ငံတော်၏ ကာကွယ်ရေးဆိုင်ရာ စစ်မက်အင်အားကိုလည်း စနစ်တကျ စည်းရုံးထူထောင်ကြလေသည်။

မြန်မာရာဇဝင်ဟောင်းများ၌ အနုရုဒ္ဓါမင်းကြီးသည် စစ်မက်အရေးအခင်းများ ပေါ်ပေါက်လာလျှင် လက်နက်ကိုင် စစ်မှုထမ်းများကို အလွယ်တကူ စုဆောင်းခြင်း ပြုနိုင်ရန်အတွက် အထက်ဖော်ပြပါ တန်းနယ်ကြီးများအတွင်း သိန်းပြု၊ ထောင်ပြု၊ ရာပြု နှင့် ဆယ်ပြု အစရှိသော စစ်မှုထမ်း မြို့ပြများကိုလည်း စနစ်တကျ ဖွဲ့စည်းထားရှိကြောင်းဖြင့် ဖော်ပြကြလေသည်။ ဤကာကွယ်ရေးနှင့် စစ်မှုထမ်း စုဆောင်းရေးစနစ်ကို မြန်မာနိုင်ငံ သမိုင်းတစ်လျှောက်တွင် မြန်မာဘုရင်များသည် ပုံစံအမျိုးမျိုးဖြင့် ထိန်းသိမ်းကျင့်သုံးခဲ့ကြရာ ကိုလိုနီခေတ် မြန်မာနိုင်ငံ ကာလသို့ တိုင်လေသည်။ ၎င်းအပြင် အနုရုဒ္ဓါမင်းကြီးသည် ပုဂံပြည် အရှေ့ဘက်တစ်လွှား၌ အင်နှင့် အားနှင့် ရှိနေကြသော ရှမ်းလူမျိုးများက ၎င်း၏ နိုင်ငံတော်ကို လွယ်လင့်တကူ ဝင်ရောက် တိုက်ခိုက်ခြင်း မပြုနိုင်စေရန်အတွက် ကင်းမြို့ ၄၃ မြို့ကိုလည်း စနစ်တကျ ဖွဲ့စည်း တည်ထောင်ခြင်း ပြုခဲ့သေးကြောင်းဖြင့်လည်း ဖော်ပြထားလေသည်။

ပုဂံခေတ် မြန်မာနိုင်ငံသမိုင်း ကာလကပင် ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံသော အနုရုဒ္ဓါမင်းကြီးနှင့် ၎င်း၏ အကြီးအကဲများသည် ထေရဝါဒ ဗုဒ္ဓယဉ်ကျေးမှု အုတ်မြစ်ကို ခိုင်ခိုင်ခံ့ခံ့ ချထားခဲ့ကြလေသည်။ ဤဗုဒ္ဓယဉ်ကျေးမှုသည် မဇ္ဈိမခေတ် မြန်မာနိုင်ငံသမိုင်း ကာလမျှ၌ပင်လျှင် မဟုတ်၊ ကိုလိုနီခေတ် မြန်မာနိုင်ငံ သမိုင်းကာလ၌ပင်လျှင် မြန်မာလူမျိုးများ၏ ဇာတိသွေး၊ ဇာတိမာန်နှင့် မျိုးချစ်စိတ်ဓာတ်များကို တက်ကြွ ထက်သန်စေခဲ့လေသည်။ အနုရုဒ္ဓါမင်းသည် ပုဂံပြည်ရှိ မြန်မာလူမျိုးများထံသို့ ထေရဝါဒ ဗုဒ္ဓယဉ်ကျေးမှုကို တင်သွင်းယူဆောင်လာရာ၌ အကြောင်းနှစ်ကြောင်း ရှိလေသည်။ ပထမအကြောင်းမှာ ၎င်းနှင့် မင်းပြိုင်ကဲ့သို့ ပုဂံပြည်တွင် တန်ခိုးသြဇာ ကြီးမားနေသော အရည်းကြီးများကို တိုက်ခိုက် ဖယ်ရှားပြုရန် ဖြစ်၍ ဒုတိယအကြောင်းမှာ မြန်မာလူမျိုးများအား လွဲမှားသော အယူဝါဒမှ မှန်ကန်သော အယူဝါဒကို ပြောင်းလဲလက်ခံစေလိုသောကြောင့် ဖြစ်နိုင်စရာ ရှိလေသည်။

ယင်းသို့ မြန်မာလူမျိုးများ၏ ချက်မဗဟိုပြည်နယ်ကြီးကဲ့သို့ ဖြစ်ပေသော ပုဂံပြည်ကြီးကို နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ယဉ်ကျေးမှုများအရ အဘက်ဘက်

mgyoe.com

mgyoe.com SAMPLE BOOK

တွင် အင်အားခိုင်မာ တောင့်တင်းအောင် စီမံခန့်ခွဲပြီးသည့် နောက်မှ အနုရုဒ္ဓါမင်းနှင့် ၎င်း၏ အကြီးအကဲများသည် ပုဂံပြည် တောင်ဘက်တစ်လွှား၌ ရှိသော မွန်လူမျိုးတို့၏ ပြည်နယ်များကို လည်းကောင်း၊ ပုဂံပြည် အနောက်ဘက်၌ ရှိသော ရခိုင်ပြည်နယ်ကို လည်းကောင်း၊ ပုဂံပြည် အရှေ့ဘက်တစ်လွှား၌ ရှိသော ရှမ်းလူမျိုးများ၏ ပြည်နယ်များကို လည်းကောင်း သိမ်းသွင်း စည်းရုံးခြင်း ပြုလေသည်။ တောင်ဘက်ဒေသရှိ မွန်လူမျိုးများ၏ ပြည်နယ်ကြီး ဖြစ်သော သုဝဏ္ဏဘုမ္မိတိုင်းကို သိမ်းသွင်းရာ၌ စစ်မက်ရေးဖြင့် လည်းကောင်း၊ ရခိုင်နှင့် ရှမ်းပြည်နယ်များကို သိမ်းသွင်းရာ၌ နိုင်ငံရေးဖြင့် လည်းကောင်း ရှင်းလင်း စည်းရုံးနိုင်ခဲ့ကြောင်းဖြင့် မြန်မာရာဇဝင်များက ရေးသားဖော်ပြခြင်း ပြုလေ့ ရှိကြသည်။

အနုရုဒ္ဓါမင်း လွန်ပြီးနောက် မြန်မာနိုင်ငံကို ဆက်လက် ဦးဆောင်ခြင်း ပြုခဲ့ကြသော ပုဂံမင်းဆက်များထဲတွင် ကျန်စစ်သား၊ အလောင်းစည်သူ၊ မင်းရှင်စော နှင့် နရပတိစည်သူ တို့သည်သာ အမြော်အမြင်နှင့် ပြည့်စုံသော ခေါင်းဆောင်ကောင်းများ ဖြစ်ကြလေသည်။ မင်းသားကြီး မင်းရှင်စောသည် ပုဂံပြည် ထီးနန်းကို မရရှိခဲ့သော်လည်း မန္တလေးခရိုင် ထွန်တုံးပူတက် အရပ်ဒေသတစ်ဝိုက်တွင် လယ်ပယ်ပေါင်း အမြောက်အမြားကို တိုးတက် ချဲ့ထွင်ခဲ့သည့်အပြင် အောင်ပင်လယ်ကန်ကြီးကိုလည်း ဆည်ဖို့ ပြုပြင်သောကြောင့် ပုဂံမင်းဆက် ခေါင်းဆောင်ကောင်းများ စာရင်းတွင် ထည့်သွင်းလိုက်ခြင်းမျှသာ ဖြစ်လေသည်။ ယင်းခေါင်းဆောင်ကောင်းများအနက် ကျန်စစ်သားသည် အနုရုဒ္ဓါမင်းထက်ပင် နိုင်ငံရေး အမြော်အမြင် ကြီးမားလှသော နိုင်ငံတော် ခေါင်းဆောင်ကြီးတစ်ဦး ဖြစ်လေသည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းသည် မြန်မာနိုင်ငံ၏ တိုင်းရင်းသား လူမျိုးကြီး တစ်မျိုးဖြစ်သော မွန်လူမျိုးများကို လေးလေးစားစား အသိအမှတ် ပြုတတ်သောကြောင့် ဖြစ်လေသည်။ ကျန်စစ်သား၏ နန်းသက်အတွင်း ပုဂံခေတ်မြန်မာနိုင်ငံ ဂုဏ်သိက္ခာသည် အတိုးတက် အမြင့်မားဆုံးသော ကာလလည်း ဖြစ်လေသည်။ မြန်မာနိုင်ငံတော်ကို ဘေးပတ်ဝန်းကျင် နိုင်ငံများအားလုံးက အသိအမှတ်ပြု လေးစား ခန့်ညားကြသည်။ ၁၁၀၆ ခုနှစ်တွင် ပုဂံပြည်မှ မြန်မာသံအဖွဲ့ဝင်များ တရုတ်ဧကရာဇ်၏ နန်းတော်သို့ ဆိုက်ရောက်ကြသော အခါကလည်း တရုတ်တို့က အချုပ်အခြာ အာဏာပိုင်သော နိုင်ငံကြီး တစ်နိုင်ငံ၏ သံအဖွဲ့ဝင် ကိုယ်စားလှယ်တော်ကြီးများ အဖြစ်ဖြင့် တခမ်းတနား၊ တဆောင်တယောင် ဧည့်ခံ ဆက်ဆံခြင်းပြုကြောင်း တရုတ်နန်းတွင်း မှတ်တမ်းများ၌ အမှတ်အသားများ ရှိလေသည်။

ကျန်စစ်သားနောက် ပုဂံပြည်ထီးနန်းကို ဆက်ခံစိုးစံကြသော အလောင်းစည်သူနှင့် နရပတိစည်သူမင်းတို့သည်လည်း မြန်မာနိုင်ငံ၏ စီးပွားရေး တိုးတက်မှုနှင့် စည်းလုံးညီညွတ်မှုတို့ကို ဆက်လက် သိမ်းသွင်း လုပ်ဆောင်ခဲ့ကြသော ခေါင်းဆောင်ကောင်းများပင် ဖြစ်ကြလေသည်။ နရပတိစည်သူမင်း လက်ထက်တွင် မြန်မာမင်း အုပ်ချုပ်ပုံနှင့် ကာကွယ်ရေးစနစ်တစ်ခုကို တိုးချဲ့ပြုလုပ်လာသည်။ ယင်းမှာ ဘုရင်မင်းမြတ်နှင့် ဆွေတော် မျိုးတော်

mgyoe.com

mgyoe.com SAMPLE BOOK

များ၏ လုံခြုံရေးအတွက် နန်းတော်စောင့် လက်နက်ကိုင် တပ်များ၊ သို့မဟုတ် ဝင်းတော်မှူး များ ချဲ့ထွင်ထားရှိသော အရေးပင် ဖြစ်လေသည်။ ဤစနစ်ကို ကိုလိုနီခေတ် မြန်မာနိုင်ငံ သမိုင်းကာလသို့တိုင်အောင် မြန်မာဘုရင်များသည် ထိန်သိမ်းထားရှိခဲ့ကြလေသည်။

နရပတိစည်သူမင်း နောက်ပိုင်းတွင် ပုဂံပြည်ထီးနန်းကို ဆက်လက် စိုးစံကြသော ပုဂံမင်းဆက်များသည် အရည်အချင်းနှင့် အမြော်အမြင် ရှိကြသော နိုင်ငံတော် ခေါင်းဆောင် များကား မဟုတ်ကြတော့ချေ။ မြန်မာနိုင်ငံ၏ စီးပွားရေး တိုးတက် ဖွံ့ဖြိုးမှု၊ စည်းလုံးညီညွတ် မှုနှင့် ကာကွယ်ရေးတို့ကို လျစ်လျူပြုထားခဲ့ကြသည်။ ထို့ကြောင့် မြန်မာနိုင်ငံ စီးပွားရေး အခြေအနေ ဆုတ်ယုတ် ပျက်ပြားလာသည်။ ထို့ကြောင့် အုပ်ချုပ်ရေးနှင့် ကာကွယ်ရေးများ လည်း အင်အား လျော့ပါးလာသည်။ တိုင်းရင်းသား လူမျိုးများ အပါအဝင် ဆင်းရဲသား ကျေးတော်မျိုး ကျွန်တော်မျိုးများ၏ ထကြွပုန်ကုန်မှုများသည်လည်း တစ်စထက် တစ်စ များပြားလာလေသည်။

နရပတိစည်သူမင်း နောက်ပိုင်းတွင် ပုဂံခေတ် မြန်မာမင်းများ အုပ်ချုပ်ရေး ယန္တရား တွင် လွှတ်တော် ဟူ၍ စတင် ပေါ်ပေါက်လာသည်ကိုလည်း တွေ့ရသည်။ ၎င်းမင်း၏ သား တော် ဇေယျာသိခ်မင်း နန်းသက်တွင် ပေါ်ပေါက်ခြင်းလည်း ဖြစ်လေသည်။ ယင်းလွှတ်တော် ပေါ်ပေါက်လာရသော အကြောင်းရင်းကို ရှာဖွေသောအခါ ပုဂံခေတ် သက်ဦးဆံပိုင် ဘုရင် စနစ် အင်အားနည်းပါးလာခြင်းနှင့် တစ်ဆက်တည်း ဘုရင်နှင့် ညီတော်၊ နောင်တော်၊ သား တော်များအတွင်း တန်ခိုးအာဏာ ခွဲဝေရေး ပြဿနာများပေါ်တွင် အခြေခံနေခြင်းကို တွေ့ရ လေသည်။

မြန်မာရာဇဝင်ဟောင်းများ၏ ရေးသားဖော်ပြချက်အရ ကျန်စစ်သားသည် အကြောင်းအမျိုးမျိုးကို ထောက်၍ ၎င်း၏ တစ်ဦးတည်းသော သားတော် ရာဇကုမ္မာရ မင်းသားကို ဘေးသို့ ဖယ်ကာ မြေးတော် အလောင်းစည်သူအား ထီးမွေပေးခဲ့သည်ဟု ဆိုသော်လည်း ပြဿနာ မပေါ်ခဲ့ချေ။ သို့ရာတွင် အလောင်းစည်သူ လက်ထက်တွင် သူ၏ သားတော် အငယ် နရသူက ခမည်းတော်ကိုသာလျှင် မဟုတ် နောင်တော်ကြီး မင်းရှင်စော ကိုပါ လုပ်ကြံ၍ ထီးမွေ ဆက်ခံခဲ့လေသည်။ ထို့ကြောင့် ပြဿနာပေါ်ခဲ့သည်။ ပုဂံပြည်၏ သာသနာပိုင်ကြီး ဖြစ်သော အရှင်ပံ့သကူ မထေရ်ပင် ယင်းပြဿနာကို မကျေနပ်၍ သီဟိုဠ် သို့ သပိတ်မှောက် ထွက်သွားသည်ဟု ရာဇဝင်များက ဆိုလေသည်။ ထို့နောက် နရသူ၏ သားတော်အကြီး နရသိခ်ကို ညီတော် နရပတိစည်သူက ငယ်ကျွန် ငအောင်စွာ တို့ လူသိုက် ကို လုပ်ကြံခိုင်းပြီးလျှင် ပုဂံပြည် ထီးမွေကို ဆက်ခံခြင်း ပြုလေသည်။ ထို့ကြောင့် ပြဿနာ ပေါ်လာပြန်သည်။ အနန္တသူရိယ အမတ်ကြီးနှင့်တကွ ငအောင်စွာတို့အား သုတ်သင်ပြီး နောက် ဝင်းတော်မှူးများ ထားရှိရခြင်းတို့သည် ယင်းပြဿနာကို ဖြေရှင်းရန် အားထုတ် ခြင်းမျှသာ ဖြစ်လေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ယင်းသို့ ရေမြေနှင့် သက်ဦးဆံပိုင်သော ဘုရင့်အဖြစ်ကို အုပ်စိုးသူ မင်းညီမင်းသားများအတွင်း လောဘတက်ကာ သူ့ထက်ငါ အရယူရေးအတွက် လုပ်ကြံမှုများနှင့် သတ်ဖြတ်မှုများ ပေါ်ပေါက်လာခြင်းကို ထိန်းသိမ်းနိုင်သမျှ ထိန်းသိမ်းနိုင်ရန် နရပတိစည်သူမင်းသည် ၎င်းမလွန်မီကပင် သားတော်ငါးပါး ရှိသည့်အနက် သားတော်အငယ်ဆုံး ဇေယျသိင်္ခကို ထီးမွေလွှဲအပ်ပေးပြီးနောက် ကျန်သားတော်ကြီး လေးပါးတို့အား 'လွှတ်တော်' ဟူသော အဆောင်အယောင်ဖြင့် တန်ခိုးအာဏာ အချို့ကို ခွဲဝေပေးခဲ့ခြင်းမျှသာ ဖြစ်လေသည်။ မည်ကဲ့သို့ပင် ဖြစ်စေ လွှတ်တော် အဆောင်အယောင်နှင့် အုပ်ချုပ်ရေးပုံစံကို ပုဂံခေတ်မှ အစပြုလျက် ကိုလိုနီခေတ် မတိုင်မီ မဇ္ဈိမခေတ် မြန်မာနိုင်ငံ သမိုင်းတစ်လျှောက်လုံးလိုလို မြန်မာ ပဒေသရာဇ် အုပ်ချုပ်ရေးတွင် ထည့်သွင်း အသုံးပြုခဲ့ကြလေသည်။ သို့ရာတွင် မြန်မာပဒေသရာဇ် အုပ်ချုပ်ရေးဆိုင်ရာ လွှတ်တော်သည် ဆင်းရဲသား ကျေးတော်မျိုး၊ ကျွန်တော်မျိုးများအား အာဏာခွဲဝေပေးသော အုပ်ချုပ်ရေးကိရိယာ မဟုတ်မူဘဲ အုပ်စိုးသူ ပဒေသရာဇ် မင်းညီမင်းသား လူတန်းစားများအတွင်း အာဏာခွဲဝေပေး၍ ၎င်းတို့၏ စည်းလုံးညီညွတ်မှုနှင့် အုပ်စိုးမှုကို ထိန်းသိမ်းထားရန် ထူထောင်ခြင်း ပြုခဲ့သော အုပ်ချုပ်ရေးကိရိယာမျှသာလျှင် ဖြစ်လေသည်။

ပုဂံမင်းဆက်၏ နောက်ဆုံးဖြစ်သော နရသီဟပတေ့မင်း (၁၂၅၄-၈၇) နန်းသက်အတွင်း မြန်မာနိုင်ငံ၏ စည်းလုံးညီညွတ်မှုသည် ကစဉ့်ကလျား ဖြစ်ကာ ပျက်စီး၍ သွားလေသည်။ ယင်းသို့ မဇ္ဈိမခေတ် မြန်မာနိုင်ငံသမိုင်းတွင် နှစ်ပေါင်း ၂၅၀ နီးပါးခန့်မျှ ခမ်းနားကြီးကျယ်ခဲ့သော ပုဂံပြည်၊ ပုဂံမင်းဆက်နှင့် မြန်မာနိုင်ငံ၏ စည်းလုံးညီညွတ်မှုများ ကစဉ့်ကလျား ဖြစ်ကာ ပျက်စီးသွားခဲ့ရခြင်း၏ အကြောင်းနှင့် ပတ်သက်၍ မြန်မာရာဇဝင်ဟောင်းများက လည်းကောင်း၊ ခေတ်သစ်သမိုင်း ပညာရှင်များက လည်းကောင်း အမျိုးမျိုးရေးသား ဖော်ပြကြလေသည်။ မည်ကဲ့သို့ပင် ဖြစ်စေ ယင်းသို့ ကစဉ့်ကလျား ဖြစ်ခဲ့ရခြင်း၏ အခြေခံအရင်းမှာ မြန်မာနိုင်ငံကို ပထမဦးဆုံးအကြိမ် သိမ်းသွင်းစည်းရုံးခြင်း ပြုရာတွင် အဓိက မောင်းနှင်ရေး အင်အားကြီး ဖြစ်သည်ဟု ဆိုရမည်ဖြစ်သော မြန်မာလူမျိုးများနှင့် ၎င်းတို့ ဗဟိုပြုရာ ပုဂံပြည်၏ အင်အား ဆုတ်ယုတ်မှုကြောင့်သာလျှင် ဖြစ်လေသည်။ ယင်းသို့ အင်အား ဆုတ်ယုတ်လျက် ရှိသော မြန်မာလူမျိုးများနှင့် ပုဂံပြည်ကို အုပ်စိုးခေါင်းဆောင်ကြသော ပုဂံမင်းဆက် မင်းညီမင်းသားများနှင့် ခေါင်းဆောင်များ၊ အကြီးအကဲများသည် မည်ကဲ့သို့မျှ တားဆီးခြင်း မပြုနိုင်ခဲ့ကြချေ။ ထိုမျှသာလျှင် မဟုတ်သေး၊ ၎င်းတို့အချင်းချင်းလည်း ကွဲပြားကြသေးသည်။

ပုဂံပြည်နှင့် ၎င်း၏ မင်းဆက်များ မပျက်စီးမီပင် မြန်မာနိုင်ငံ အနှံ့အပြား၌ ဆင်းရဲသား ကျေးတော်မျိုး၊ ကျွန်တော်မျိုးများ၏ ထကြွပုန်ကန်မှုများ တစ်စထက် တစ်စ တိုးတက် များပြားလာသည်။ မြန်မာရာဇဝင်ဟောင်းများ၌ နရသီဟပတေ့မင်း နန်းသက်

mgyoe.com

mgyobe.com SAMPLE BOOK

အတွင်း မုတ္တမနှင့် မစ္ဆဂီရိတို့၏ ထကြွပုန်ကန်မှုများကို နှိမ်နင်းရကြောင်းများ ဖော်ပြထား သည်။ အုပ်စိုးသူ လူတန်းစားအတွင်း ကွဲပြားကြသော အကြောင်းအရာများနှင့် စပ်လျဉ်း၍ ပုဂံမင်းဆက်၏ နောက်ဆုံးဘုရင် နရသီဟပတေ့နှင့် သားတော် သီဟသူ မင်းသားသည် လည်းကောင်း၊ အမတ်ကြီး ရာဇသင်္ကြန်နှင့် လည်းကောင်း စိတ်ဝမ်းကွဲပြားကြသည့် အကြောင်း များကို မြန်မာရာဇဝင်ဟောင်းများ၌ ရေးသားဖော်ပြကြသည်။

ယင်းအခြေအနေများကြောင့် ပုဂံခေတ်နောက်ပိုင်းတွင် ယူနန်နယ်ရှိ နန်ချိုနိုင်ငံ ပျက်စီး၍ မြန်မာနိုင်ငံ မြောက်ဘက်တစ်လွှားသို့ အလုံးအရင်းနှင့် တိုးဝှေ့ဝင်ရောက်လာ ကြသော ရှမ်းလူမျိုးများ၏ ထိုးဖောက် ခြိမ်းခြောက်မှုများကို မည်ကဲ့သို့မျှ ဟန့်တားခြင်း လည်း မပြုနိုင်ခဲ့ကြချေ။ ထို့ကြောင့် ရှမ်းလူမျိုးများနှင့် ၎င်းတို့၏ အကြီးအကဲများသည် မြန်မာနိုင်ငံ၏ စပါးကျီဖြစ်သော ကျောက်ဆည် လယ်တွင်းနယ်များအထိ အလုံးအရင်းနှင့် ဝင်ရောက်နေထိုင်ခြင်း ပြုကြလေသည်။ နရသီဟပတေ့မင်းကိုယ်တိုင် ယင်းရှမ်းလူမျိုး များနှင့် ၎င်းတို့၏ အကြီးအကဲများကို အသိအမှတ်ပြု လက်ခံလာခြင်းပင် ပြုလာရသည်။ မြန်မာရာဇဝင်ဟောင်းများ၌ ရှမ်းအကြီးအကဲတစ်ဦး၏ သမီးနှင့် နရသီဟပတေ့မင်း၏ သားကို မျိုးဆက်ပေးစားရကြောင်းဖြင့် ရေးသား ဖော်ပြကြသည်။

ပုဂံပြည်၏ မင်းဆက်ဘုရင်များနှင့် အကြီးအကဲများသည် မြောက်ဘက်နှင့် အရှေ့ဘက်တစ်လွှားမှသာလျှင် ရှမ်းလူမျိုးများ၏ ထိုးဖောက်ဝင်ရောက်မှုကို လျစ်လျူပြု ထားရသည် မဟုတ်သေးချေ။ တောင်ဘက်တစ်လွှားရှိ မွန်လူမျိုးများနှင့် ၎င်းတို့၏ အကြီး အကဲများ၏ ထောင်ထားခြင်း ခြားနားမှုများကိုလည်း မည်ကဲ့သို့မျှ မတားဆီးနိုင်ကြချေ။ မြန်မာရာဇဝင်ဟောင်းများ၏ ရေးသားဖော်ပြချက်များအရ ပုဂံပြည်နှင့် မင်းဆက်များ အပျက်အစီးတွင် မွန်မင်းဆက်ကို စတင်ထူထောင်သော ဝါရီရူ သည် မွန်လူမျိုးများနှင့် အကြီးအကဲများကို သိမ်းသွင်း ခေါင်းဆောင်ကာ မုတ္တမကို အခြေစိုက်လျက် ရှိနေလေပြီ။ ၎င်းအပြင် ရခိုင်ပြည်နယ် အကြီးအကဲများသည်လည်း ပုဂံမင်းများနှင့် အဆက်အသွယ် ဖြတ်လျက် သီးခြား မင်းပြုနေကြလေပြီ။

ယင်းကဲ့သို့သော အခြေအနေများနှင့် အချိန်အခါတွင် တရုတ်ကုန်းမြေကြီးကိုပင် အောင်နိုင်သိမ်းပိုက်ထားသော မောင်းဂွတ်ကေရာဇ် ကူဘလိုင်ခန် သည် ၎င်း၏ ကျော်ကြား လှသော မြင်းတပ်ကြီးများကို မြန်မာနိုင်ငံအတွင်းသို့ စေလွှတ်တိုက်ခိုက်ခြင်း ပြုလေရာ ပုဂံပြည်နယ်၊ ပုဂံမင်းဆက်နှင့် မြန်မာနိုင်ငံ၏ စည်းလုံးညီညွတ်မှုတို့သည် မည်ကဲ့သို့မျှ ထိန်သိမ်း၍ မရနိုင်တော့ဘဲ ကစဉ့်ကလျား ဖြစ်ကာ ပျက်စီးသွားခဲ့ရခြင်းသာ ဖြစ်လေသည်။

## (၃) အင်းဝနှင့် ဟံသာဝတီခေတ် မြန်မာနိုင်ငံ

ပုဂံခေတ် ပထမမြန်မာနိုင်ငံတော်၏ စည်းလုံးညီညွတ်မှု ပျက်စီးသွားခဲ့ရသော ၁၃ ရာစုခန့်မှ တောင်ငူ-ညောင်ရမ်းခေတ် ဒုတိယအကြိမ် မြန်မာနိုင်ငံ၏ စည်းလုံးညီညွတ်မှု

mgyobe.com

mgyoe.com SAMPLE BOOK

ကို ပြန်လည်သိမ်းသွင်း ထူထောင်ခြင်း ပြုနိုင်ခဲ့သော ၁၆ ရာစုခန့်အထိ မဇ္ဈိမခေတ် မြန်မာနိုင်ငံ၏ ကြားကာလသည် နှစ်ပေါင်း ၂၀၀ ကျော်ကျော် ၃၀၀ ခန့်မျှ ရှည်လျား ကြာမြင့်လေသည်။ ယင်းမဇ္ဈိမခေတ် မြန်မာနိုင်ငံ၏ ကြားကာလသည် ရှေးဟောင်း မြန်မာနိုင်ငံသမိုင်း၏ ဖြစ်ပေါ်မှုအဆင့်သို့အရှည်အချင်း အားဖြင့် ပြန်လည် ပြောင်းလဲကာ လျှော့ကျသွားသည်ဟု ဆိုနိုင်လိမ့်မည် ဖြစ်သော်လည်း အရေအတွက် အားဖြင့်မူကား များစွာ တိုးတက် မြင့်မားလာသည်ဟု ဆိုနိုင်လိမ့်မည် ထင်ပေသည်။

မဇ္ဈိမခေတ် မြန်မာနိုင်ငံသမိုင်းတွင် ပထမဦးဆုံးအကြိမ် မြန်မာနိုင်ငံကို တစ်ခုတည်းသော နိုင်ငံရေး ပထဝီဒေသ အဖြစ်ဖြင့် သိမ်းသွင်းစည်းရုံးကာ ထူထောင်ခြင်း ပြုခဲ့ကြသော မြန်မာလူမျိုးများနှင့် ၎င်းတို့၏ ပုဂံပြည်နှင့် ၎င်း၏ မင်းဆက်များ အင်အား ဆုတ်ယုတ် ပျက်စီးသွားသည်နှင့် တစ်ပြိုင်နက် မြန်မာနိုင်ငံသည် တစ်ခုတည်းသော၊ စည်းလုံးညီညွတ်သော နိုင်ငံရေး ပထဝီဒေသကြီး အဖြစ်မှ တစ်ခါတည်း ရပ်ဆိုင်းသွားလေသည်။ ယင်းမဇ္ဈိမခေတ် မြန်မာနိုင်ငံ သမိုင်း၏ ကြားကာလအတွင်း မြန်မာတိုင်းရင်းသား လူမျိုးများသည် သက်ဆိုင်ရာ ၎င်းတို့ အကြီးအကဲများ၏ ဦးဆောင်မှုများနှင့် မျိုးစုနွယ်စုအလိုက် သော်လည်းကောင်း၊ ဒေသအလျောက် သော်လည်းကောင်း မြို့ပြပြည်နယ်များ ထူထောင်ခြင်း ပြုကြလေသည်။ မြန်မာရာဇဝင်ဟောင်းများက ယင်းသမိုင်းကာလကို တိုင်းငယ်၊ ပြည်ငယ်များ ပေါ်များလှသော အခါသမယဟု ရေးသားဖော်ပြလေ့ ရှိကြလေသည်။

ယင်းမဇ္ဈိမခေတ် မြန်မာနိုင်ငံ၏ ကြားကာလအတွင်း မြန်မာနိုင်ငံသမိုင်း၏ ဖြစ်ပေါ်တိုးတက်မှုနှင့် ပြောင်းလဲမှုများတွင် ရှမ်းလူမျိုးများသည် များစွာ အရေးပါ ကြီးမားလှသော အခန်းကဏ္ဍမှ ပါဝင်လာကြခြင်းပင် ဖြစ်သည်။ သို့ရာတွင် ရှမ်းလူမျိုးများ၏ လှုပ်ရှားမှုကြီးကို မြန်မာနိုင်ငံသမိုင်းတစ်ခုတည်းတွင် ကျဉ်းကျဉ်းမြောင်းမြောင်း ကြည့်၍ မဖြစ်ချေ။ အဘယ့်ကြောင့်ဆိုသော် နန်ချိုနိုင်ငံကြီး ပျက်စီးသောအခါ အာရှတိုက် အရှေ့တောင်ပိုင်း ဒေသများသို့ အဟုန်ကြီးမားစွာဖြင့် ပျံ့နှံ့ဝင်ရောက်ခဲ့ကြသော ရှမ်းလူမျိုးများသည် အထက်မြန်မာနိုင်ငံနှင့် ဟူးကောင်းတောင်ကြားတို့ကို ဖြတ်သန်းကာ အိန္ဒိယကုန်းမြေ အာသံပြည်နယ်ဘက်တွင် အဟုန်းနိုင်ငံကို လည်းကောင်း၊ မဲခေါင်နှင့် မဲနန် မြစ်ကြောင်းများအတိုင်း တောင်ဘက် အရပ်ဒေသများသို့ တိုးဝှေ့စုန်ဆင်းသွားကြသော ရှမ်းလူမျိုးများသည် လာနှင့် ယိုးဒယား နိုင်ငံတို့ကို လည်းကောင်း ဖွဲ့စည်းထူထောင်ခြင်းများ ပြုခဲ့ကြသောကြောင့်ပင် ဖြစ်လေသည်။ ယင်းသို့ အာရှအရှေ့တောင်ပိုင်း ဒေသများသို့ တိုးဝှေ့စုန်ဆင်းလာကြသော ရှမ်းလူမျိုးများအနက် မြန်မာနိုင်ငံအတွင်းသို့ ပျံ့နှံ့ဝင်ရောက်လာခဲ့ကြသော ရှမ်းလူမျိုးများသည် ရှမ်းကုန်းပြင်မြင့်ဒေသ၊ အထက်ချင်းတွင်းမြစ်ဝှမ်း၊ ဧရာဝတီမြစ်ဝှမ်း ဒေသများနှင့် ကျောက်ဆည် လယ်တွင်းနယ်များအထိ ထိုးဖောက် ဝင်ရောက်လာကြပြီးလျှင် ၎င်းတို့၏ မျိုးစုနွယ်စုများအလိုက် မြို့ပြပြည်နယ်များကို ထူထောင်ကြလေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ကျောက်ဆည် လယ်တွင်းနယ်များ တစ်ဝိုက်တွင် မြင်စိုင်း၊ မက္ခရာနှင့် ပင်လယ်တို့သည် ပုဂံပြည်ကြီး မပျက်စီးမီကပင် ထူထောင်ထားသော ပြည်နယ်များ ဖြစ်ကြလေသည်။ ယင်း ရှမ်းလူမျိုး အကြီးအကဲများနှင့် ခေါင်းဆောင်များသည် ပုဂံမင်းဆက် မြန်မာဘုရင်တို့၏ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ယဉ်ကျေးမှုစနစ်များကို ဆက်ခံခြင်းပင် ပြုခဲ့ကြလေသည်။ မြန်မာရာဇဝင်ဟောင်းများ၌ ပုဂံမင်းဆက်များ၏ နောက်ဆုံး မိဖုရားကြီး ဖြစ်သော ဖွားစောကို ရှမ်းလူမျိုး အကြီးအကဲများက လေးလေးစားစား ဖိတ်ကြား၍ မြန်မာမှုများ နည်းခံလေ့လာခြင်း ပြုခဲ့ကြသည့် အကြောင်းအရာများကို ရေးသား ဖော်ပြကြလေသည်။ ယင်း လယ်တွင်းနယ်များမှ ရှမ်းလူမျိုး အကြီးအကဲများ၏ အဆက်အနွယ်များကပင် ပင်းယနှင့် စစ်ကိုင်းပြည်နယ်များကို လည်းကောင်း၊ မင်းဆက်များကိုလည်းကောင်း ထူထောင်ခဲ့ကြပြန်လေသည်။

မြန်မာနိုင်ငံ အရှေ့ဘက်ဒေသဖြစ်သောရှမ်းကုန်းပြင်မြင့်တွင် ယင်းသမိုင်းကာလပိုင်း လောက်ကပင်လျှင် အုန်းဘောင်၊ မိုးနဲ၊ ကျိုင်းတုံ၊ ညောင်ရွှေ၊ မိုးဗြဲနှင့် သိန္နီ အစရှိသော ပြည်နယ်ကလေးများကို လည်းကောင်း၊ မြန်မာနိုင်ငံ မြောက်ပိုင်းဒေသ ဖြစ်သော အထက်ချင်းတွင်းနှင့် ဧရာဝတီမြစ်ဝှမ်းများ တစ်ဝိုက်တွင် ကလေး၊ ခန္တီး၊ တောင်ကုတ်၊ မိုးကောင်း၊ မိုးညှင်း၊ ဗန်းမော်နှင့် မိုးမိတ် အစရှိသော ပြည်နယ်ကလေးများကို ထူထောင်ထားကြပြီး ဖြစ်လေသည်။သို့ရာတွင်ယင်းရှမ်းပြည်နယ်ကလေးများအသီးသီးကိုဦးဆောင်နေကြသော ရှမ်းလူမျိုး အကြီးအကဲများသည် ၎င်းတို့အချင်းချင်းသာ တိုက်ခိုက်ခြင်း ပြုနေကြသော်လည်း အင်အားကြီးမား၍ တစ်ခုတည်းသော ရှမ်းပြည်နယ်ကြီး ဖြစ်လာအောင် စုစည်းသိမ်းသွင်းခြင်း မပြုနိုင်ခဲ့ကြချေ။

အင်းဝမြို့ကို စတင်တည်ထောင်သော သတိုးမင်းဖျား (၁၃၆၅-၆၈) လက်ထက်မှ အစပြု၍၎င်း၏ဦးဆောင်မှုဖြင့်အထက်မြန်မာနိုင်ငံတစ်လွှားရှိရှမ်းပြည်နယ်ကလေးများနှင့် မြန်မာနိုင်ငံ အလယ်ပိုင်းရှိ မြန်မာပြည်နယ်ကလေးများကို စုစည်းသိမ်းသွင်းနိုင်ခဲ့ဟန် ရှိလေသည်။ သို့ရာတွင် ပုဂံခေတ် မြန်မာဘုရင်များကဲ့သို့ စနစ်တကျနှင့် ခိုင်ခိုင်မြဲမြဲ စုစည်းခြင်း မပြုနိုင်တော့ချေ။ မည်ကဲ့သို့ပင်ဖြစ်စေ သတိုးမင်းဖျား ထူထောင်ခဲ့သော အင်းဝမင်းဆက်ဘုရင်များသည် အထက်မြန်မာနိုင်ငံ တစ်လွှားရှိ ရှမ်းနှင့် မြန်မာလူမျိုးများကို နှစ်ပေါင်း ၂၀၀ နီးပါးခန့်မျှ ထိန်းသိမ်း အုပ်ချုပ်နိုင်ခဲ့ကြလေသည်။

ပုဂံခေတ် ပထမ မြန်မာနိုင်ငံတော်၏ စည်းလုံးညီညွတ်မှု ပျက်စီးသွားသောအခါ အထက်နှင့် အလယ်ပိုင်း မြန်မာနိုင်ငံတစ်လွှားကို ရှမ်းလူမျိုးများနှင့် ၎င်းတို့၏ အကြီးအကဲများ၊ နောက်ဆုံး အင်းဝမင်းဆက် ဘုရင်များက သိမ်းသွင်း အုပ်ချုပ်ခဲ့ကြသကဲ့သို့ အောက်မြန်မာနိုင်ငံတစ်လွှားတွင် မွန်လူမျိုးများနှင့် ၎င်းတို့၏ အကြီးအကဲများ၊ နောက်ဆုံး ဟံသာဝတီမင်းဆက် ဘုရင်များက သိမ်းသွင်း အုပ်ချုပ်ခဲ့ကြလေတော့သည်။ ယင်းသို့ အောက်မြန်မာနိုင်ငံတစ်လွှားရှိ မွန်လူမျိုးများနှင့် ၎င်းတို့၏ ပြည်နယ်ကလေးများကို စုစည်းသိမ်းသွင်း၍

mgyoe.com

mgyoe.com
SAMPLE BOOK

မွန်လူမျိုးများ၏ ကြီးကျယ်ခမ်းနားလှပေသော ရာမညတိုင်းကို ထူထောင်ခဲ့သူကား ဟံသာဝတီ မင်းဆက် ရာဇာဓိရာဇ် (၁၃၈၅-၁၄၂၃) ပင် ဖြစ်လေသည်။ ရာဇာဓိရာဇ် နန်းသက်သည် မြန်မာနိုင်ငံရှိ မွန်လူမျိုးများ၏ အကြီးကျယ် အခမ်းနားဆုံးသော သမိုင်းကာလပင် ဖြစ်လေသည်။

ယင်းသို့ အထက်မြန်မာနိုင်ငံတစ်လွှားကို အင်းဝမြို့အား ဗဟိုပြု၍ ရှမ်းလူမျိုး အကြီးအကဲများ လွှမ်းမိုးလျက် အောက်မြန်မာနိုင်ငံတစ်လွှားရှိ ဟံသာဝတီမြို့အား ဗဟိုပြုကာ ရာဇာဓိရာဇ် အစရှိသော မွန်လူမျိုး အကြီးအကဲများ လွှမ်းမိုးနေကြသော မဇ္ဈိမခေတ် မြန်မာနိုင်ငံသမိုင်း၏ ကြားကာလ တစ်လျှောက်လုံးလိုလို ရခိုင်ပြည်နယ်နှင့် မင်းဆက်များသည် အင်းဝဘုရင် မင်းကြီး စွာစော်ကဲ (၁၃၆၈-၁၄၀၁) လက်ထက်တွင် နန်းလျာ နှစ်ကြိမ် တောင်းခံခြင်းပြုသော ဆက်ဆံမှုက လွဲလျှင် ၎င်းတို့ဘာသာ သီးခြား လွတ်လပ်စွာ နေထိုင်ခဲ့လေသည်။ ၎င်းတို့၏ ကိုယ်ပိုင် အုပ်ချုပ်ရေးကို မကြာခဏ လာရောက် ခြိမ်းခြောက်ခြင်း ပြုလေ့ရှိကြသော အင်းဝမှ ရှမ်းလူမျိုး အကြီးအကဲများနှင့် ဟံသာဝတီမှ မွန်လူမျိုး အကြီးအကဲများကို သူရသတ္တိရှိရှိဖြင့် ခုခံတိုက်ခိုက်ကာ ၎င်းတို့၏ ပြည်နယ်နှင့် မင်းဆက်များကို ထိန်းသိမ်းနိုင်ခဲ့ကြလေသည်။

ဤသို့ ၁၄ ရာစုဝက်ခန့်မှ ၁၆ ရာစုဝက်ခန့်အထိ မဇ္ဈိမခေတ် မြန်မာနိုင်ငံသမိုင်း၏ ကြားကာလအတွင်း အင်းဝနှင့် ဟံသာဝတီ မင်းဆက်ဘုရင်များသည် မြန်မာနိုင်ငံတွင် ထီးပြိုင် နန်းပြိုင် စိုးစံခဲ့ကြရုံမျှသာမက အစုစုကွဲနေသော မြန်မာနိုင်ငံကို သူ့ထက်ငါ ဦးဆောင် သိမ်းသွင်း ထူထောင်နိုင်ရန်အတွက် ရှည်လျားကြာမြင့်သော စစ်ပွဲများကိုလည်း ဆင်နွှဲ တိုက်ခိုက်ခဲ့ကြလေသည်။ မွန်နှင့် မြန်မာရာဇဝင်ဟောင်းများနှင့် အရေးတော်ပုံများတွင် အင်းဝဘုရင် မင်းကြီး စွာစော်ကဲနှင့် ၎င်း၏ သားတော် မင်းခေါင် (၁၄၀၁-၂၂) တို့သည် ဟံသာဝတီဘုရင် ရာဇာဓိရာဇ်နှင့် နှစ်ပေါင်း ၄၀ ကြာမျှ စစ်မက်တိုက်ခိုက်ခဲ့ကြသော အကြောင်း အရာနှင့် အဖြစ်အပျက်များကို တခမ်းတနား ဖွဲ့နွဲ့ရေးသား ဖော်ပြကြသည်ကို တွေ့ရှိရလေ သည်။ သို့ရာတွင် အင်းဝနှင့် ဟံသာဝတီ အကြီးအကဲများသည် မြန်မာနိုင်ငံကို ပြန်လည် စုစည်း သိမ်းသွင်းခြင်းကား မပြုစွမ်းနိုင်ခဲ့ကြချေ။ မည်ကဲ့သို့ပင် ဖြစ်စေ ယင်းမဇ္ဈိမခေတ် မြန်မာနိုင်ငံသမိုင်း၏ ကြားကာလအတွင်း အင်းဝ၌ စိုးစံခဲ့ကြသော ရှမ်းလူမျိုးနှင့် ရှမ်း-မြန်မာ သွေးနှောသော အကြီးအကဲများအနက် သတိုးမင်းဖျား၊ မင်းကြီး စွာစော်ကဲ၊ မင်းခေါင်၊ သိုဟန်ဘွား (၁၅၂၃-၄၄) နှင့် မင်းကြီးရန်နောင် တို့သည် လည်းကောင်း၊ ဟံသာဝတီ၌ စိုးစံခဲ့ကြသော မွန်လူမျိုး အကြီးအကဲများအနက် ဗညားဦး (၁၃၅၄-၈၅) ရာဇာဓိရာဇ်၊ ရှင်စောပု (၁၄၅၃-၇၂) နှင့် ဓမ္မစေတီ (၁၄၇၂-၉၂) တို့သည် လည်းကောင်း ထင်ရှား ကြီးကျယ်ခဲ့သော ခေါင်းဆောင်ကြီးများပင် ဖြစ်ကြလေသည်။

မဇ္ဈိမခေတ် မြန်မာနိုင်ငံသမိုင်း၏ ကြားကာလအတွင်း မွန်၊ ရှမ်း၊ မြန်မာနှင့် ရခိုင် လူမျိုးများ၏ အခြေခံ စီးပွားရေးမှာ စိုက်ပျိုးရေး ကုန်ထုတ်လုပ်ငန်းမျှသာ ဖြစ်လေသည်။ လက်မှုလုပ်ငန်းနှင့် ကုန်သွယ်ရေး လုပ်ငန်းများလည်း ရှိသင့်သလောက် ရှိရာ တိုင်းတစ်ပါး

mgyoe.com

mgyoe.com SAMPLE BOOK

နှင့် ကူးသန်းရောင်းဝယ်မှုသည် ဤသမိုင်းကာလလောက်က စတင် ဖွံ့ဖြိုးလာသည်ဟု ယူဆရလေသည်။ သမိုင်းဝင် မှတ်တမ်းများအရ ထိုအချိန်က မြန်မာနိုင်ငံနှင့် အရောင်းအဝယ်ပြုလုပ်လို၍ ဥရောပဒေသမှ ခရီးသွားကုန်သည်များ မြန်မာနိုင်ငံသို့ လာရောက် လေ့လာစုံစမ်းကြကြောင်း သိရှိရလေသည်။ ယင်းသို့ လာရောက် လေ့လာစုံစမ်းကြသူများထဲတွင် အီတလီနိုင်ငံမှ နီကိုလိုဒီ၊ ကွန်တီ (၁၄၃၅) နှင့် ဆံတိုစတက်ပင်နို (၁၄၉၆)၊ ရုရှားနိုင်ငံမှ နီတိကင် (၁၄၇၀) တို့သည် ထင်ရှားသူများ ဖြစ်ကြလေသည်။

**(၄) တောင်ငူ–ညောင်ရမ်းခေတ် မြန်မာနိုင်ငံ**

မဇ္ဈိမခေတ် မြန်မာနိုင်ငံ၏ သမိုင်းကာလအတွင်း တောင်ငူ–ညောင်ရမ်း ဒေသများ တစ်ဝိုက်မှ မြန်မာလူမျိုး အကြီးအကဲများနှင့် ခေါင်းဆောင်များ ဖြစ်ကြသော တပင်ရွှေထီး (၁၅၃၁–၅၀)၊ ဘုရင့်နောင် ကျော်ထင်နော်ရထာ (၁၅၅၁–၈၁)၊ ညောင်ရမ်းမင်းသားကြီး၊ အနောက်ဘက်လွန် (၁၆၀၅–၂၀) နှင့် သာလွန် (၁၆၂၉–၄၈) စသူတို့သည် အစုစုကွဲကာ အချင်းချင်း တိုက်ခိုက်လျက် ရှိနေကြသော မြန်မာနိုင်ငံ တိုင်းရင်းသား လူမျိုးများနှင့် ၎င်းတို့၏ ပြည်နယ်များကို ဒုတိယအကြိမ် ပြန်လည်စည်းလုံး သိမ်းသွင်းခြင်း ပြုခဲ့ကြလေသည်။ ယင်း တောင်ငူ–ညောင်ရမ်းခေတ် မြန်မာနိုင်ငံ၏ သက်တမ်းသည် တပင်ရွှေထီးမှ နောက်ဆုံး မင်းဆက် ဘုရင် ဖြစ်သော မဟာဓမ္မရာဇာဓိပတိ (၁၇၃၃–၅၂) အထိ နှစ်ပေါင်း ၂၀၀ သာသာ ခန့်မျှ ရှည်လျား ကြာမြင့်လေသည်။ ဤ တောင်ငူ–ညောင်ရမ်း မင်းဆက်များ အုပ်စိုးခဲ့ကြသော သမိုင်းကာလအတွင်း တောင်ငူအရပ်ဒေသမှ အကြီးအကဲများ ဖြစ်ကြသော တပင်ရွှေထီး၊ ဘုရင့်နောင် ကျော်ထင်နော်ရထာနှင့် နန္ဒဘုရင် (၁၅၈၁–၉၉) တို့သည် မြန်မာနိုင်ငံ စည်းလုံး ညီညွတ်မှုကို အောက်မြန်မာနိုင်ငံ ဒေသတစ်လွှားရှိ မွန်လူမျိုးများနှင့် သင့်မြတ်ရင်းနှီးမှု ပေါ်တွင် အခြေခံကာ တည်ဆောက်ခဲ့ကြသော်လည်း ညောင်ရမ်းအရပ်နှင့် အထက်မြန်မာနိုင်ငံ ဒေသများမှ အကြီးအကဲများ ဖြစ်ကြသော ညောင်ရမ်းမင်းသားကြီးနှင့် ၎င်း၏ သားတော်ကြီးများ ဖြစ်ကြသော အနောက်ဘက်လွန်နှင့် သာလွန်တို့သည် အင်းဝကို ဗဟိုပြုသော အထက်မြန်မာနိုင်ငံ ဒေသကိုသာလျှင် အခြေခံခဲ့ ကြလေသည်။

တောင်ငူနယ်ကို ဗဟိုပြု၍ အကွဲကွဲဖြစ်နေသော မြန်မာနိုင်ငံကို သိမ်းသွင်းစည်းရုံးခြင်းပြုရာ၌ တပင်ရွှေထီး၊ ဘုရင့်နောင်ကျော်ထင်နော်ရထာနှင့် နန္ဒဘုရင်တို့သည် စစ်ရေးကို အဓိကဝါဒ အဖြစ်ဖြင့် ထားရှိ ကျင့်သုံးခဲ့ကြလေသည်။ သို့ရာတွင် ယင်းစစ်ရေးဝါဒကို အထောက်အပံ့ ပြုနိုင်သော စီးပွားရေးဝါဒနှင့် လုပ်ငန်းများကိုကား များစွာ အရေးထားခဲ့ကြဟန် မရှိချေ။ အထက်ဖော်ပြပါ တောင်ငူနယ် မြန်မာလူမျိုး အကြီးအကဲများသည် တပင်ရွှေထီး လက်ထက်မှ စတင်၍ နန္ဒဘုရင် နန်းသက် ကုန်ဆုံးသည်အထိ နှစ်ပေါင်း ၆၀ နီးပါးခန့်မျှ မနားမနေ စစ်ရေးဝါဒဖြင့် အောက်မြန်မာနိုင်ငံတစ်လွှားရှိ မွန်ပြည်နယ်များ၊ အထက်

mgyoe.com

mgyoe.com SAMPLE BOOK

မြန်မာနိုင်ငံ တစ်လွှားရှိ ရှမ်းပြည်နယ်များနှင့် အရှေ့ဘက်တစ်လွှားရှိ ရှမ်းပြည်နယ်များကို သာမက ယိုးဒယားနိုင်ငံကိုပင်လျှင် တိုးချဲ့သိမ်းသွင်းခြင်းပြုရန်အတွက် အားထုတ်ခဲ့ကြလေသည်။ သို့ရာတွင် ယင်းစစ်ရေးဝါဒ ထောက်ပံ့ခြင်း ပြုနိုင်ရန်အတွက် တောင်ငူနယ် မြန်မာလူမျိုး အကြီးအကဲများသည် စီးပွားရေးလုပ်ငန်းများကို တိုးချဲ့ခြင်း အမှုအား ပုဂံခေတ် မြန်မာ မင်းဆက် ဘုရင်များ လက်ထက်ကကဲ့သို့ လေးလေးစားစား ပြုလုပ်သည်ကိုကား မတွေ့ရှိကြရချေ။ တောင်ငူမင်းဆက် ဘုရင်များအနက် ဘုရင့်နောင် ကျော်ထင်နော်ရထာ လက်ထက်တွင် မြန်မာတစ်နိုင်ငံလုံးကိုသာ မိမိရရ စုစည်းသိမ်းသွင်းခြင်း ပြုနိုင်ရုံမျှမက ဇင်းမယ်၊ ယိုးဒယား၊ မဏိပူရနှင့် တရုတ်–မြန်မာ နယ်စပ်တစ်လျှောက်ရှိ မိုင်းမော၊ ဟိုသာ၊ လာသာ၊ မိုင်းလာနှင့် စန္ဒား အစရှိသော ကိုးရှမ်းပြည် ခေါ် ရှမ်း–တရုတ်နယ်များကိုပင် တိုးချဲ့ သိမ်းသွင်းခြင်း ပြုခဲ့ကြလေသည်။ သို့ရာတွင် ယင်းမျှလောက် ကြီးကျယ်သော နိုင်ငံကြီး တစ်နိုင်ငံကို ထိန်းသိမ်း ထောက်ပံ့နိုင်ရန်အတွက် လုံလောက်ခိုင်ခံ့သော စီးပွားရေးလုပ်ငန်းများ မရှိခဲ့ချေ။ ဘုရင့်နောင် နန်းသက်အတွင်း ပင်လယ်ဆိပ်ကမ်းမြို့ကြီးများကို စနစ်တကျ အုပ်ချုပ်၍ နိုင်ငံခြား ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများကို ထူထောင်ခဲ့သည်ဟု မြန်မာရာဇဝင်များက ရေးသားဖော်ပြကြလေသည်။ သို့ရာတွင် ပြည်တွင်းစီးပွားရေး၏ အခြေခံဖြစ်သော စိုက်ပျိုးရေးနှင့် ကုန်သွယ်ရေးလုပ်ငန်းများကို မည်ကဲ့သို့ တိုးချဲ့ လုပ်ကိုင်ကြောင်းကိုကား ဘာမျှ ဖော်ပြခြင်း မပြုကြချေ။ ထို့ကြောင့် တောင်ငူဒေသမှ မြန်မာလူမျိုး အကြီးအကဲများ၊ ဒုတိယအကြိမ် စည်းရုံးခြင်း ပြုကြသော မြန်မာနိုင်ငံသည် ကြာရှည်သဖြင့် တည်တံ့နိုင်ရန် စီးပွားရေး အခြေခံများ မရှိချေဟု ဆိုရပေလိမ့်မည်။ ဘုရင့်နောင် ကွယ်လွန်ပြီးနောက် ၎င်း၏ သားတော်ကြီး နန္ဒဘုရင် နန်းသက်အတွင်း တောင်ငူနယ် မြန်မာလူမျိုးများကို အခြေခံ၍ ထူထောင်ခဲ့သော မြန်မာနိုင်ငံတော်သည် ကစဉ့်ကလျားဖြစ်ကာ ပျက်စီးသွားလေသည်။

## (၅) ကိုလိုနီခေတ် သန်လျင်နယ်

ယင်းသို့ မြန်မာနိုင်ငံ ကစဉ့်ကလျား ဖြစ်နေသော သမိုင်းကာလအတွင်း မြန်မာနိုင်ငံ သမိုင်းတွင် သန်လျင်နယ်သည် ပထမဦးဆုံးအကြိမ်အဖြစ်ဖြင့် 'ကိုလိုနီဘဝ' သို့ ကျရောက်ခဲ့ရခြင်းလည်း ဖြစ်လေသည်။ ယင်း သန်လျင်နယ် ကို ကျူးကျော် သိမ်းပိုက်ခဲ့ကြသူများ သည်ကား ပေါ်တူဂီ ကိုလိုနီဝါသမား ဖိလစ်ဒီဘရစ်တို နှင့် ၎င်း၏ အပေါင်းအပါများ ဖြစ်ကြလေသည်။ မြန်မာရာဇဝင်ဟောင်းများ၌ ဖိလစ်ဒီဘရစ်တိုကို ငဇင်ကာ ဟူ၍ ရည်ညွှန်းဖော်ပြလေ့ရှိကြသည်ကို တွေ့ရလေသည်။ ယင်း ပေါ်တူဂီ ကိုလိုနီဝါဒသမား ငဇင်ကာသည် သန်လျင်မြို့ကို ၁၆၀၀ ပြည့်နှစ်မှ ၁၆၁၃ ခုနှစ်အထိ ကျူးကျော် အုပ်စိုးခဲ့လေသည်။

၁၅ ရာစုနှစ်အတွင်းလောက်မှ အစပြု၍ အာဖရိကတိုက်ကို ပတ်ကာ အိန္ဒိယ သမုဒ္ဒရာနှင့် အာရှတိုက်ကြီးတို့ကို စတင်တွေ့ရှိခဲ့ကြသော ပေါ်တူဂီ သင်္ဘောသားများနှင့်

mgyoe.com

mgyoe.com
SAMPLE BOOK

စွန့်စားရေးသမားများ သည် ၁၆ ရာစုဆန်းလျှင်ပင် အိန္ဒိယ သမုဒ္ဒရာနှင့် အာရှတိုက်တစ်ခွင်တွင် လှည့်လည် ကျက်စားခဲ့ကြလေသည်။ ယင်းပေါ်တူဂီ စွန့်စားရေးသမားများသည် တရုတ်၊ အိန္ဒိယနှင့် အာရှအရှေ့တောင်ပိုင်းဒေသနှင့် ကျွန်းစုများတွင် ကုန်သည်များအဖြစ်ဖြင့် လည်းကောင်း၊ သာသနာပြုများအဖြစ်ဖြင့် လည်းကောင်း၊ ပင်လယ်ဓားပြကြီးများ အဖြစ်ဖြင့် လည်းကောင်း၊ ကြေးစားစစ်သားနှင့် စွန့်စားရေးသမားများအဖြစ်ဖြင့် လည်းကောင်း အမျိုးမျိုး လှည့်လည် ကျက်စားခဲ့ကြလေသည်။

ယင်းသို့ လှည့်လည် ကျက်စားခဲ့ကြသော ပေါ်တူဂီ ကိုလိုနီဝါဒသမားများအနက် အချို့သော စွန့်စားရေးသမားများနှင့် ကြေးစားစစ်သားများသည် ၁၆ ရာစု ဆန်းခါစလောက် ကတည်းကပင် မြန်မာနိုင်ငံ တောင်ဘက် ပင်လယ်ကမ်းရိုးတန်းဒေသ တစ်ဝိုက်ရှိ မွန်လူမျိုး အကြီးအကဲများနှင့် ရခိုင်ကမ်းရိုးတန်းဘက်တွင် ရှိသော ရခိုင်ပြည်နယ် အကြီးအကဲများ ထံတွင် ကြေးစားစစ်သားများ အဖြစ်ဖြင့် ဝင်ရောက် အမှုထမ်းခဲ့ကြလေသည်။ အချို့သော ပေါ်တူဂီကြေးစား စစ်သားများသည် ဒုတိယမြန်မာနိုင်ငံတော်၏ စည်းလုံးမှုကို စတင် ဆောင်ရွက်ခဲ့ကြသော တောင်ငူနယ်မှ မြန်မာလူမျိုးအကြီးအကဲများ ဖြစ်ကြသည့် တပင် ရွှေထီးနှင့် ဘုရင့်နောင်တို့၏ လက်အောက်၌ပင် သေနတ်သမားများ အဖြစ်ဖြင့် အမှုထမ်းခဲ့ ကြသေးသည်။

အထက်ဖော်ပြပါ ဖိလစ်ဒီဘရစ်တိုခေါ် ငဇင်ကာသည် ၁၅၉၀ ခုနှစ်လောက်ကပင် ရခိုင်ပြည် အကြီးအကဲဖြစ်သူ မင်းဖလောင်း ထံ၌ ကြေးစားစစ်သားအဖြစ်ဖြင့် အမှုထမ်းခဲ့ သော စွန့်စားရေးသမားတစ်ဦး ဖြစ်လေသည်။ ယင်းသို့ အမှုထမ်းနေရာမှ ဟံသာဝတီကို တိုက်ခိုက် ဖျက်ဆီးပြီးသောအခါ ရခိုင်ဘုရင် မင်းဖလောင်းသည် ၎င်း၏ ကြေးစား ဗိုလ်မှူး ဒီဘရစ်တိုကို သန်လျင်မြို့စောင့် အဖြစ်ဖြင့် ထားရှိခဲ့လေသည်။ ထိုကဲ့သို့ အခွင့်ကောင်းကို စောင့်ဆိုင်း ချောင်းမြောင်းနေခဲ့သော ဒီဘရစ်တိုသည် အိန္ဒိယ ဂိုဝါနယ်တွင် ရှိသော ပေါ်တူဂီ ဘုရင်ခံချုပ်နှင့် အဆက်အသွယ်ပြုကာ သန်လျင်နယ်အား ပေါ်တူဂီ ကိုလိုနီအဖြစ်ဖြင့် အတိအလင်း ကြေညာ ထူထောင်ကာ အင်အားဖြည့်တင်းခြင်း ပြုလေသည်။ ထိုအမှုကို တားဆီးရန် ရခိုင်ဘုရင်သည် အားထုတ်သော်လည်း ဘာမျှ မတတ်နိုင်တော့ချေ။

ကိုလိုနီခေတ် သန်လျင်နယ် ၏ သက်တမ်းသည် ၁၃ နှစ်ခန့်မျှ ရှည်လျားကြာမြင့် လေသည်။ ယင်း ၁၃ နှစ်ခန့်မျှအတွင်း ကိုလိုနီဝါဒသမား ဒီဘရစ်တိုသည် မြန်မာနိုင်ငံ သန်လျင်နယ်ကို တရုတ်နိုင်ငံမှ မာကောက်နယ် နှင့် အိန္ဒိယနိုင်ငံရှိ ဂိုဝါနယ်များကဲ့သို့ ပေါ်တူဂီ တို့၏ အာရှတိုက် အခြေခံ ကိုလိုနီစခန်းကြီး တစ်ခု ဖြစ်အောင် ပြင်းပြင်းထန်ထန် အားထုတ် ခဲ့လေသည်။ ယင်းအမှုကို အိန္ဒိယနိုင်ငံ ဂိုဝါနယ်မှ ပေါ်တူဂီ ဘုရင်ခံချုပ်ကလည်း စစ်ရေး အားဖြင့် အကူအညီ အထောက်အပံ့များ ပေးခဲ့လေသည်။

သန်လျင်နယ်ကို ပေါ်တူဂီနယ်မြေအဖြစ်ဖြင့် အခြေခံခိုင်ခံ့သည်ထက် ခိုင်ခံ့စေရန်

mgyoe.com

mgyoe.com
SAMPLE BOOK

အတွက် ပရိယာယ်များလှသော ဒီဘရစ်တိုသည် မုတ္တမဘက်ရှိ မွန်လူမျိုး အကြီးအကဲ ဖြစ်သူ ဗညားဒလအား ၎င်း၏ သမီးကိုပင် ပေးအပ်ကာ မဟာမိတ် ပြုလေသည်။ ယင်းသို့ ၎င်း၏ အခြေအနေ တောင့်တင်းခိုင်ခန့်လာသည်နှင့် တစ်ပြိုင်နက် ကိုလိုနီဝါဒသမား ဒီဘရစ်တိုသည် သန်လျင်နယ်ကိုဗဟိုပြုသော ဧရာဝတီမြစ်ဝကျွန်းပေါ် ဒေသကြီးကို၎င်း၏ လက်အောက်ခံ ဖြစ်အောင် သိမ်းသွင်းစည်းရုံးရန် စတင်ပြင်ဆင်လေသည်။ ၎င်း၏ အင်အားမှာ တောင့်တင်း သလောက် တောင့်တင်းလာလေပြီ ဖြစ်၍ ထိုကာလက မြန်မာနိုင်ငံ၏ နိုင်ငံခြား ကူးသန်း ရောင်းဝယ်ရေးကိုပင် လက်ဝါးကြီး အုပ်မှန်းမသိ အုပ်လာသည်။

ထိုမျှသာလျှင် မဟုတ်သေး၊ ရိုင်းစိုင်းကြမ်းကြုတ်လှသော ကိုလိုနီဝါဒသမား ဒီဘရစ်တိုသည် ၎င်း၏ လက်အောက်ခံဖြစ်သော ဗုဒ္ဓဘာသာဝင် မွန်-မြန်မာ လူမျိုးများကို ဇာတ်သွတ်သွင်းရန် အကျပ်ကိုင် အကြမ်းဖက်သော အမှုများကိုပင် ပြုလုပ်လေသည်။ ဗုဒ္ဓ ဘာသာဝင်တို့၏ ဘုရားပုထိုးများကိုလည်း ဖျက်ဆီးကာ ဌာပနာပစ္စည်းများကို အတင်းအဓမ္မ ယူငင်လေသည်။ ဤနည်းဖြင့်လည်း ကိုလိုနီဝါဒသမား ဒီဘရစ်တိုသည် ၎င်း၏ ကိုလိုနီစနစ် နှင့် အုပ်ချုပ်မှုတို့ကို သက်ဆိုးရှည်စေနိုင်လိမ့်မည်ဟု တွက်ချက်ခြင်း ပြုခဲ့ပုံ ရလေသည်။

ဤမျှနှင့်လည်း ရောင့်ရဲခြင်း မရှိနိုင်သေးသော ကိုလိုနီဝါဒသမား ဒီဘရစ်တိုသည် ၁၆၁၂ ခုနှစ်တွင် ၎င်း၏ သမက်ဖြစ်သူ မုတ္တမမြို့စား ဗညားဒလနှင့် ပူးပေါင်းကာ တောင်ငူ နယ်ကိုပင် ကျူးကျော်တိုက်ခိုက်ခြင်းပြုလေသည်။ တောင်ငူဘုရင် နတ်သျှင်နောင်ကိုလည်း သန်လျင်သို့ ခေါ်ဆောင်သွားလေသည်။

၁၆၀၀ ခုနှစ်မှ ၁၆၁၃ ခုနှစ်အထိ မြန်မာနိုင်ငံ သန်လျင်နယ်သည် ပေါ်တူဂီကိုလိုနီ ဝါဒသမားများ၏ အခြေခံစခန်းအဖြစ်ဖြင့် ၁၃ နှစ် နီးပါးခန့်မျှ ကျရောက်ခဲ့ရလေသည်။ ၁၆၁၃ ခုနှစ်တွင် ညောင်ရမ်းဒေသမှ မြန်မာလူမျိုး အကြီးအကဲဖြစ်သူ အနောက်ဘက်လွန် သည် သံလျင်နယ်ကို အခိုင်အခံ့ အခြေခံစခန်း ပြုလုပ်ကာ မြန်မာနိုင်ငံအား စတင် ခြိမ်းခြောက် လျက် ရှိသော ဖိလစ်ဒီဘရစ်တို အမှူးပြုသော ပေါ်တူဂီ ကိုလိုနီဝါဒသမားများကို တိုက်ခိုက် ချေမှုန်းပစ်လိုက်လေသည်။ အိန္ဒိယနိုင်ငံ ဂိုဝါနယ်ရှိ ပေါ်တူဂီ ဘုရင်ခံချုပ်ထံမှ စစ်ကူပို့လိုက် သော စစ်သင်္ဘော ငါးစင်းအနက် လေးစင်းကိုလည်း တိုက်ခိုက်ဖျက်ဆီးခြင်း ပြုလိုက်လေ သည်။

(၁၉၆၃ ခုနှစ်ကမှ အိန္ဒိယနိုင်ငံရှိ ပေါ်တူဂီ ကိုလိုနီ ဝါဒသမားများ၏ အခြေခံစခန်း ဖြစ်သော ဂိုဝါနယ်ကို အိန္ဒိယအစိုးရက ရှင်းလင်း ဖျက်သိမ်းခြင်း ပြုလေရာ မြန်မာလူမျိုးများ ၏ ပေါ်တူဂီ ကိုလိုနီဝါဒ ဆန့်ကျင်ရေးစစ်ပွဲသည် နှစ်ပေါင်း ၃၅၀ တိတိမျှပင် ရှေးကျနေလေ သည်။ ။ စကားချပ်)

တောင်ငူဒေသမှ မြန်မာလူမျိုး အကြီးအကဲများ ပြန်လည် သိမ်းသွင်း ထူထောင်ခဲ့ သော မြန်မာနိုင်ငံ၏ စည်းလုံးညီညွတ်မှုသည် နန္ဒဘုရင် လက်ထက်တွင် ကစဥ့်ကလျား ဖြစ်ခဲ့

mgyoe.com

mgyoe.com SAMPLE BOOK

ရသည့် အကြောင်းကို အထက်တွင် ဖော်ပြထားခဲ့လေသည်။ သို့ရာတွင် မြန်မာနိုင်ငံသည် ကြာရှည်သဖြင့် ထိုကဲ့သို့ ကစဥ့်ကလျား ဖြစ်မနေချေ။ အထက်မြန်မာနိုင်ငံ ညောင်ရမ်းဒေသမှ မြန်မာလူမျိုး အကြီးအကဲများ ဖြစ်ကြသော ညောင်ရမ်းမင်းသားကြီး၊ အနောက်ဘက်လွန်နှင့် သာလွန်တို့သည် အချိန်အနည်းငယ်အတွင်း မြန်မာနိုင်ငံ၏ စည်းလုံး ငြိမ်သက်မှုကို ပြန်လည် ထိန်းမတ်ခြင်း ပြုခဲ့ကြလေသည်။

ညောင်ရမ်းမင်းသားကြီးသည် ဘုရင့်နောင် ကျော်ထင်နော်ရထာ၏ သားတော် တစ်ပါး ဖြစ်လေသည်။ ၎င်း၏ နောင်တော် နန္ဒဘုရင် နန်းစိုက်သော ဟံသာဝတီ မပျက်မီက ပင် အထက်မြန်မာနိုင်ငံနှင့် အရှေ့ဘက် ရှမ်းပြည်တစ်လွှားကို စုစည်းထားနှင့်ပြီး ဖြစ်လေ သည်။ မိတ္ထီလာနှင့် ကျောက်ဆည် လယ်တွင်းနယ်များကို စီးပွားရေးအရ တိုးတက် ဖွံ့ဖြိုး အောင် တိုးချဲ့စီရင်ထားပြီးလည်း ဖြစ်လေသည်။ ထို့ကြောင့် အထက်မြန်မာနိုင်ငံ အင်းဝမြို့ ကို ဗဟိုပြု၍ ကစဥ့်ကလျား ဖြစ်နေသော မြန်မာနိုင်ငံအား ပြန်လည်ထိန်းသိမ်း စုစည်းခြင်း အမှုကို ပြုလုပ်ရာတွင် ၎င်း၏ သားတော်ကြီး အနောက်ဘက်လွန်အတွက် အခြေခံများ ပြည့်စုံ ကောင်းမွန်နေခဲ့ခြင်း ဖြစ်လေသည်။ ယင်းသို့ ခမည်းတော်နှင့် နောင်တော် လုပ်သူတို့ စုစည်းထိန်းသိမ်းခြင်း ပြုထားခဲ့သော မြန်မာနိုင်ငံကို ငြိမ်းချမ်းသာယာအောင်နှင့် တိုးတက် ဖွံ့ဖြိုးအောင် ပြုလုပ်စွမ်းဆောင်ခဲ့သူသည်ကား သာလွန်မင်းပင် ဖြစ်လေသည်။

တောင်ငူ–ညောင်ရမ်း မင်းဆက် ဘုရင်များအနက် သာလွန်မင်းနှင့် ၎င်း၏ စစ်တမ်း များအကြောင်းကို မြန်မာရာဇဝင်ဟောင်းများ၌ တခမ်းတနား ရေးသားဖော်ပြလေ့ ရှိကြ လေသည်။ မဇ္ဈိမခေတ် မြန်မာနိုင်ငံသမိုင်း တစ်လျှောက်တွင် မြန်မာနိုင်ငံကို စိုးစံအုပ်ချုပ် ခဲ့ကြသော အခြားအခြားသော မြန်မာမင်းဆက် ဘုရင်များသည် ယင်းကဲ့သို့ နိုင်ငံတော်၏ အရပ်ရပ် အခြေအနေများကို သိရှိနိုင်ရန်အတွက် စစ်တမ်းများ ကောက်ခံခြင်း ပြုကြောင်း ဖော်ပြသော အကြောင်းအရာများကို မြန်မာရာဇဝင်ဟောင်းများ၌ မတွေ့ရှိရချေ။ သို့ရာတွင် သာလွန်မင်းသည် မြန်မာနိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေး၊ အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အရပ်ရပ် အခြေအနေများကို သိရှိနိုင်ရန်နှင့် ပြုပြင်နိုင်ရန်အတွက် ယင်းသို့ စစ်တမ်းကောက်ခံခဲ့ခြင်း ဖြစ်လေသည်။ ထိုစစ်တမ်းများမှ သိရှိရသော အချက်အလက်နှင့် အရပ်ရပ် အခြေအနေများကို ကြည့်ရှု၍ သာလွန်မင်းသည် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ လုပ်ငန်းများကို အမြော်အမြင် ရှိသော ပုဂံခေတ် မြန်မာမင်းဆက် ဘုရင်များကဲ့သို့ ပြုလုပ်သင့်သည်တို့ကို ပြုပြင်၍ တိုးချဲ့တန်သည်တို့ကို တိုးချဲ့ခဲ့လေသည်။ မြန်မာရာဇဝင်ဟောင်းများက သာလွန်မင်းသည် ကျေးတော်မျိုး၊ ကျွန်တော်မျိုးများထံမှ စည်းကြပ်ကောက်ခံသော အခွန်ဘဏ္ဍာတော်ငွေကို များစွာ စိစစ် သုံးစွဲသည့် အကြောင်းနှင့် စည်းကမ်းစနစ် အလွန်ရှိသည့် အကြောင်းများကို အလေးထား ရေးသား ဖော်ပြတတ်ကြလေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

သာလွန်မင်းနောက် အင်းဝကို ဗဟိုပြု၍ မြန်မာနိုင်ငံတွင် ဆက်လက် စိုးစံကြသော ညောင်ရမ်းမင်းဆက် ဘုရင်များ၊ သို့မဟုတ် မြန်မာလူမျိုး အကြီးအကဲများသည် မြန်မာနိုင်ငံ၏ စည်းလုံးညီညွတ်မှုကို ဆက်လက် ထိန်းသိမ်းခြင်း ပြုနိုင်ရန်အတွက် အမြော်အမြင်နှင့် သော်လည်းကောင်း၊ အရည်အချင်းနှင့် သော်လည်းကောင်း ပြည့်စုံကြသူများ မဟုတ်တော့ချေ။ မြန်မာရာဇဝင်ဟောင်းများ၏ ရေးသားဖော်ပြချက်အရ သာလွန်မင်း ကွယ်လွန်ပြီးနောက် ၎င်း၏ အရိုက်အရာကို ဆက်ခံသော ပင်းတလဲမင်း (၁၆၄၈–၆၁) သည် တရုတ်နိုင်ငံ မင် မင်းဆက်ဘုရင်၏ တပ်ပြေးများ မြန်မာနိုင်ငံအတွင်းသို့ ကျူးကျော် ဝင်ရောက်ကာ ထင်သလို ပြုမူနေကြသော အရေးအခင်းများကိုပင် မည်သို့မျှ အရေးယူ တားဆီးခြင်း မပြုဘဲ ကြည့်နေရသည့်အကြောင်း၊ ထို့ကြောင့် ၎င်းကို တိုင်းပြည်က နန်းမှ ဆွဲချပြီးလျှင် ပြည်မင်းကို နန်းတင်ရသည့် အကြောင်းများ တွေ့ရှိရလေသည်။

ညောင်ရမ်းမင်းဆက် နောက်ဆုံးဘုရင်ကား မဟာဓမ္မ ရာဇဓိပတိ ဖြစ်လေသည်။ ယင်း ရာဇဓိပတိဘွဲ့ခံ ဘုရင်သည် များစွာ အရည်အချင်း ညံ့ဖျင်းလှသော ခေါင်းဆောင်တစ်ဦး ဖြစ်လေရကား ၎င်း၏ နန်းသက်အတွင်း မဏိပူရ ပြည်နယ်မှ ကသည်းလူမျိုးများ၏ ဝင်ရောက် တိုက်ခိုက်ခြင်းနှင့် အင်းဝ မြောက်ဘက် တစ်လွှားရှိ ကွေ့ရှမ်းလူမျိုးများ၏ ပုန်ကန် ထကြွခြင်းများကို မည်ကဲ့သို့မျှ ဟန့်တားခြင်းပင် မပြုနိုင်ချေ။ ယင်းကဲ့သို့သော အခြေအနေတွင် မြန်မာနိုင်ငံ တောင်ဘက်တစ်လွှားရှိ မွန်လူမျိုးများသည် မြန်မာဘုရင် လက်အောက်မှ လွတ်မြောက်ရေးအတွက် ထကြွပုန်ကန်ခြင်း ပြုကြလေသည်။ ၎င်းတို့၏ အကြီးအကဲအဖြစ်ဖြင့် ၁၇၄၇ ခုနှစ်တွင် ဗညားဒလ ဆိုသူကို အများသဘောတူ ရွေးချယ် တင်မြှောက်ကြပြီးလျှင် မွန်မင်းဆက်ကို ပြန်လည်ထူထောင်ရန် စမ်းသပ် အားထုတ်ကြလေသည်။ ယင်း ဗညားဒလနှင့် ၎င်း၏ ကျော်ကြားခြင်း ရှိလှသော မွန်အမျိုးသား ဗိုလ်ချုပ်ကြီး တလပန်း တို့၏ ဦးဆောင်မှုဖြင့် မွန်အမျိုးသား လက်နက်ကိုင်တပ်များသည် အထက်မြန်မာနိုင်ငံသို့ပင် ချီတက်ကြပြီးလျှင် ၁၇၅၂ ခုနှစ်တွင် အင်းဝမြို့တော်ကို လွယ်လင့်တကူ တိုက်ခိုက် သိမ်းပိုက်ကာ ရာဇဓိပတိ ဆိုသော ညောင်ရမ်းမင်းဆက် နောက်ဆုံးဘုရင်ကို ဖမ်းဆီး ဆောင်ယူသွားကြလေသည်။

ယင်းသို့ တောင်ငူ–ညောင်ရမ်းခေတ် မြန်မာနိုင်ငံ၏ စည်းလုံးညီညွတ်မှု ပျက်စီးသွားပြီးနောက် မြန်မာနိုင်ငံအား တတိယအကြိမ် စည်းလုံးညီညွတ်သော နိုင်ငံရေးပထဝီဒေသကြီး အဖြစ်ဖြင့် ပြန်လည်သိမ်းသွင်း ထူထောင်ခြင်း ပြုနိုင်ရန်အတွက် မြန်မာနိုင်ငံ တိုင်းရင်းသား လူမျိုးကြီးတစ်မျိုး ဖြစ်ပေသော မွန်လူမျိုးများနှင့် ၎င်းတို့၏ အကြီးအကဲများအား များစွာကောင်းမွန်သော အခွင့်အရေးနှင့် အလားအလာများသည် ပွင့်လင်းလာခဲ့လေသည်။ သို့ရာတွင် ထိုသို့ပွင့်လင်းလာသော အလားအလာနှင့် အခွင့်အရေးများကို မွန်လူမျိုး အကြီးအကဲများသည် အသုံးပြုခွင့်ပင်လျှင် မရရှိလိုက်ကြချေ။ အဘယ့်ကြောင့်ဆိုသော်

mgyoe.com

mgyoe.com SAMPLE BOOK

အင်းဝမြို့တော်ကိုသာ တိုက်ခိုက် သိမ်းပိုက်နိုင်သော်လည်း မြန်မာလူမျိုးများ အင်အား ကြီးမား ကောင်းမွန်လှသော အထက်မြန်မာနိုင်ငံ ဒေသတစ်လွှားကို စည်းရုံး သိမ်းသွင်းခြင်း မပြုရမီ ယိုးဒယားနိုင်ငံက တနင်္သာရီ ကမ်းရိုးတန်းဒေသများကို ခြိမ်းခြောက်လာသောကြောင့်ပင် ဖြစ်လေသည်။ ယင်းသို့ နောက်ပိုင်းမှ ရန်ကို ရှင်းလင်းခြင်း ပြုရန်အတွက် မွန်လူမျိုး အကြီး အကဲများသည် အာရုံစူးစိုက် ပြင်ဆင်နေကြရခိုက် အထက်မြန်မာနိုင်ငံတစ်လွှား၊ အထူး သဖြင့် ရွှေဘိုနယ် မူးမြစ်ဝှမ်း ဒေသတစ်ဝိုက်မှ မြန်မာလူမျိုးများနှင့် ၎င်းတို့၏ အကြီးအကဲ များသည် အထက်မြန်မာနိုင်ငံနှင့် အင်းဝမြို့တွင် အစောင့်ချထားသော မွန်အမျိုးသား လက်နက် ကိုင်တပ်များကို စတင်တွန်းလှန် တိုက်ခိုက်ခြင်း ပြုကြလေတော့သည်။ စစ်မျက်နှာ နှစ်ခု အကြားတွင် ညှပ်မိနေသော မွန်လူမျိုး အကြီးအကဲများသည် ယင်းသို့ဖြင့် မြန်မာနိုင်ငံကို ၎င်းတို့၏ ဦးဆောင်မှုဖြင့် သိမ်းသွင်း ထူထောင်ရန် အခွင့်အရေးကို လက်လွှတ်ခဲ့ကြရလေ သည်။

မဏ္ဍိုမခေတ် မြန်မာနိုင်ငံသမိုင်း တောင်ငူ–ညောင်ရမ်း မင်းဆက်ဘုရင်များ လက် ထက်မှ စတင်၍ မြန်မာနိုင်ငံသည် ဥရောပတိုက် ကိုလိုနီဝါဒသမားများနှင့် ဆက်ဆံ တွေ့ထိ ခဲ့ရခြင်းသည် ယင်းသမိုင်းကာလ၏ ထူးခြားချက် တစ်ရပ်ပင် ဖြစ်သည်ဟု ဆိုရပေလိမ့်မည် ထင်ပေသည်။ ၁၆၁၃ ခုနှစ်တွင် မြန်မာနိုင်ငံ ပင်လယ်ဆိပ်ကမ်းမြို့ကြီး တစ်မြို့ ဖြစ်ပေ သော သန်လျင်နယ်ကို ၎င်းတို့၏ ခြေကုပ်စခန်း အဖြစ်ဖြင့် အနိုင်အမာ ပြုလုပ်ကာ သိမ်းပိုက် ထားသော ဒီဘရစ်တို အမှူးပြုသော ပေါ်တူဂီ စွန့်စားရေးသမားများနှင့် ဆင်နွှဲတိုက်ခိုက် ခြင်း ပြုခဲ့ရသော သန်လျင်စစ်ပွဲသည် မြန်မာလူမျိုးများ၏ ရှေးအကျဆုံး ဖြစ်သော ကိုလိုနီ စနစ် ဆန့်ကျင်ရေးတိုက်ပွဲ ဖြစ်သည်ဟု ဆိုရပေလိမ့်မည်။ ယင်း ကိုလိုနီစစ်ပွဲ ကာလကပင် ပေါ်တူဂီ ကိုလိုနီ ဝါဒသမားများသည် မွန်–မြန်မာနှင့် ရခိုင်အမျိုးသား အကြီးအကဲများအတွင်း ဖြစ်ပွားပေါ်ပေါက်နေသော ပဋိပက္ခကို လည်းကောင်း၊ မြန်မာလူမျိုး အကြီးအကဲများထဲမှ နတ်သျှင်နောင်ကဲ့သို့ ပျော့ညံ့သော ခေါင်းဆောင်များကို လည်းကောင်း ကျွမ်းကျင်စွာ အသုံး ချခဲ့ကြသည်ကိုလည်း ပြန်လည်စိစစ်နိုင်လေသည်။

တောင်ငူ–ညောင်ရမ်းခေတ် မြန်မာနိုင်ငံ သမိုင်းကာလပိုင်း ဖြစ်သော ၁၆၁၃ ခုနှစ် တွင် အနောက်ဘက်လွန် ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံသားများသည် သန်လျင်နယ် ကိုလိုနီစနစ် ဆန့်ကျင်ရေး စစ်ပွဲကို တိုက်ခိုက်ခဲ့ကြရပြီးနောက် များမကြာမီ အခြား ဥရောပ ကိုလိုနီဝါဒ သမားများ၏ ထိုးဖောက်ဝင်ရောက်မှုများနှင့် ရင်ဆိုင်ခြင်း ပြုကြရပြန်လေသည်။ ယင်း ဥရောပ ကိုလိုနီ ဝါဒသမားများသည်ကား ဒပ်ချ်၊ ဗြိတိန်နှင့် ပြင်သစ် တို့ပင် ဖြစ်ကြလေသည်။ ယင်းကိုလိုနီဝါဒသမား သုံးဦးတို့အနက် မြန်မာနိုင်ငံအား ပေါ်တူဂီ ကိုလိုနီဝါဒသမားများ နောက်ပိုင်းတွင် ရှေးဦးစွာ ထိုးဖောက် ခြေကုပ်ယူရန် စမ်းသပ် အားထုတ်ကြသူများကား ဒပ်ချ် နှင့် ဗြိတိန်တို့ပင် ဖြစ်ကြလေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဂျာဝါးကျွန်းကို အခြေစိုက်သော ဒပ်ချ် ကိုလိုနီဝါဒသမားများသည် ၁၆၂၇ ခုနှစ်လောက်ကပင် ပဲခူး၊ သန်လျင်နှင့် အင်းဝမြို့များတွင် ၎င်း၏ အလုပ်ရုံများကို လာရောက်ဖွင့်လှစ် တည်ထောင်၍ မြန်မာနိုင်ငံနှင့် အဆက်အသွယ်များ ပြုလုပ်ကြလေသည်။ အိန္ဒိယနိုင်ငံကို အခြေစိုက်သော ဗြိတိသျှ ကိုလိုနီဝါဒသမားများသည် ၁၆၂၇ ခုနှစ်တွင်ပင် သန်လျင်၊ ပြည်၊ အင်းဝနှင့် ဗန်းမော်မြို့များတွင် ဒပ်ချ်တို့နည်းတူ ကုန်တိုက်များကို ဖွင့်လှစ်တည်ထောင်၍ မြန်မာနိုင်ငံနှင့် အဆက်အသွယ်များ ပြုလုပ်လာကြသည်။ ၁၉၈၇ ခုနှစ်တွင် ဟိုင်းကြီးကျွန်းကို ခြေကုပ်စခန်း ပြုလုပ်ရန် စမ်းသပ်ကြည့်ကြလေသည်။ ၁၇၆၉ ခုနှစ်တွင် မြန်မာနိုင်ငံမှ ကျွန်းသစ်များကို ထုတ်ယူခွင့်ရအောင် ကြံဆောင်ကာ သန်လျင်မြို့တွင် ပင်လယ်ကူး သင်္ဘောများ ဆောက်လုပ်ကြလေသည်။ ၁၇ ရာစု အကုန်နှင့် ၁၈ ရာစု ဆန်းခါစ အချိန်ကာလများအထိ ဗြိတိသျှ ကိုလိုနီဝါဒသမားများသည် မြန်မာနိုင်ငံမှ သန်လျင်နှင့် ရန်ကုန်မြို့များအား သင်္ဘောဆောက်လုပ်ရေး ဌာနကြီးများအဖြစ်ဖြင့် ထားရှိ ဆောက်လုပ်ကာ ဥရောပနိုင်ငံများသို့ တင်ပို့ရောင်းချခြင်း ပြုခဲ့ကြလေသည်။

ပြင်သစ် ကိုလိုနီဝါဒသမားများမှာကား ဒပ်ချ်နှင့် ဗြိတိသျှ ကိုလိုနီဝါဒသမားများတို့ထက် နောက်ကျ၍ ဗြိတိန်ကဲ့သို့ နည်းတူပင် အိန္ဒိယနိုင်ငံ ခြေကုပ်စခန်းများမှတစ်ဆင့် မြန်မာနိုင်ငံကို ထိုးဖောက်ဝင်ရောက်ကာ ၎င်းအတွက် ခြေကုပ်စခန်းများ ရယူရန် အားထုတ်ကြသူများ ဖြစ်လေသည်။ ပြင်သစ် ကိုလိုနီဝါဒသမားများသည် ၎င်းတို့၏ အရှေ့အိန္ဒိယကုမ္ပဏီ တိုက်ခွဲတစ်ခုကို ၁၆၇၇ ခုနှစ်လောက်တွင်မှ သန်လျင်၌ လာရောက် ဖွင့်လှစ်ကာ အရောင်းအဝယ်များ ပြုလုပ်ကြလေသည်။ ၎င်းတို့သည် ဥရောပဒေသကို ဗဟိုပြုကာ ကမ္ဘာနှင့်အဝန်းတွင် ဗြိတိသျှ ကိုလိုနီဝါဒသမားများနှင့် ယှဉ်ပြိုင်ဘက်များ ဖြစ်သည့်အလျောက် သန်လျင်တွင် ပင်လယ်ကူးသင်္ဘော ဆောက်လုပ်ရေး အလုပ်ရုံကြီးများကို တည်ထောင်ကာ မြန်မာနိုင်ငံမှ ဈေးပေါပေါနှင့် လွယ်လွယ်ကူကူ ရရှိနိုင်သော ကျွန်းသစ်များဖြင့် ပင်လယ်ကူးသင်္ဘောများကို ဆောက်လုပ်ကြလေသည်။ ထို့နောက် နှစ်ပေါင်းများစွာ ဗြိတိန်နှင့် ယှဉ်ပြိုင်ကာ ယင်း ပင်လယ်ကူးသင်္ဘောကြီးများကို အိန္ဒိယနှင့် ဥရောပတိုင်းပြည်များသို့ တင်ပို့ရောင်းချခြင်း ပြုခဲ့လေသည်။

မဇ္ဈိမခေတ် မြန်မာနိုင်ငံသမိုင်းကာလပိုင်း ဖြစ်သော တောင်ငူ–ညောင်ရမ်း မင်းဆက်များ ခေတ်ကတည်းကပင် ရှေးဦးစွာ ပေါ်တူဂီ ကိုလိုနီဝါဒသမားများ၊ ထို့နောက် ဒပ်ချ်၊ ဗြိတိန်နှင့် ပြင်သစ် ကိုလိုနီဝါဒသမားများသည် မြန်မာနိုင်ငံ၌ ၎င်းတို့၏ ခြေကုပ်စခန်းများ ရယူနိုင်ရေးအတွက် သူ့ထက်ငါ ယှဉ်ပြိုင်ထိုးဖောက် ဝင်ရောက်ခြင်း ပြုခဲ့ကြလေသည်။ ပေါ်တူဂီ ကိုလိုနီဝါဒသမားများကို မြန်မာတို့က ၁၇ ရာစုနှစ်များ ဆန်းခါစလောက်ကပင် မြန်မာ့မြေပြင်မှ ရှင်းလင်း မောင်းထုတ်လိုက်ကြလေသည်။ ထို့ကြောင့် ဒပ်ချ်၊ ဗြိတိန်နှင့် ပြင်သစ်တို့ သုံးဦးသည် ပေါ်တူဂီ စွန့်စားရေးသမားများထက် လိမ္မာပါးနပ်စွာ ချဉ်းကပ် ထိုးဖောက်

mgyoe.com

mgyoe.com SAMPLE BOOK

ခြင်း ပြုလာကြလေသည်။ ယင်းသို့ ၁၇ ရာစုနှစ်များအတွင်း ဒပ်ချ်၊ ဗြိတိန်နှင့် ပြင်သစ် ကိုလိုနီဝါဒသမား သုံးဦးတို့ မြန်မာနိုင်ငံတွင် ၎င်းတို့၏ ခြေကုပ်စခန်းများ အသီးသီးဖြင့် ရှိနေခဲ့ကြရာမှ ကျန်ကိုလိုနီဝါဒသမား နှစ်ဦးတို့နှင့် မြန်မာနိုင်ငံတွင် ဆက်လက် ယှဉ်ပြိုင်ခြင်း ပြုနိုင်ဟန် မရှိသော ဒပ်ချ်တို့သည် ၁၆၇၇ ခုနှစ်တွင် ၎င်းတို့၏ အလုပ်ရုံ၊ စက်ရုံ အစရှိသော ခြေကုပ်စခန်းများနှင့် အဆက်အသွယ်များကို ရုပ်သိမ်းဖြတ်တောက်ကာ ၎င်းတို့၏ မူလ ဗဟိုဌာနကြီး ဖြစ်သော ဂျာဝါးကျွန်းသို့ ပြန်လည် ဆုတ်ခွာသွားကြလေသည်။ ထို့ကြောင့် မဇ္ဈိမခေတ် မြန်မာနိုင်ငံ သမိုင်းကာလ တောင်ငူ-ညောင်ရမ်း မင်းဆက်နှင့် မြန်မာနိုင်ငံ၏ စည်းလုံးညီညွတ်မှု ပျက်စီးရသော ၁၈ ရာစုဝက်လောက်တွင် မြန်မာနိုင်ငံ၌ ပြင်သစ်နှင့် ဗြိတိန် ကိုလိုနီဝါဒသမား နှစ်ဦးတို့သာလျှင် ၎င်းတို့၏ အလုပ်ရုံ၊ စက်ရုံများ၊ အဆက်အသွယ်များ၊ ခြေကုပ်စခန်းများနှင့် ကျန်ရစ်လေသည်။ ယင်း ကိုလိုနီဝါဒသမား နှစ်ဦးတို့ ကျန်ရှိနေခြင်းကို အကြောင်းပြု၍ မဇ္ဈိမခေတ် မြန်မာနိုင်ငံ သမိုင်းကာလ၏ ကုန်းဘောင်မင်းဆက်နှင့် တတိယ အကြိမ် မြန်မာနိုင်ငံ၏ စည်းလုံးညီညွတ်မှုကို ထူထောင် သိမ်းသွင်းခြင်း ပြုရာတွင် လည်းကောင်း၊ အနာဂတ် မြန်မာနိုင်ငံသမိုင်း၏ ဖြစ်ပေါ်တိုးတက်မှုနှင့် အပြောင်းအလဲများတွင် လည်းကောင်း တစ်မျိုးတစ်ဖုံ ဖြစ်ပေါ် တိုးတက်ခြင်းနှင့် ပြောင်းလဲခြင်းများ ပေါ်ပေါက်လာရခြင်းလည်း ဖြစ်လေသည်။

## (၆) ကုန်းဘောင်ခေတ် မြန်မာနိုင်ငံ

မဇ္ဈိမခေတ် မြန်မာနိုင်ငံ သမိုင်းကာလဖြစ်သော ကုန်းဘောင်ခေတ် မြန်မာနိုင်ငံ၏ စည်းလုံးညီညွတ်မှု သက်တမ်းသည် နှစ်ပေါင်း ၈၀ သာသာမျှသာ ကြာမြင့်လေသည်။ တောင်ငူ-ညောင်ရမ်း မင်းဆက်များ ပျက်စီးသွားပြီးနောက် ကစဉ့်ကလျား ဖြစ်နေသော မြန်မာနိုင်ငံအား ပြန်လည်သိမ်းသွင်း၍ စည်းရုံး ထူထောင်ရန် အားထုတ် ကြိုးပမ်းလျက် ရှိနေကြသော မွန်လူမျိုးများနှင့် ၎င်းတို့၏ အကြီးအကဲများ လက်ဝယ်မှ ယင်းနိုင်ငံရေး ဦးဆောင်မှုကို ပြန်လည်တိုက်ခိုက် ယူငင်ခြင်းပြုခဲ့ပေသော မြန်မာလူမျိုး အကြီးအကဲဖြစ်သူ ဦးအောင်ဇေယျ (၁၇၅၃-၆၀) မှ အစပြုကာ ၎င်း၏ သားတော်များ ဖြစ်ကြသော နောင်တော်ကြီး (၁၇၆၀-၆၃)၊ ဆင်ဖြူရှင် (၁၇၆၃-၇၈)၊ ဘိုးတော်ဘုရား (၁၇၈၂-၁၈၁၉) နှင့် ၎င်းတို့၏ အဆက်အနွယ်များ ဖြစ်ကြသော စဉ့်ကူးမင်း (၁၇၇၆-၈၂) ဘကြီးတော် (၁၈၁၉-၃၇) အစရှိသော ကုန်းဘောင်မင်းဆက် ဘုရင်များသည် ယင်း နှစ်ပေါင်း ၈၀ သာသာခန့်အတွင်း စည်းလုံးညီညွတ်သော ကုန်းဘောင်ခေတ် မြန်မာနိုင်ငံတော်ကို သိမ်းသွင်းစည်းရုံးကာ ထိန်းသိမ်းအုပ်ချုပ်ခြင်း ပြုခဲ့ကြလေသည်။ သို့ရာတွင် ဘကြီးတော် နောက်ပိုင်း ကုန်းဘောင်မင်းဆက် ဘုရင်များ ဖြစ်ကြသော သာယာဝတီမင်း (၁၈၃၇-၄၆)၊ ပုဂံမင်း (၁၈၄၆-၅၃)၊ မင်းတုန်းမင်း (၁၈၅၃-၇၈) နှင့် သီပေါမင်း (၁၈၇၈-၈၅) အစရှိသော မြန်မာနိုင်ငံ အကြီး

mgyoe.com

mgyoe.com SAMPLE BOOK

အကဲ ဆိုသူများသည် မဇ္ဈိမခေတ် မြန်မာနိုင်ငံသမိုင်း တစ်လျှောက်လုံး မြန်မာနိုင်ငံ တိုင်းရင်းသား လူမျိုးများ ထူထောင်ထိန်းသိမ်းခြင်း ပြုခဲ့ကြသော မြန်မာ့နိုင်ငံရေး ပထဝီဒေသကြီး တစ်ခုလုံးကို ဆက်လက် ထိန်းသိမ်းခြင်းနှင့် စိုးစံခြင်း ပြုနိုင်ကြသူများ မဟုတ်ကြတော့ချေ။ ထို့ကြောင့် ကုန်းဘောင်ခေတ် မြန်မာနိုင်ငံ သမိုင်းကိုပင် ကိုလိုနီခေတ် မတိုင်မီနှင့် နောက်ပိုင်း ဟူ၍ ပိုင်းခြားသင့်သည်ဟု ထင်မြင်မိပေသည်။ ဘကြီးတော် မတိုင်မီ ကုန်းဘောင်ခေတ် မြန်မာနိုင်ငံကို မဇ္ဈိမခေတ် မြန်မာနိုင်ငံသမိုင်း၏ ကာလအပိုင်းအခြား အတွင်း၌ ထည့်သွင်းခြင်း ပြုနိုင်လိမ့်မည် ဖြစ်သော်လည်း ဘကြီးတော်နောက်ပိုင်း ကုန်းဘောင်ခေတ် မြန်မာနိုင်ငံကိုမူကား ကိုလိုနီခေတ် မြန်မာနိုင်ငံသမိုင်း၏ ကာလအပိုင်းအခြားအတွင်း၌ ထည့်သွင်းခြင်း ပြုရလိမ့်မည် ထင်ပေသည်။ အခြေခံအားဖြင့်လည်း ဘကြီးတော် မတိုင်မီ ကုန်းဘောင်ခေတ် မြန်မာနိုင်ငံသမိုင်း၏ ဖြစ်ပေါ်တိုးတက်မှုသည် မဇ္ဈိမခေတ် သမိုင်း၏ ဖြစ်ပေါ် တိုးတက်မှု အတွင်း၌သာ ရှိသည်ကို တွေ့ရလေသည်။ သို့ရာတွင် ဘကြီးတော် နောက်ပိုင်း ကုန်းဘောင်ခေတ် မြန်မာနိုင်ငံသမိုင်း၏ ဖြစ်ပေါ်တိုးတက်မှုနှင့် ပြောင်းလဲမှုများသည် အခြေခံအားဖြင့် ကိုလိုနီခေတ် သမိုင်း၏ ဖြစ်ပေါ်တိုးတက်မှု နယ်နိမိတ်အတွင်း၌သာလျှင် ဖြစ်လေသည်။ မြန်မာနိုင်ငံ ပထမ ကိုလိုနီစစ်ပွဲကို တိုက်ခိုက်ခဲ့စဉ်တုန်းကသာလျှင် ယင်းစစ်ပွဲအား အဆုံးသတ်သော ရန္တပို စာချုပ်ကို ဗြိတိသျှ ကိုလိုနီဝါဒသမားများသည် နှစ်ဦးနှစ်ဘက် ချုပ်ဆိုခဲ့ကြသေးသော်လည်း မြန်မာနိုင်ငံ ဒုတိယ ကိုလိုနီစစ်ပွဲ အပြီးတွင် အိန္ဒိယနိုင်ငံ ဗြိတိသျှ ဘုရင်ခံချုပ်က လော့ဒ်ဒါလဟိုဇီနှင့် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိသျှ မဟာဝန်ရှင်တော်မင်းဆာအာသာဖယ်ရာတို့သည် နှစ်ဦးနှစ်ဘက် သဘောတူသော စာချုပ်ကို ချုပ်ဆိုခြင်း မပြုရုံမျှသာမက အောက်မြန်မာနိုင်ငံ ပဲခူးတိုင်းကြီး တစ်တိုင်းလုံးကို ၎င်းတို့သဘော တစ်ခုတည်းနှင့် သိမ်းပိုက်ကြောင်း ကြေညာကာ ဗြိတိသျှ မြန်မာနိုင်ငံနှင့် အထက် မြန်မာနိုင်ငံတို့၏ နယ်နိမိတ် မျဉ်းကြောင်းကိုလည်း ၎င်းတို့၏ သဘောတစ်ခုတည်းနှင့် သတ်မှတ်ရေးဆွဲခြင်း ပြုခဲ့ကြသည်ပင် မဟုတ်သလော။ မြန်မာနိုင်ငံ ဒုတိယနှင့် တတိယ ကိုလိုနီစစ်ပွဲများ၏ ကြားကာလအတွင်း အမရပူရ နှင့် မန္တလေး တို့ကို ဗဟိုပြု၍ အထက်မြန်မာနိုင်ငံ တစ်လွှားကို စိုးစံခဲ့ကြသော မင်းတုန်း နှင့် သီပေါ အစရှိသော ကုန်းဘောင်မင်းဆက် မြန်မာဘုရင်များ၏ ဘဝသည် ကုန်းခေါင်ခေါင်တွင် အဘက်ဘက်က ပိတ်ဆို့ဝိုင်းဝန်းခြင်း ခံနေရသော ဗြိတိသျှ ကိုလိုနီဝါဒသမားများ၏ စစ်သုံ့ပန်း၊ သို့မဟုတ် နိုင်ငံရေး အကျဉ်းသမား ဘဝများထက် မည်သို့များ ခြားနားခြင်း ရှိသေးသနည်း။ ထို့ကြောင့် ဘကြီးတော် နောက်ပိုင်း ကုန်းဘောင်မင်းဆက်များခေတ် မြန်မာနိုင်ငံသမိုင်းကို ကိုလိုနီခေတ် မြန်မာနိုင်ငံသမိုင်း၏ ကာလအပိုင်းအခြား အတွင်း၌ ထည့်သွင်းရန် အဆိုပြုလိုက်ရခြင်းပင် ဖြစ်လေသည်။

မဇ္ဈိမခေတ် မြန်မာနိုင်ငံ သမိုင်းကာလ အပါအဝင်ဖြစ်သော ကုန်းဘောင်ခေတ် မြန်မာနိုင်ငံကို စုစည်းသိမ်းသွင်း၍ စည်းရုံး ထူထောင်ကြသူများသည်ကား အထက်မြန်မာ

mgyoe.com

mgyoe.com SAMPLE BOOK

နိုင်ငံ ရွှေဘိုခရိုင်၊ မူးမြစ်ဝှမ်းဒေသ တစ်ဝိုက်မှ မြန်မာလူမျိုးများနှင့် ၎င်းတို့၏ အကြီးအကဲများပင် ဖြစ်ကြလေသည်။ ယင်းသို့ စည်းလုံးညီညွတ်သော မြန်မာနိုင်ငံကို ပြန်လည်စည်းရုံးထူထောင်ရသော အချိန်သည် ပြီးခဲ့သော အခန်းတွင် ဖော်ပြထားသည့်အတိုင်း တောင်ငူ–ညောင်ရမ်း မင်းဆက်များသည် ပျက်စီးကာ မွန်လူမျိုး အကြီးအကဲများသည် အင်းဝကိုပင် တက်ရောက် သိမ်းပိုက်ထားနိုင်ခဲ့ကြသော အချိန်ကာလ ဖြစ်လေသည်။ ၎င်းအပြင် မဏိပူရနိုင်ငံမှ ကသည်းလူမျိုးများသည် အထက်မြန်မာနိုင်ငံ တစ်လွှားကို ထင်သလို ဝင်ရောက်တိုက်ခိုက်ခြင်း ပြုနေကြသော အချိန်ကာလလည်း ဖြစ်လေသည်။ ထိုမျှသာလျှင် မကသေး၊ ဂုဏ္ဏာအိမ် ဆိုသူ အကြီးအကဲတစ်ဦး၏ ဦးဆောင်မှုဖြင့် အထက်မြန်မာနိုင်ငံ တစ်လွှားရှိ ကွေ့ရှမ်းလူမျိုးများသည်လည်း ထကြွလှုပ်ရှားလျက် ရှိလေသည်။ ယင်းကဲ့သို့သော အချိန်အခါနှင့် အခြေအနေတွင် ရွှေဘိုနယ်၊ မူးမြစ်ဝှမ်းဒေသတစ်ဝိုက်မှ မြန်မာလူမျိုးများနှင့် ၎င်းတို့၏ အကြီးအကဲများသည် ကုန်းဘောင်ခေတ် မြန်မာနိုင်ငံတော်ကို စည်းရုံးထူထောင်ကြရခြင်းပင် ဖြစ်လေသည်။

၁၈ ရာစုခေတ် နောက်ပိုင်းတွင် မိမိတို့ သက်ဆိုင်ရာ အကြီးအကဲများနှင့် ခေါင်းဆောင်များ အသီးသီး၏ ဦးဆောင်မှုကို ခံယူခဲ့ကြသော မွန်နှင့် မြန်မာလူမျိုးများ၏ ပဋိပက္ခသည် မြန်မာနိုင်ငံကို ပြန်လည်သိမ်းသွင်း ထူထောင်ရာတွင် နိုင်ငံရေးခေါင်းဆောင်မှုနှင့် လွှမ်းမိုးမှုများကို ယှဉ်ပြိုင်အားထုတ်ခြင်း ပြုကြသော ပဋိပက္ခမျှသာလျှင် ဖြစ်လေသည်။ ယင်းကာလက မြန်မာလူမျိုးများ၏ အကြီးအကဲများသည်ကား ဦးအောင်ဇေယျ မိသားစုနှင့် ၎င်း၏ ရဲဘော် ခြောက်ကျိပ်တို့ ဖြစ်ကြလျက် မွန်လူမျိုးများ၏ အကြီးအကဲများဘက်မှ သမိန်ထော၊ ဗညားဒလနှင့် တလပန်း တို့သည် ထင်ရှားသူများ ဖြစ်ကြလေသည်။

ဦးအောင်ဇေယျနှင့် မြန်မာလူမျိုး အကြီးအကဲများသည် ရွှေဘိုနယ် မူးမြစ်ဝှမ်း၏ စီးပွားရေးကို အားပြုကာ ရှေးဦးစွာ ဂုဏ္ဏာအိမ် ဦးဆောင်လျက်ရှိသော ကွေ့ရှမ်းလူမျိုးများ၏ ထကြွလှုပ်ရှားမှုကို နှိမ်နင်းခြင်း ပြုလေသည်။ ထို့နောက် မွန်ဗိုလ်ချုပ် တလပန်းကို အင်းဝမှ တိုက်ခိုက် နှင်ထုတ်ခြင်း ပြုလေသည်။ ယင်းသို့ အထက်မြန်မာနိုင်ငံ တစ်လွှားကို သိမ်းသွင်းမိလျှင်ပင် မွန်နှင့် မြန်မာတို့၏ ပဋိပက္ခတွင် ကြားနေကာ စောင့်ကြည့်နေခဲ့ကြသော ရှမ်းကုန်းပြင်မြင့် ဒေသတစ်ဝိုက်မှ ရှမ်းလူမျိုး အကြီးအကဲများသည် ဦးအောင်ဇေယျ အမှူးပြုသော မြန်မာလူမျိုးများနှင့် ဆက်ဆံပူးပေါင်းခြင်း ပြုလာကြသည်။ အထက်မြန်မာနိုင်ငံနှင့် ရှမ်းကုန်းပြင်မြင့်တို့ကို သိမ်းသွင်းစည်းရုံးမိလျှင်ပင် ဦးအောင်ဇေယျနှင့် မြန်မာလူမျိုး အကြီးအကဲများ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် ကာကွယ်ရေး အခြေအနေသည် သိသိသာသာကြီးပင် တိုးတက် ကောင်းမွန်လာလေသည်။

အထက်မြန်မာနိုင်ငံ အင်းဝမြို့တော်ကို မွန်တို့ လက်ဝယ်မှ မြန်မာများ ပြန်လည်တိုက်ခိုက်သိမ်းပိုက်ခြင်း ပြုနိုင်သော ၁၇၅၃ ခုနှစ်မှ မွန်တို့၏ မင်းနေပြည်တော် ဖြစ်သော ဟံသာဝတီမြို့တော် ကျဆုံးခဲ့ရသော ၁၇၅၇ ခုနှစ်အထိ မွန်–မြန်မာ စစ်ပွဲသည် ငါးနှစ်ကျော်

mgyoe.com

mgyoe.com SAMPLE BOOK

ကျော် ခြောက်နှစ်နီးပါးခန့်မျှ ကြာမြင့်လေသည်။ မွန်လူမျိုး အကြီးအကဲများသည် အင်းဝ မြို့အား မြန်မာအကြီးအကဲများက တိုက်ခိုက် သိမ်းပိုက်လိုက်ကြခြင်းကို လက်တုံ့ပြန်ရန် အတွက် ၁၇၅၄ ခုနှစ်တွင် အိမ်ရှေ့ဥပရာဇာနှင့် ဗိုလ်ချုပ်ကြီး တလပန်းတို့က ဦးဆောင်ကာ အင်အား ကြီးမားလှသော ကြည်းတပ်၊ ရေတပ်များဖြင့် ထပ်မံတိုက်ခိုက်ခြင်း ပြုကြလေ သည်။ သို့ရာတွင် မွန်လူမျိုး အကြီးအကဲများသည် အထက်မြန်မာနိုင်ငံအား ပြန်လည် ခြေကုပ် ယူ၍ မရတော့ချေ။ အထက်မြန်မာနိုင်ငံ ရွှေဘိုခရိုင်၊ ကျောက်မြောင်းနယ်မှ စတင်လျက် ရန်ကုန်နှင့် သန်လျင်တို့အထိ ဧရာဝတီမြစ်ကြောင်း တစ်လျှောက်တွင် မွန်နှင့် မြန်မာ လက်နက်ကိုင်တပ်များသည် ကြီးမား ပြင်းထန်သော တိုက်ပွဲများကို ဆင်နွှဲတိုက်ခိုက်ခြင်း ပြုခဲ့ကြလေသည်။ စည်းလုံးညီညွတ်သော မြန်မာနိုင်ငံတော်ကို သူ့ထက်ငါ ယှဉ်ပြိုင်ဦးဆောင် တည်ထောင်နိုင်ခြင်း ပြုရန် အမှုအတွက် မွန်နှင့် မြန်မာ အကြီးအကဲများသည် ၎င်းတို့အသီးသီး တွင် ရှိရှိသမျှသော အားအင်များကို ဖျစ်ညှစ် တိုက်ခိုက်ခဲ့ကြခြင်းလည်း ဖြစ်တန်ရာလေ သည်။ ၁၇၅၅ ခုနှစ်တွင် မွန်လူမျိုးများ၏ အခြေခံဒေသနှင့် မြို့ပြကြီး ဖြစ်သော ရန်ကုန်ကို လည်းကောင်း၊ ၁၇၅၆ ခုနှစ်တွင် သန်လျင်ကို လည်းကောင်း၊ ၁၈၅၇ ခုနှစ်တွင် ဟံသာဝတီ ကို လည်းကောင်း မြန်မာတို့က သိမ်းပိုက်ခြင်း ပြုကြလေသည်။

ယင်းသို့ ဦးအောင်ဇေယျ အမှူးပြုသော မြန်မာလူမျိုး အကြီးအကဲများသည် မြန်မာနိုင်ငံကို စည်းရုံးသိမ်းသွင်းပြီးနောက် မြန်မာနိုင်ငံ တောင်ပိုင်းဖြစ်သော တနင်္သာရီ ကမ်းရိုးတန်း ဒေသများ၏ လုံခြုံမှုကို မကြာခဏ ဝင်ရောက်တိုက်ခိုက် နှောင့်ယှက်ခြင်း ပြုလျက်ရှိသော ယိုးဒယားအား ၁၇၆၀ ခုနှစ်တွင် လည်းကောင်း၊ မြန်မာနိုင်ငံ အနောက် မြောက် ဒေသများကိုလည်း အလားတူ မကြာခဏ ဝင်ရောက်တိုက်ခိုက် နှောင့်ယှက်ခြင်း ပြုလျက်ရှိသော မဏိပူရကို ၁၇၅၈ ခုနှစ်တွင် လည်းကောင်း ချီတက်တိုက်ခိုက်ကာ သူ့ခေတ် နှင့်သူ့အခါအလျောက် ၎င်းတို့တိုင်းပြည်၏ စည်းလုံးညီညွတ်မှုကို ထိန်းသိမ်းကာကွယ် ခဲ့ကြလေသည်။

ကုန်းဘောင်မင်းဆက်ကို စတင်ထူထောင်သော ဦးအောင်ဇေယျနှင့် မြန်မာ အကြီးအကဲများသည် မြန်မာနိုင်ငံ၏ စည်းလုံးညီညွတ်မှုနှင့် လုံခြုံမှုတို့ကို ထိုကဲ့သို့ စစ်မက် ရေးရာ ဝါဒဖြင့် ထူထောင်ထိန်းသိမ်းရင်း အခြားတစ်ဖက်၌လည်း ၎င်းတို့၏ စစ်မက်ရေးရာ ဝါဒကို အထောက်အပံ့ ပြုရန်အတွက် နိုင်ငံတော်၏ စီးပွားရေး လုပ်ငန်းများ၊ ကုန်သွယ်မှု လုပ်ငန်းများ စသည်တို့ကို တိုးချဲ့ ဖွံ့ဖြိုးစေခဲ့ကြလေသည်။ ပုဂံခေတ် မြန်မာနိုင်ငံတော် သမိုင်းကာလမှ အစပြုလျက် မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းများ၏ ဗဟိုဌာနဖြစ်ခဲ့သော ကျောက်ဆည် လယ်တွင်းနယ်များအားပြန်လည်ပြုပြင် တိုးချဲ့ခြင်းများပြုလုပ်ရုံမျှသာမက ရွှေဘိုနယ် မူးမြစ်ဝှမ်းဒေသတစ်ဝိုက်တွင် မဟာနန္ဒာကန်နှင့် ဆည်မြောင်းများကို ဖောက် လုပ်ရင်း စိုက်ပျိုးရေးဧရိယာများကို တိုးချဲ့ခြင်း ပြုခဲ့ကြလေသည်။ ပြည်တွင်း ကုန်သွယ်မှု

mgyoe.com

mgyoe.com SAMPLE BOOK

ဆိုင်ရာ လုပ်ငန်း ကိုင်ငန်းများကို အားပေးကာ ပြည်ပဆိုင်ရာ ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများကိုလည်း ၎င်းတို့ကိုယ်တိုင် ကြပ်ကြပ်မတ်မတ် ဆောင်ရွက်ခြင်း ပြုခဲ့ကြလေသည်။ ထိုအချိန်က ဗြိတိန်နိုင်ငံ ဒုတိယမြောက် ဂျော့ဘုရင်ထံ ၁၇၅၆ ခုနှစ်၊ ဧပြီလ ရက်စွဲနှင့် မြန်မာလူမျိုးများ၏ အကြီးအကဲဖြစ်သူ ဦးအောင်ဇေယျက အကြောင်းကြား ပေးပို့ခဲ့သော စာတွင် "ဗြိတိန်-မြန်မာ ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများကို နှစ်ဦးနှစ်ဘက်၏ အကျိုးစီးပွားပေါ်တွင် အခြေခံ၍ တိုးချဲ့ခြင်းပြုရန် မြန်မာတို့ဘက်မှ များစွာ အလေးထား မျှော်လင့်လျက် ရှိသည့် အကြောင်း၊ ယင်းသို့ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများကို တိုးချဲ့ခြင်း ပြုစေလိုသော စေတနာဖြင့် ဗြိတိသျှဘုရင်မင်းမြတ် ပိုင်ဆိုင်သော သင်္ဘောများဖြင့် မြန်မာနိုင်ငံသို့ တင်ပို့ ရောင်းချရန် ယူဆောင်လာသော ကုန်ပစ္စည်းများ အပေါ်တွင် မြန်မာတို့ဘက်မှ ဆိပ်ကမ်းခွန်များ လုံးဝကောက်ခံခြင်း ပြုလိမ့်မည် မဟုတ်ကြောင်း သိရှိလိုသည့် အကြောင်းနှင့် ပုသိမ်ခရိုင်၊ နေဂရေအငူ ဟိုင်းကြီးကျွန်းတွင် ဗြိတိသျှကုန်သည်များအား အလုပ်ရုံများ ထူထောင် နေထိုင်ခွင့်နှင့် ဖောက်ကား ရောင်းဝယ်ခွင့်များကို နှစ်နိုင်ငံ ပြည်သူများ၏ အကျိုးစီးပွားပေါ်တွင် အခြေခံ၍ ခွင့်ပြုသည့်အကြောင်း" များကို အတိအလင်း ဖော်ပြထားလေသည်။

(၇) မွန်-မြန်မာ ပဋိပက္ခနှင့် ဗြိတိန်-ပြင်သစ် ကိုလိုနီဝါဒသမားများ

၁၈ ရာစု ဝက်လောက်မှ အစပြုသော တတိယအကြိမ်မြောက် စည်းလုံးညီညွတ်သော မြန်မာနိုင်ငံတော်ကို သူ့ထက်ငါ ဦးဆောင် ထူထောင်ကြရာမှ မွန်နှင့် မြန်မာလူမျိုး အကြီးအကဲများ အကြားတွင် ပေါ်ပေါက်ခဲ့သော ပဋိပက္ခကို ပြီးခဲ့သော အခန်းတွင် ဖော်ပြထားခဲ့သော ပြင်သစ်နှင့် ဗြိတိသျှ ကိုလိုနီဝါဒသမား နှစ်ဦးတို့သည် ၎င်းတို့၏ ကိုယ်ကျိုးစီးပွားများအတွက် ဝင်ရောက်စွက်ဖက်ခြင်းနှင့် အသုံးချခြင်း အမှုများ ယှဉ်ပြိုင်ပြုလုပ်ခဲ့ကြသည်ကိုလည်း တွေ့ရှိရလေသည်။ မွန်နှင့် မြန်မာလူမျိုး အကြီးအကဲများ ပြင်းထန်သော ပဋိပက္ခ ဖြစ်ပွားလျက် ရှိနေကြစဉ် ပြင်သစ်နှင့် ဗြိတိသျှ ကိုလိုနီဝါဒသမားများသည် အမေရိကန် ကုန်းမြေနှင့် အာရှမြေများတွင် လည်းကောင်း၊ အတ္တလန္တိတ်နှင့် အိန္ဒိယသမုဒ္ဒရာ ရေပြင်များတွင် လည်းကောင်း၊ ဥရောပကုန်းမြေနှင့် အာဖရိကမြောက်ပိုင်း ဒေသများတွင် လည်းကောင်း သူ့ထက်ငါ တန်ခိုးသြဇာ ကြီးမားရေးအတွက် ၁၇၅၆ ခုနှစ်မှ ၁၇၆၃ ခုနှစ်အထိ ၇ နှစ်မျှ ရှည်လျားကြာမြင့်သော စစ်ပွဲကြီးကို ကမ္ဘာ့အနှံ့အပြားတွင် ပြင်းပြင်းထန်ထန် တိုက်ခိုက်လျက် ရှိကြလေသည်။ ထိုသို့ ကမ္ဘာအနှံ့အပြားတွင် စစ်မျက်နှာဖွင့်ကာ ပြင်းပြင်းထန်ထန် တိုက်ခိုက်နေကြသော ပြင်သစ်နှင့် ဗြိတိသျှ ကိုလိုနီဝါဒသမား နှစ်ဦးတို့၏ စစ်ပွဲသည် မြန်မာနိုင်ငံ အပါအဝင် အာရှတိုက် ဒေသတစ်ဝိုက်သို့လည်း ကူးစက်ပြန့်ပွားလာခဲ့လေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဗြိတိန်နှင့် ပြင်သစ်တို့ အရှေ့အိန္ဒိယကုမ္ပဏီများ ထူထောင်ခဲ့ကြစဉ်ကပင် ၎င်းတို့ နှစ်ဦးစလုံးသည် အိန္ဒိယကုန်းမြေကြီးကို စတင် အခြေပြုခဲ့ကြလေသည်။ ဗြိတိသျှ အရှေ့ အိန္ဒိယကုမ္ပဏီသည် ဆူရတ်၊ ဘုံဘေ၊ မဒရပ်နှင့် ကာလကတ္တား ဒေသများတွင် လည်းကောင်း၊ ပြင်သစ်အရှေ့အိန္ဒိယကုမ္ပဏီသည် ပွန်ဒီချယ်ရီ ဒေသတွင် လည်းကောင်း ခံတပ်များပင် ဆောက်လုပ်ကာ အာရှတိုက်ဆိုင်ရာ ၎င်းတို့၏ ကိုလိုနီ ခြေကုပ်စခန်းများနှင့် အခြေခံစခန်း များကို တည်ဆောက်ခြင်း ပြုခဲ့ကြလေသည်။ ယင်းသို့ အိန္ဒိယကုန်းမြေကြီးကို သူ့ထက်ငါ လွှမ်းမိုးခြယ်လှယ်နိုင်ရေးအတွက် ယှဉ်ပြိုင်အားထုတ်လျက် ရှိကြသော ပြင်သစ်နှင့် ဗြိတိသျှ ကိုလိုနီဝါဒသမား နှစ်ဦးတို့သည် အိန္ဒိယကုန်းမြေ အရှေ့ဘက်ကမ်းရိုးတန်း ဒေသများနှင့် ဘင်္ဂလားပင်လယ်ပြင်တို့ကို စစ်မက်ရေးရာအရ ကောင်းစွာ ဟန့်တား ခြိမ်းခြောက်ခြင်း ပြုနိုင် သော မြန်မာနိုင်ငံ၏ သေနင်္ဂဗျူဟာ အနေအထားကို တွေ့မြင်လာကြလေသည်။ ယင်းသို့ မြန်မာနိုင်ငံ၏ သေနင်္ဂဗျူဟာ တန်ဖိုးကို ပြင်သစ်နှင့် ဗြိတိသျှ အရှေ့အိန္ဒိယကုမ္ပဏီ အမှုထမ်း များသည် ၎င်းတို့ သက်ဆိုင်ရာ အကြီးအကဲများနှင့် အစိုးရအဖွဲ့များကို အစီရင် ခံခဲ့ကြလေ သည်။ ပြင်သစ် ကိုလိုနီဝါဒသမားများသည် မြန်မာနိုင်ငံ၏ သေနင်္ဂဗျူဟာ တန်ဖိုးကို ဗြိတိသျှ ကိုလိုနီဝါဒသမားများကဲ့သို့ အလေးထား သုံးသပ်ခြင်း ပြုခဲ့ကြပုံ မရချေ။ သို့ရာတွင် ဗြိတိသျှ ကိုလိုနီဝါဒသမားများသည် ၎င်းတို့၏ အိန္ဒိယနှင့် တရုတ်ကုန်းမြေကြီးများ အပါအဝင် ဖြစ် သော အာရှတိုက်နှင့် အိန္ဒိယသမုဒ္ဒရာကြီး တစ်ခုလုံးနှင့် ပတ်သက်၍ ထားရှိကျင့်သုံးရမည့် ကိုလိုနီဝါဒကို ၎င်းတို့နှင့် ယှဉ်ပြိုင်ဘက်ဖြစ်သော ပြင်သစ်တို့ထက် အလေးထား တွက်ချက် ထားခဲ့ကြပုံ ရလေသည်။ အိန္ဒိယကုန်းမြေနှင့် တရုတ်ကုန်းမြေ နှစ်ခုတို့၏ အကြားတွင် လည်းကောင်း၊ ယင်းကုန်းမြေကြီး နှစ်ခုတို့နှင့် အာရှအရှေ့တောင်ပိုင်း ကျွန်းဆယ်ကြီးနှင့် ကျွန်းစုများ၏ အလယ်ဗဟိုတွင် လည်းကောင်း သေနင်္ဂဗျူဟာကျကျ တည်ရှိနေသော မြန်မာ့ စီးပွားရေးနှင့် နိုင်ငံရေးပထဝီများ၏ အဘက်ဘက်မှ တန်ဖိုးနှင့် အနာဂတ် တန်ဖိုးများကိုပါ အသေးစိတ် တွက်ချက်ခြင်း ပြုရာ၌ ပြင်သစ်တို့ထက် ဗြိတိသျှ ကိုလိုနီဝါဒသမားများက များစွာ သာလွန်ခဲ့သည်ဟု ဆိုရလိမ့်မည် ဖြစ်ပေသည်။

ဗြိတိန်-မြန်မာတို့၏ တရားဝင် ဆက်ဆံရေးသည် ၁၆၁၇ ခုနှစ်က စသည်ဟု ဆိုရပေလိမ့်မည်။ မြန်မာနိုင်ငံ၌ လာရောက် အရောင်းအဝယ် ပြုလုပ်ရင်း သေဆုံးသွားသော ဗြိတိသျှ အရှေ့အိန္ဒိယကုမ္ပဏီမှ ကိုယ်စားလှယ်ဖြစ်သူ သောမတ်စ်ဆံမြူရယ် ဆိုသူ၏ ကိစ္စ မှ အစပြုလေသည်။ ထို သေဆုံးသွားသော ဆံမြူရယ် ဆိုသူ၏ ကြွင်းကျန်ရစ်ခဲ့သော ပစ္စည်း ဥစ္စာများနှင့် ပတ်သက်၍ အရေးဆို စကားပြောကြားခြင်း ပြုရန် အရှေ့အိန္ဒိယကုမ္ပဏီက ဟင်နရီဖောရက်စ် နှင့် ဂျွန်စတေပလီ ဆိုသူတို့ နှစ်ဦးကို အာဏာပိုင် ကိုယ်စားလှယ်များ အဖြစ်ဖြင့် စေလွှတ်လိုက်ခြင်း ဖြစ်လေသည်။ သို့ရာတွင် ၁၆၄၇ ခုနှစ်မှ စတင်လျက် ဗြိတိသျှ အရှေ့အိန္ဒိယ ကုမ္ပဏီ၏ ဌာနခွဲကို သန်လျင်မြို့တွင် လာရောက်ဖွင့်လှစ်ရန် မြန်မာ

mgyoe.com

mgyoe.com SAMPLE BOOK

ဘုရင်များထံမှ ခွင့်ပြုချက်ကို ရလေသည်။ တစ်ဖန် ၁၆၈၀ ခုနှစ်တွင် အိန္ဒိယနိုင်ငံရှိ ဗြိတိသျှ အရှေ့အိန္ဒိယကုမ္ပဏီမှ ဘုရင်ခံဖြစ်သူ ဆာစထရင် ရှယ်မာစတာ သည် မြန်မာနိုင်ငံမှ အကြီးအကဲများနှင့် ရင်းနှီးကျွမ်းဝင်သည် ဆိုသော ပေါ်တူဂီ အမျိုးသား ဂျိုအေပါရီရား ဆိုသူကို ဗြိတိန်-မြန်မာ ကူးသန်းရောင်းဝယ်ရေး တိုးချဲ့ရေးအတွက် စကားကမ်းလှမ်း ပြောဆိုရန် စေလွှတ်ခဲ့လေသည်။ ၁၆၈၄ ခုနှစ်တွင်လည်း ဗြိတိသျှ အမျိုးသား ကုန်သည်ကြီး တစ်ဦးဖြစ်သူ ကပ္ပတိန် ပီတာဒွေါ်ချ် ဆိုသူကို ထပ်မံ စေလွှတ်လိုက်ပြန်သည်။ ကပ္ပတိန်ဒွေါ်ချ် ကို စေလွှတ်လိုက်ရာတွင် ဗြိတိသျှ ကိုလိုနီဝါဒသမားများသည် မြန်မာနိုင်ငံနှင့် သာမန် ကူးသန်းရောင်းဝယ်ရေး ကိစ္စအတွက်မျှသာ မဟုတ်တော့ချေ။ မြန်မာနိုင်ငံ ဗန်းမော်မြို့တွင် ကုမ္ပဏီ၏ ဌာနခွဲ တစ်ခုကို ဖွင့်လှစ်ပြီးနောက် တရုတ်ပြည်ကြီးနှင့်ပါ ကူးသန်းရောင်းဝယ်ရန် အထိ ပြင်ဆင်လာကြခြင်း ဖြစ်လေသည်။ သို့ရာတွင် ဗြိတိန်-မြန်မာ ဆက်ဆံရေးသည် မြန်မာနိုင်ငံ၌ အလုပ်ရုံများ၊ ကုန်တိုက်ခွဲများ ဖွင့်လှစ်ခြင်းထက် ဘာမျှ ပိုမိုခြင်း မရှိခဲ့ချေ။

သို့ရာတွင် ၁၃ ရာစုနှစ်များ ကုန်ခါနီးတွင် ဗြိတိသျှ ကိုလိုနီဝါဒသမားများသည် မြန်မာနိုင်ငံအား ကူးသန်းရောင်းဝယ်ရေး တိုးချဲ့ပြုလုပ်ရန် စီးပွားရေး ပထဝီဒေသကြီး တစ်ခုထက် နိုင်ငံရေးပထဝီ ဒေသကြီး အဖြစ်ဖြင့်ပါ သုံးသပ်ခြင်း ပြုလာကြလေသည်။ ထို့ကြောင့်လည်း ၁၆၈၆ ခုနှစ်တွင် မြန်မာနိုင်ငံ၏ စစ်မက်ရေးရာအရ အချက်အချာ ကျလှ သော ဟိုင်းကြီးကျွန်းကို ခြေကုပ်စခန်း ပြုလုပ်ရန် ပထမအကြိမ် စမ်းသပ်အားထုတ်လာ ခဲ့ခြင်း ဖြစ်လေသည်။ သို့ရာတွင် ထိုအချိန်က အိန္ဒိယနိုင်ငံတွင် ဗြိတိသျှ ကိုလိုနီ ဝါဒသမား များ၏ ခြေကုပ်သည် စိတ်ချရလောက်အောင် ခိုင်မြဲခြင်း မရှိလှသေးသည့်အတွက် မြန်မာ နိုင်ငံ ဟိုင်းကြီးကျွန်းအား ၎င်းတို့၏ ခြေကုပ်စခန်း ပြုလုပ်ရေး အစီအစဉ်ကို နှစ်ပေါင်း ၅၀ နီးပါးခန့်မျှ ဆိုင်းငံ့ထားခဲ့ရလေသည်။

အထူးသဖြင့် အထက်တွင် ဖော်ပြထားခဲ့သည့်အတိုင်း ဗြိတိန်-ပြင်သစ်တို့၏ ၇ နှစ်ကြာမျှ တိုက်ခိုက်ခြင်း ပြုခဲ့သော စစ်ပွဲကာလကျမှ အိန္ဒိယနိုင်ငံမှ ဗြိတိသျှ အရှေ့အိန္ဒိယ ကုမ္ပဏီ အာဏာပိုင်များသည် မြန်မာနိုင်ငံအား ဖြစ်သည့်နည်းနှင့် ထွင်းဖောက် ဝင်ရောက် ၍ ခြေကုပ်ယူရန် ဆုံးဖြတ်လိုက်ကြခြင်းလည်း ဖြစ်လေသည်။ ထိုအချိန်ကာလပိုင်းများက ဗြိတိသျှအရှေ့အိန္ဒိယကုမ္ပဏီ အမှုထမ်းတစ်ဦး ဖြစ်သူ ဒါလ်ရင်ပယ်လ် ဆိုသူ၏ အရှေ့တိုင်း အစီရင်ခံစာတွင် မြန်မာနိုင်ငံ ဟိုင်းကြီးကျွန်းကို ဖြစ်သည့်နည်းနှင့် ကုမ္ပဏီ၏ အခြေခံစခန်း အဖြစ်ဖြင့်သိမ်းပိုက်ပြုလုပ်ရန် ၁၇၅၃ ခုနှစ်တွင် ဆုံးဖြတ်ကြောင်းဖြင့် အတိအလင်း ဖော်ပြ ထားလေသည်။ အလားတူပင် ဗြိတိသျှ အရှေ့အိန္ဒိယ ကုမ္ပဏီ၏ ဘုရင်ခံဖြစ်သူ ဆောင်းဒါး ၏ 'ဟိုင်းကြီးကျွန်းတွင်ဥရောပကိုလိုနီ ထူထောင်ခဲ့စဉ်က အမည်ရှိသော စာတမ်းတွင်လည်း မြန်မာနိုင်ငံ ဟိုင်းကြီးကျွန်းကို ကူးသန်းရောင်းဝယ်ရေး ရှုထောင့်ထက် စစ်မက်ရေးရာ ရှုထောင့်ဖြင့် အလေးထားခဲ့ကြောင်းကို အတိအလင်း ရေးသားဖော်ပြထားလေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဟိုင်းကြီးကျွန်းကို ဗြိတိသျှ အိန္ဒိယကုမ္ပဏီက သေနင်္ဂဗျူဟာကျကျ သိမ်းပိုက်ထားလိုက်နိုင်ခြင်းအားဖြင့် မြန်မာနိုင်ငံ၏ ကူးသန်းရောင်းဝယ်ရေး သွေးကြောကြီးကိုသာလျှင် ချုပ်ကိုင်ထားရှိနိုင်ရုံမျှ မဟုတ်ဘဲ မြန်မာနိုင်ငံရှိ ဗြိတိသျှတို့၏ နိုင်ငံရေး တန်ခိုးသြဇာများ ထူထောင်နိုင်မည့်အပြင် ပြင်သစ်တို့၏ ရန်ကိုလည်း စိတ်ချက်လက်ချ ပိတ်ဆို့ ဟန့်တားထားနိုင်ပြီးဖြစ်လိမ့်မည်ဟုလည်း ရေးသား ဖော်ပြထားလေသည်။ ထို့ကြောင့် အိန္ဒိယကုန်းမြေနှင့် တရုတ်ကုန်းမြေ နှစ်ခုတို့၏ အကြားတွင် လည်းကောင်း၊ ယင်းကုန်းမြေကြီးနှစ်ခုတို့နှင့် အာရှ အရှေ့တောင်ပိုင်း ကျွန်းဆွယ်ကြီးနှင့် ကျွန်းစုများ၏ အလယ်ဗဟိုတွင် လည်းကောင်း သေနင်္ဂဗျူဟာကျကျ တည်ရှိသော မြန်မာ့စီးပွားရေးနှင့် နိုင်ငံရေးပထဝီများ၏ အဘက်ဘက် တန်ဖိုးနှင့် အနာဂတ်တန်ဖိုးများကိုပါ အသေးစိတ်တွက်ချက်ခြင်း ပြုရာ၌ ပြင်သစ်တို့ထက် ဗြိတိသျှကိုလိုနီဝါဒသမားများက များစွာ သာလွန်ခဲ့သည်ဟု ဆိုခဲ့ခြင်းပင် ဖြစ်လေသည်။

အထက်တွင် ဖော်ပြထားခဲ့သည့်အတိုင်း စည်းလုံးညီညွတ်သော တတိယ မြန်မာနိုင်ငံတော်ကို သူ့ထက်ငါ ဦးဆောင်၍ သိမ်းသွင်းထူထောင်နိုင်ရေးအတွက် မွန်နှင့် မြန်မာလူမျိုး အကြီးအကဲများသည် ပြင်းပြင်းထန်ထန် ပဋိပက္ခ ဖြစ်ပွားလျက် ရှိနေကြစဉ် ဗြိတိသျှကိုလိုနီဝါဒသမားများလောက် လက်နက် မစုံသော ပြင်သစ် ကိုလိုနီဝါဒသမားများသည် သန်လျင်ကို ခြေကုပ်ယူကာ မွန်လူမျိုး အကြီးအကဲများဘက်မှ တိတိလင်းလင်း အားပေးအားမြှောက် ပြုခဲ့ကြသည်ကိုသာ တွေ့ရှိရလေသည်။ သို့ရာတွင် ဗြိတိသျှ ကိုလိုနီဝါဒသမားများကား ထိုကဲ့သို့ မဟုတ်ချေ။ မွန်နှင့် မြန်မာလူမျိုး အကြီးအကဲများ သူမသာ ငါမသာ အပြင်းအထန် တိုက်ခိုက်လျက် ရှိနေကြစဉ် ကြားနေသည့်ဟန်ကို ပြ၍ နှစ်ဖက်စလုံးမှ အကြီးအကဲများကို လက်သိပ်ထိုး၍ မိတ်ဖွဲ့ခဲ့ကြသည်။ ထိုနှစ်ဦးအနက် မည်သူနိုင်နိုင် ၎င်း၏ လူချည်း ဖြစ်လိမ့်မည်ပင် မဟုတ်သလော။

၁၇၅၅ ခုနှစ်တွင် ဗြိတိသျှ အရှေ့အိန္ဒိယကုမ္ပဏီ အာဏာပိုင်များသည် မြန်မာအကြီးအကဲ ဖြစ်သူ ဦးအောင်ဇေယျနှင့် မိတ်ဖွဲ့ရန် ၎င်းတို့၏ အမှုထမ်းတစ်ဦးဖြစ်သူ ကပ္ပတိန်ဘေကာ ဆိုသူကို စေလွှတ်ခြင်း ပြုလေသည်။ သို့ရာတွင် အကြားအမြင်များသော ဦးအောင်ဇေယျသည် ဗြိတိသျှ အရှေ့အိန္ဒိယကုမ္ပဏီ အာဏာပိုင်များ၏ အရိပ်အကဲနှင့် အခြေအနေကို စောင့်ကြပ် ကြည့်ရှုလိုသေး၍ ဗြိတိန်-မြန်မာ စာချုပ်ကို လက်ခံချုပ်ဆိုခြင်း မပြုခဲ့ချေ။ မည်ကဲ့သို့ပင် ဖြစ်စေ ဦးအောင်ဇေယျသည် ဗြိတိသျှတို့ ဟိုင်းကြီးကျွန်းနှင့် ပုသိမ်ခရိုင်တစ်ဝိုက်တွင် အခြေချ နေထိုင်ခြင်းကိုမူကား ကန့်ကွက်ပိတ်ပင်ခြင်း မပြုခဲ့သည့်အကြောင်းကို ဒါလ်ရင်ပယ်လ်၏ အရှေ့တိုင်း အစီရင်ခံစာတွင် ရေးသား ဖော်ပြထားလေသည်။ မည်ကဲ့သို့ပင်ဖြစ်စေ မြန်မာနိုင်ငံကို သိမ်းသွင်းစည်းရုံးပြီးစီးသော ၁၇၅၇ ခုနှစ်၊ ဇူလိုင်လတွင် ဗြိတိသျှ အရှေ့အိန္ဒိယကုမ္ပဏီ၏ အာဏာပိုင် ကိုယ်စားလှယ်ဖြစ်သူ အင်ဆိုင်းရောဘတ်လစ်စတာ အား လက်ခံတွေ့ဆုံပြီးလျှင် ဦးအောင်ဇေယျသည် ဗြိတိန်-မြန်မာ စာချုပ်ကို

mgyoe.com

mgyobe.com SAMPLE BOOK

လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့လေသည်။ ယင်း ဗြိတိန်-မြန်မာ စာချုပ်၏ ပထမအပိုဒ်တွင် "ဂုဏ်သရေရှိ ကုမ္ပဏီနှင့် ၎င်း၏ နောင်လာနောက်သားများအား ဟိုင်းကြီးကျွန်းကို အပိုင်စားပေးသနားရန် မြန်မာဘုရင်မင်းမြတ်က သဘောတူလိုက်ကြောင်း" စသည်ဖြင့် ဖော်ပြထားလေသည်။ ၁၇၅၄ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့တွင် ဗြိတိသျှ အရှေ့အိန္ဒိယကုမ္ပဏီ အာဏာပိုင်များသည် ဦးအောင်ဇေယျ၏ ခွင့်ပြုချက်အရ ဟိုင်းကြီးကျွန်းကို ဝင်ရောက်သိမ်းပိုက်ခြင်း ပြုခဲ့ကြလေသည်။

ယင်းသို့ မွန်နှင့် မြန်မာ အကြီးအကဲများ ပြင်းပြင်းထန်ထန် တိုက်ခိုက်ခဲ့ကြသော ၁၈ ရာစုဝက်ကာလ စစ်ပွဲများတွင် မွန်အကြီးအကဲများသည် ရှုံးနိမ့်သွားခဲ့ကြသော်လည်း မွန်လူမျိုးများသည် အညံ့မခံခဲ့ကြချေ။ အခါအခွင့် ရသောအခါတိုင်း ၎င်း၏ ဒေသများအား မြန်မာအကြီးအကဲများ၏ လွှမ်းမိုးအုပ်ချုပ်မှုအောက်မှ လွတ်မြောက်စေရန်အတွက် ပြန်လည်တွန်းလှန် တိုက်ခိုက်ခြင်းများ ပြုတတ်ကြလေသည်။ ၁၇၅၆ ခုနှစ်တွင် ဦးအောင်ဇေယျသည် ၎င်း၏ မြို့တော်ဖြစ်သော ရွှေဘိုသို့ ပြန်နေခိုက် မွန်အမျိုးသားများသည် ကြီးမားလှသော အင်အား စုဆောင်းကာ ရန်ကုန်မြို့ကြီးအာ သုံးကြိမ်တိုင်တိုင် ဝိုင်းဝန်းတိုက်ခိုက်ခြင်း ပြုခဲ့ကြလေသည်။ ရောဝတီ မြစ်ဝကျွန်းပေါ် ဒေသများနှင့် ဟံသာဝတီတို့တွင် တပ်စွဲထားသော မြန်မာလက်နက်ကိုင် တပ်များကိုလည်း များစွာ ခြိမ်းခြောက်ခြင်း ပြုခဲ့ကြလေသည်။ ထိုသို့ မွန်အမျိုးသားများက မြန်မာတို့ကို ပြန်လည်တွန်းလှန် တိုက်ခိုက်ခြင်း ပြုကြစဉ် ၎င်းတို့ အင်အားသည် များစွာ ကြီးမားလှပေရကား အောက်မြန်မာနိုင်ငံ တစ်လွှားမှ မြန်မာ လက်နက်ကိုင် တပ်များသည်ပင် ဆုတ်ခွာ ထွက်ပြေးရတော့မည်ကဲ့သို့ ရှိခဲ့လေသည်။

ယင်းသို့ မွန်နှင့် မြန်မာတို့၏ ပဋိပက္ခကို ၎င်းတို့၏ ကိုယ်ကျိုးစီးပွား တိုးချဲ့ရေးအတွက် ရရှိနိုင်သမျှသော အမြတ်ကို ထုတ်ရန် စောင့်ကြည့်နေကြသော ပြင်သစ်နှင့် ဗြိတိန် ကိုလိုနီဝါဒသမားများသည် မြန်မာတို့ အရေးနိမ့်လေပြီဟု တွက်ဆကာ မွန်တို့ဘက်မှ ကူညီအားပေးခြင်း ပြုကြပြန်လေသည်။ သို့ရာတွင် ပြင်သစ်တို့ထက် ပရိယာယ်များပြားသော ဗြိတိသျှ ကိုလိုနီဝါဒသမားများသည် အခြားတစ်ဖက်၌လည်း မြန်မာလူမျိုးအကြီးအကဲ ဦးအောင်ဇေယျနှင့် ဆက်သွယ်ကာ ၁၇၅၇ ခုနှစ်တွင် ဗြိတိန်-မြန်မာ စာချုပ်ကို ချုပ်ဆိုလိုက်သေးသည်။ မွန်-မြန်မာ ပဋိပက္ခ၌ ဘယ်သူနိုင်နိုင် နိုင်သူသည် ၎င်း၏မိတ်ဆွေ ဖြစ်ရန် ဗြိတိသျှ ကိုလိုနီဝါဒသမားများသည် ပရိယာယ် ကြွယ်ကြွယ်နှင့် လုပ်ကိုင်ခဲ့ကြခြင်းမျှသာ ဖြစ်လေသည်။

ဗြိတိန်-မြန်မာ စာချုပ် ချုပ်ဆိုပြီးနောက် ၁၇၅၉ ခုနှစ်တွင် အောက်မြန်မာနိုင်ငံတစ်လွှားရှိ မွန်အမျိုးသားများသည် မြန်မာအကြီးအကဲတို့၏ အုပ်စိုးမှုကို ပြင်းပြင်းထန်ထန် ပြန်လည် တွန်းလှန်ကြသောအခါ၌ ဤတစ်ကြိမ်တွင်လည်း မြန်မာတို့ အရေးနိမ့်လေပြီ အထင်ဖြင့် ဟိုင်းကြီးကျွန်းနှင့် သန်လျင်မှ ဗြိတိသျှအာဏာပိုင်များသည် မွန်လူမျိုး အကြီး

mgyobe.com

mgyoe.com SAMPLE BOOK
အကဲများအား လက်နက်ခဲယမ်း မီးကျောက်များဖြင့် အားပေးကူညီခြင်း ပြုခဲ့ကြပြန်လေသည်။

ဦးအောင်ဇေယျသည် အကြားအမြင် များပြား၍ အမြော်အမြင်နှင့် ပြည့်စုံသော အကြီးအကဲတစ်ဦးပီပီ အိန္ဒိယကုန်းမြေတစ်ဝိုက်၌ ပြင်သစ်နှင့် ဗြိတိသျှ ကိုလိုနီ ဝါဒသမားများ အဘယ်အထိ ခြေရှုပ်ခဲ့ကြသည့် အကြောင်းများကို ကြားသိတန်သရွေ့ ကြားသိပြီး ဖြစ်ပေသည်။ သို့ရာတွင် အခြေအနေနှင့် အချိန်အခါကို စောင့်ဆိုင်းခဲ့ရသဖြင့် ယင်းသို့ မြန်မာနိုင်ငံ ပြည်တွင်းရေးတွင် အမျိုးမျိုး ဝင်ရောက်စွက်ဖက်ကာ ခြေရှုပ်ချင်တိုင်း ရှုပ်နေကြသော ကိုလိုနီဝါဒသမားများကို စောင့်ကြပ် ကြည့်ရှုနေခဲ့ပုံ ရလေသည်။ ယင်းသို့ စောင့်ကြပ်ကြည့်ရှုနေခဲ့ရာမှ ၎င်းတို့ကို ရှင်းလင်းသုတ်သင်ခြင်း မပြုလျှင် မည်ကဲ့သို့မျှ မဖြစ်နိုင်တော့သည့် အဆုံးတွင် ဦးအောင်ဇေယျသည် အမြော်အမြင်နှင့်ပြည့်စုံသော အကြီးအကဲတစ်ဦးပီပီ ပြင်သစ်နှင့် ဗြိတိသျှကိုလိုနီဝါဒသမားများ နှစ်ဦးစလုံးကို ရှင်းလင်းသုတ်သင်ခြင်း ပြုလေတော့သည်။

(၈) ဟိုင်းကြီးကျွန်း သတ်ဖြတ်မှုကြီး

ဦးအောင်ဇေယျသည် မွန်တို့ကို အားပေးကူညီခဲ့သော ဗြိတိသျှ အရှေ့အိန္ဒိယကုမ္ပဏီမှ အာဏာပိုင်တစ်ဦးဖြစ်သူ မစ္စတာဝှိုက် ဆိုသူကို ဖမ်းဆီးချုပ်နှောင်ကာ ၎င်း၏ သင်္ဘောကိုလည်း သိမ်းယူလိုက်လေသည်။ မှန်နန်းရာဇဝင်တော်ကြီး၏ ရေးသားဖော်ပြချက်အရ ဟိုင်းကြီးကျွန်းကို ခံတပ်ပြုလုပ်၍ တပ်စွဲထားကြသော ဗြိတိသျှ အရှေ့အိန္ဒိယကုမ္ပဏီ အမှုထမ်း၊ အရာထမ်းများ အားလုံးတို့ကို မြန်မာတပ်မှူးကြီး မင်းရဲကောင်းပုံနှင့် မင်းရဲနရသိခ်တို့အား စေလွှတ်၍ တစ်ယောက်မကျန် ရှင်းလင်းသုတ်သင်ခြင်း ပြုလိုက်လေသည်။ အလားတူပင် သန်လျင်မှ နေ၍ မွန်တို့အား အမျိုးမျိုး အားပေးကူညီခဲ့သော ပြင်သစ်ကိုလိုနီဝါဒသမား အကြီးအကဲဖြစ်သူ ဘူးရ်ရိုးနှင့်တကွ လက်နက်ကိုင်တပ်များကို ရှင်းလင်းသုတ်သင်လိုက်ပြီးနောက် အိန္ဒိယနိုင်ငံရှိပြင်သစ်ကိုလိုနီ ခြေကုပ်စခန်း ဖြစ်သော ပွန်ဒစ်ချယ်ရီမှ စစ်ကူ လွှတ်လိုက်သော ပြင်သစ် စစ်သင်္ဘော လေးစင်းကိုလည်း ဖမ်းဆီးသိမ်းပိုက်လိုက်လေသည်။ ယင်းသို့ဖြင့် ၁၈ ရာစုဝက် သမိုင်းကာလအတွင်း မြန်မာနိုင်ငံ၌ ပေါ်ပေါက်ခဲ့သော မွန်-မြန်မာ ပဋိပက္ခကို ၎င်းတို့အသီးသီး၏ ကိုလိုနီဝါဒအတွက် အသုံးချရန် ယှဉ်ပြိုင်အားထုတ်ခဲ့ကြသော ဗြိတိန်နှင့် ပြင်သစ် ကိုလိုနီဝါဒသမား နှစ်ဦးစလုံးတို့ကို မြန်မာ အကြီးအကဲ ဦးအောင်ဇေယျသည် အမြော်အမြင် ကြီးစွာဖြင့် ရှင်းလင်း သုတ်သင်ခြင်း ပြုခဲ့လေသည်။

ယင်းသို့ မိမိတိုင်းပြည်၏ အချုပ်အခြာ အာဏာကို ထိန်းသိမ်းကာကွယ်ခြင်း ပြုခဲ့သော အမှုနှင့်ပတ်သက်၍ ဗြိတိသျှ အရှေ့ အိန္ဒိယကုမ္ပဏီ အမှုထမ်း၊ အရာထမ်းများနှင့်
mgyoe.com

mgyoe.com SAMPLE BOOK
ဗြိတိသျှ ကိုလိုနီသမိုင်းဆရာကြီးများက ဟိုင်းကြီးကျွန်း သတ်ဖြတ်မှုကြီး ဟု ခေါင်းစီးတပ်ကာ မြန်မာတို့ဘက်သို့ တစ်ဖက်သတ် အဆိုးချ၍ စာတမ်းအမြောက်အမြား ရေးသားထုတ်ဝေခဲ့ကြရုံမျှသာမက ကိုလိုနီခေတ် ပညာရေးကာလက ကျောင်းသုံးစာအုပ်များ အဖြစ်ဖြင့်ပင် ပြဋ္ဌာန်းခြင်း ပြုခဲ့ကြလေသည်။ ဦးအောင်ဇေယျ အမှူးပြုသော မြန်မာအကြီးအကဲများသည် နှစ်ဦးနှစ်ဘက် အကျိုးစီးပွားပေါ်တွင် အခြေခံသော ဗြိတိန်-မြန်မာ နှစ်ပြည်ထောင် ကူးသန်းရောင်းဝယ်မှုနှင့် ဆက်ဆံရေးကို အစဉ်သဖြင့် လိုလားလက်ခံခဲ့ကြောင်း အထင်အရှား ပြသခဲ့ကြလေသည်။ သို့ရာတွင် တစ်ဖက်သတ် အကျိုးစီးပွားကိုသာ ကြည့်၍ ကူးသန်းရောင်းဝယ်ခြင်းများနှင့် ဆက်ဆံခြင်းများကိုကား အဘယ်သို့ လက်ခံနိုင်ပါ့မည်နည်း။

ဗြိတိသျှ အရှေ့အိန္ဒိယကုမ္ပဏီကိုယ်စား အင်စိုင်းရောဘတ် လစ်စတာက လည်းကောင်း၊ မြန်မာနိုင်ငံ အစိုးရကိုယ်စား ဦးအောင်ဇေယျက လည်းကောင်း ၁၇၅၇ ခုနှစ်က ပထမဦးဆုံးအကြိမ် ချုပ်ဆို လက်မှတ်ရေးထိုးခဲ့ကြသော ဗြိတိန်-မြန်မာ စာချုပ်၌ နှစ်ဦးနှစ်ဘက် အကျိုးစီးပွားပေါ်တွင် အခြေခံသော ကူးသန်းရောင်းဝယ်ရေးနှင့် ဆက်ဆံရေးများကို ပြုလုပ်ရန် မြန်မာတို့က ဟိုင်းကြီးကျွန်းကို ဗြိတိန်အား ပေးအပ်ခဲ့သည်မှာ ထင်ရှားလှပေသည်။ သို့ရာတွင် ဗြိတိန်သည် ဟိုင်းကြီးကျွန်းကို မြန်မာနိုင်ငံအား ခြိမ်းခြောက်ရန် ၎င်း၏ အခြေခံစခန်းအဖြစ်ဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ရန် ဗဟိုဌာနအဖြစ်ဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံခြားကူးသန်းရောင်းဝယ်ရေးကို ချုပ်ကိုင် ခြယ်လှယ်ရန် ၎င်း၏ ပင်လယ်ဆိပ်ကမ်း ဌာနကြီးအဖြစ်ဖြင့် လည်းကောင်း တစ်ဖက်သတ်သတ် အသုံးချခဲ့သည်မှာ များစွာ ထင်ရှားလှသော ကိစ္စကြီးပင်ဖြစ်လေသည်။

ဦးအောင်ဇေယျ ကွယ်လွန်ပြီးနောက် ၎င်း၏ နေရာကို ဆက်ခံသော နောင်တော်ကြီး သည်လည်း ဗြိတိန်-မြန်မာ နှစ်နိုင်ငံ၏ အကျိုးစီးပွားပေါ်တွင် အခြေခံသော ကူးသန်းရောင်းဝယ်ရေးကို များစွာလိုလားသော မြန်မာအကြီးအကဲ တစ်ဦးပင် ဖြစ်လေသည်။ သို့ရာတွင် ဗြိတိသျှ ကိုလိုနီဝါဒသမားများအား မြန်မာနိုင်ငံအတွင်းသို့ တံခါးမရှိ ဓားမရှိ ဝင်ရောက် ခြေရှုပ်ခွင့်ကိုကား မပေးခဲ့ချေ။ ဗြိတိသျှ အရှေ့အိန္ဒိယကုမ္ပဏီမှ အာဏာပိုင်ကိုယ်စားလှယ်တစ်ဦးဖြစ်သူ ကပ္ပတိန်အာလ်ဝေး ထံသို့ အကြောင်းပြန်ကြားရာတွင် ဟိုင်းကြီးကျွန်း အရေးအခင်းများ အကြောင်းကို ရှင်းလင်းကာ နှစ်နိုင်ငံအကျိုးစီးပွားပေါ်တွင် အခြေခံသော ကူးသန်းရောင်းဝယ်မှုနှင့် ဆက်ဆံမှုများကိုသာ မြန်မာတို့ဘက်မှ လိုလားခြင်း ရှိသည့် အကြောင်းကို ဖော်ပြထားလေသည်။ ထို့ကြောင့် ဗြိတိန်-မြန်မာ ဆက်ဆံရေးသည် ဆယ်စုနှစ် အနည်းငယ်မျှ ရပ်ဆိုင်းသွားခဲ့ရခြင်းလည်း ဖြစ်လေသည်။

နောင်တော်ကြီး ကွယ်လွန်သွားသောအခါ ၎င်း၏နေရာကို ညီဖြစ်သူ ဆင်ဖြူရှင်က ဆက်ခံလေသည်။ ဆင်ဖြူရှင်၏ နန်းသက်အတွင်း ကြီးမားလှသော အဖြစ်အပျက်ကြီး
mgyoe.com

mgyoe.com SAMPLE BOOK
လေးခု ဖြစ်ပွားခဲ့လေသည်။ ပထမအဖြစ်အပျက်မှာ ယိုးဒယား–မြန်မာ စစ်ပွဲဖြစ်၍ ဒုတိယ အဖြစ်အပျက်မှာ တရုတ်–မြန်မာ စစ်ပွဲ ဖြစ်လေသည်။ တတိယအဖြစ်အပျက်မှာ အောက် မြန်မာနိုင်ငံတစ်လွှားမှ မွန်အမျိုးသားများ၏ ထကြွတော်လှန်မှုဖြစ်၍ စတုတ္ထအဖြစ်အပျက် မှာ ၁၇၇၈ ခုနှစ်က ဖြစ်ပွားသော ဗြိတိန်–ပြင်သစ် စစ်ပွဲအတွင်း ပြင်သစ်တို့က ရန်ကုန်နှင့် မြိတ်မြို့ ဆိပ်ကမ်းများကို ဗြိတိန်အား တိုက်ခိုက်ရာတွင် ၎င်းတို့၏ ရေတပ် စခန်းထောက် များ အဖြစ်ဖြင့် အသုံးပြုခဲ့ကြသော အရေးအခင်းများပင် ဖြစ်လေသည်။ ဆင်ဖြူရှင် ကွယ်လွန် သောအခါ ၎င်း၏ သားတော် စဉ့်ကူးမင်း နန်းတက်သည်။ ထိုအမှုကို မခံနိုင်၍ နောင်တော် ကြီး၏ သား မောင်မောင်က ၆ နှစ်ခန့်အကြာတွင် ထီးမွေကို လုယက် ယူငင်ရန် အားထုတ် ခြင်း ပြုသည်။ နောက်ဆုံး ဦးအောင်ဇေယျ၏ ကြွင်းကျန်နေသေးသော သားတစ်ဦးဖြစ်သူ ဦးဝိုင်းက ကုန်းဘောင်မင်းဆက် နန်းတွင်းအရှုပ်အထွေးကို ရှင်းလင်းကာ အာဏာသိမ်းပိုက် ခြင်း ပြုလိုက်လေသည်။ ဦးဝိုင်းကို မြန်မာရာဇဝင်များ၌ ဘိုးတော်ဘုရားဟု ရည်ညွှန်း ဖော်ပြ လေ့ ရှိကြသည်။

ဘိုးတော် ဦးဝိုင်းသည် ကုန်းဘောင်မင်းဆက် ဘုရင်များအနက် ဤမင်းဆက်ကို စတင်တည်ထောင်သော ဦးအောင်ဇေယျကဲ့သို့ အမြော်အမြင်နှင့် ပြည့်စုံသော မြန်မာနိုင်ငံ အကြီးအကဲတစ်ဦးပင် ဖြစ်လေသည်။ တိုင်းပြည်၏ စီးပွားရေး၊ လူဦးရေ၊ အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် အရပ်ရပ် အခြေအနေများကို လေ့လာနိုင်ရန် တောင်ငူ–ညောင်ရမ်း မင်းဆက် သာလွန်မင်းကဲ့သို့ နိုင်ငံတော် စစ်တမ်းများကို ၁၇၈၄ ခုနှစ်တွင် တစ်ကြိမ်၊ ၁၈၀၃ ခုနှစ်တွင် တစ်ကြိမ် နှစ်ကြိမ်တိုင်တိုင်မျှ စစ်ဆေးကောက်ယူခြင်း ပြုခဲ့လေသည်။ ၎င်း၏နန်းသက် အတွင်း အစုစပ်ကုမ္ပဏီများ တည်ထောင်ခြင်းနှင့် ငွေဒင်္ဂါးများ သွန်းလုပ်ခြင်း များကို ထောက်ရှု၍ ကုန်ထုတ်လုပ်ငန်းများနှင့် ကုန်သွယ်ရေးလုပ်ငန်းများ တော်တော်ကြီး ဖွံ့ဖြိုး တိုးတက်လျက် ရှိကြောင်း ခန့်မှန်းနိုင်လေသည်။ သို့ရာတွင် ပြည်ပကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများကိုမူကား ဘိုးတော် ဦးဝိုင်းသည် အကြောင်းအမျိုးမျိုးကြောင့် ပိတ်ပင်တားဆီး ခြင်း ပြုထားခဲ့သည်ဟု ယူဆရလေသည်။ ထိုသို့ အကြောင်းအမျိုးမျိုးထဲတွင် ဗြိတိသျှ ကိုလိုနီ ဝါဒသမားများနှင့် ဆက်ဆံခြင်းပြုရမည့် အရေးကို မနှစ်မြို့သော အကြောင်းတစ်ကြောင်း လည်း ပါဝင်လိမ့်မည်ဟု ထင်ရပေသည်။

မြန်မာနိုင်ငံအား စည်းရုံးသိမ်းသွင်းခြင်း ပြုသောအမှုနှင့် ပတ်သက်၍ ရခိုင်ပြည် အပေါ်၌ ထားရှိကျင့်သုံးခဲ့သော ဘိုးတော်ဦးဝိုင်း၏ ဝါဒသည် ယခင် ပုဂံနှင့် တောင်ငူ– ညောင်ရမ်း မင်းဆက်များတုန်းကကဲ့သို့ မဟုတ်တော့ဘဲ ပြောင်းလဲလာခဲ့လေသည်။ ရခိုင် ပြည်ကို တိုက်ခိုက်ပြီးနောက် ရခိုင်ပြည်သူတို့၏ ပြည်နယ်နှင့် အုပ်ချုပ်ရေးကို လုံးဝဖျက်သိမ်း လိုက်ခြင်းပင် ဖြစ်လေသည်။ ထိုမျှသာမကသေး၊ မြန်မာနိုင်ငံနှင့် အနောက်မြောက်ဘက် ဒေသများတွင် နယ်စပ်ချင်း တွေ့ထိလျက် ရှိသော မဏိပူရနှင့် အာသံပြည်နယ်များ အရေး
mgyoe.com

mgyoe.com SAMPLE BOOK

တွင်လည်း မြန်မာတို့၏ နိုင်ငံရေး တန်ခိုးဩဇာကို ထူထောင်ရန် စစ်မက်ရေးရာ ဝါဒဖြင့် အတိအလင်း အားထုတ်ခြင်း ပြုခဲ့လေသည်။

(၉) ကပ္ပတိန်မိုက်ကယ်ဆိုင်းစ် သံအဖွဲ့

ယင်းသို့ မြန်မာနိုင်ငံ၏ အနောက်ဘက်ဒေသများ ဖြစ်ကြသော ရခိုင်၊ မဏိပူရနှင့် အာသံပြည်နယ်များသို့ မြန်မာတို့၏ နိုင်ငံရေး တန်ခိုးဩဇာကို အခိုင်အခံ့ ထူထောင်၍ သိမ်းသွင်းခြင်း ပြုရန် ဘိုးတော်ဦးဝိုင်းသည် စစ်မက်ရေးရာ ဝါဒဖြင့် အားထုတ်နေသော တစ်ချိန်တည်းမှာပင် အိန္ဒိယနိုင်ငံ ဘင်္ဂလားပြည်နယ်ကြီး တစ်ခုလုံးကို သိမ်းပိုက်ထားမိကြပြီဖြစ်သော ဗြိတိသျှ ကိုလိုနီဝါဒသမားများသည်လည်း မဏိပူရ၊ ဂျန်တီယာ၊ ကာချာနှင့် အာသံပြည်နယ်များကို ၎င်းတို့၏ ဩဇာခံပြည်နယ်များ အဖြစ်ဖြင့် သိမ်းသွင်းထူထောင်ရန် ပြင်ဆင်လျက် ရှိနေကြလေသည်။ ထို့ကြောင့် ၁၈ ရာစုနှစ်များ ကုန်၍ ၁၉ ရာစုနှစ်များ ဆန်းလျှင်ပင် ဗြိတိသျှ-ဘင်္ဂလားပြည်နယ်နှင့် မြန်မာ-ရခိုင်ပြည်နယ်တို့သည် နယ်စပ်ချင်း တွေ့ထိမိကြလေတော့သည်။ ထို့အတူ ဗြိတိသျှ အရှေ့အိန္ဒိယကုမ္ပဏီနှင့် မြန်မာဘုရင် ဘိုးတော်ဦးဝိုင်းတို့၏ အကျိုးစီးပွားများသည်လည်း အထက်ဖော်ပြပါ မဏိပူရနှင့် အာသံပြည်နယ်များတွင် တွေ့ထိကာစတင်၍ပဋိပက္ခဖြစ်ပွားရလေတော့သည်။ ယင်းပဋိပက္ခများ အပြင် အိန္ဒိယကုန်းမြေတွင် ခြေကုပ်စခန်းများ ကောင်းစွာ အခြေစိုက်မိပြီးလျှင် ကိုလိုနီနယ်သစ်များကို တစ်နယ်ပြီးတစ်နယ် တိုးချဲ့လျက် ရှိသော ဗြိတိသျှ အရှေ့အိန္ဒိယကုမ္ပဏီ အာဏာပိုင်များ အထူးကြောက်ရွံ့ စိုးရိမ်နေသော ကိစ္စတစ်ခုသည်လည်း မြန်မာနိုင်ငံနှင့် စပ်လျဉ်း၍ ၎င်းတို့အတွင်း၌ ပေါ်ပေါက်လျက် ရှိနေကြသေးသည်။ ထိုကိစ္စာ အခြားတော့ ကား မဟုတ်ချေ။ အိန္ဒိယကုန်းမြေမှ ၎င်းတို့၏ ကန်ထုတ်ခြင်းကို ခံလိုက်ရသဖြင့် အာရှတိုက်နှင့် အိန္ဒိယသမုဒ္ဒရာ တစ်ဝိုက်တွင်လည်း ခြေကုပ်စခန်း လက်လွှတ်နေသော ပြင်သစ်ကိုလိုနီ ဝါဒသမားများက မြန်မာနိုင်ငံတွင် ရသည့်နည်းနှင့် ဝင်ရောက် ခြေကုပ်ယူကာ ၎င်းတို့အား ကြီးကြီးမားမား ရန်ပြုနိုင်သော အရေးအခင်းပင် ဖြစ်လေသည်။ ထိုအချိန်က ဗြိတိန်နှင့် ပြင်သစ်တို့သည် စစ်မက်ဖြစ်ပွားနေခြင်း မရှိစေကာမူ ပြင်သစ်ကိုလိုနီဝါဒသမားများ၏ ကြေးစားသူလျှိုများနှင့် ကိုယ်စားလှယ်များသည် မြန်မာနိုင်ငံ၌ ကုန်သည်များအဖြစ်ဖြင့် အမျိုးမျိုး ခြေရှုပ်နေကြလေသည်။ အချို့သော ပြင်သစ်သူလျှိုများသည် ဗြိတိသျှ ဆန့်ကျင်ရေးဝါဒကို တီးတိုးဖြန့်ရုံမျှသာ မဟုတ်သေး၊ များမကြာမီက အိန္ဒိယနိုင်ငံမှ ဗြိတိသျှတို့သည် ဆုတ်ခွာ ထွက်ပြေးကြရတော့မည်ဟုပင် ယုတ္တိယုတ္တာနှင့် ဝါဒဖြန့်လျက် ရှိကြလေသည်။

ယင်းသို့ ၁၉ ရာစုနှစ်များ ဆန်းခါစလောက်တွင် အိန္ဒိယနိုင်ငံ၌ အခြေစိုက်လျက် ရှိသော ဗြိတိသျှ ကိုလိုနီဝါဒသမားများနှင့် မြန်မာဘုရင် ဘိုးတော်ဦးဝိုင်းတို့ အကြားတွင် ပေါ်ပေါက်လျက်ရှိသော ရခိုင် ဘင်္ဂလားနယ်စပ် အရေးအခင်း၊ အာသံ၊ မဏိပူရ၊ ကာချာနှင့်

mgyoe.com

mgyoe.com SAMPLE BOOK
ဂျန်တီယာပြည်နယ် အရေးအခင်းများနှင့် ပြင်သစ်အရေးအခင်းများကို အကြောင်းပြု၍ နှစ်ဦးနှစ်ဖက် မဆက်ဆံလျှင် မဖြစ်တော့သော အခြေသို့ ဆိုက်ရောက်လာလေသည်။ အထူးသဖြင့် မြန်မာနိုင်ငံ၌ ပြင်သစ် ကိုလိုနီဝါဒသမားများ ခြေကုပ်စခန်း မရယူနိုင်အောင် တားဆီးဖို့ အရေးသည် သေရေးရှင်ရေးကဲ့သို့ ဖြစ်လာသောကြောင့် ဗြိတိသျှ အိန္ဒိယနိုင်ငံ ဘုရင်ခံချုပ် ဆာဂျွန်ရှိုးသည် ၁၇၉၅ ခုနှစ်တွင် ကပ္ပတိန်မိုင်ကယ်ဆိုင်းစ် ဆိုသူကို အာဏာပိုင် သံအဖွဲ့၏ အကြီးအကဲအဖြစ်ဖြင့် ခန့်အပ်ကာ မြန်မာနိုင်ငံသို့ စေလွှတ်လိုက်ခြင်းပင် ဖြစ်လေသည်။

ဘိုးတော်ဦးဝိုင်း၏ မြန်မာဘုရင့်အစိုးရသည် ကပ္ပတိန်ဆိုင်းစ် ဆိုသူ ဦးဆောင်သော ဗြိတိသျှအရှေ့အိန္ဒိယကုမ္ပဏီ၏ ကိုယ်စားလှယ်အဖွဲ့ကို ဧည့်ဝတ်ကျေကျေနှင့် မြန်မာလူမျိုးများ၏ ထုံးစံအတိုင်း ယဉ်ယဉ်ကျေးကျေး ဧည့်ခံခြင်းနှင့် ဆက်ဆံခြင်းများ ပြုခဲ့ကြသည်။ ကာယကံရှင် ကပ္ပတိန်ဆိုင်းစ် ကိုယ်တိုင်က မြန်မာဘုရင့်အစိုးရ၏ ဧည့်ဝတ်ကျေမှုနှင့် ယဉ်ကျေးသိမ်မွေ့မှုများကို ၎င်း၏ 'အင်းဝခေတ် ဗြိတိသျှသံအဖွဲ့၏ အစီရင်ခံစာ' တွင် အတိအလင်း ရေးသားဖော်ပြထားလေသည်။ ၎င်းအပြင် ယင်းအစီအရင်ခံစာ၌ပင် "မြန်မာတို့သည် နှစ်ဦးနှစ်ဖက် အကျိုးစီးပွားပေါ်တွင် အခြေခံသော ကူးသန်းရောင်းဝယ်မှုနှင့် ဖောက်ကားမှုများကို မည်သည့်နိုင်ငံနှင့်မဆို ပြုလုပ်ရန် လိုလိုလားလား ရှိကြသူများ ဖြစ်ကြောင်း၊ သို့ရာတွင် ၎င်းတို့သည် ထိုကဲ့သို့ နိုင်ငံခြားတိုင်းပြည်နှင့် ရောင်းဝယ်ဖောက်ကားမှု၌ အတွေ့အကြုံ နည်းပါးသေးသည်ကို တွေ့ရှိရကြောင်း" စသည်ဖြင့်လည်း ရေးသားဖော်ပြထားလေသည်။

ကပ္ပတိန်ဆိုင်းစ် ဦးဆောင်သော ဗြိတိသျှ သံအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာသွားကြသောအခါ မြန်မာဘုရင် ဘိုးတော်ဦးဝိုင်းထံမှ အိန္ဒိယနိုင်ငံ ဗြိတိသျှဘုရင်ခံချုပ်ထံသို့ အကြောင်းပြန်ကြားခြင်း ပြုသော စာတစ်စောင်လည်း ပါလေသည်။ ဘိုးတော်ဦးဝိုင်း၏ အကြောင်းပြန်ကြားစာတွင် "မြန်မာနိုင်ငံ၏ တရားဥပဒေဘောင်အတွင်း၌ ဗြိတိန်–မြန်မာ နှစ်နိုင်ငံတို့၏ အကျိုးစီးပွားပေါ်တွင် အခြေခံသော ရောင်းဝယ်ဖောက်ကားမှုကို ဗြိတိသျှကုန်သည်များသည် လုပ်ကိုင်နိုင်ကြောင်း၊ ယင်းသို့ ရောင်းဝယ်ဖောက်ကားမှုကိုလည်း မြန်မာ့ဘုရင် အစိုးရက လိုလိုလားလား ရှိသည့်အပြင် တတ်နိုင်သမျှသော အကူအညီများကို ပေးရန်လည်း အဆင်သင့်ရှိကြောင်း" စသည်ဖြင့် ရေးသားဖော်ပြထားလေသည်။ ၎င်းအပြင် မြန်မာနိုင်ငံ၌ ဖြစ်ပေါ်လာမည့် ဗြိတိသျှ အမျိုးသားတို့၏ အကျိုးစီးပွားများကို စောင့်ကြပ်ကြည့်ရှုရန် ဗြိတိသျှ အမျိုးသား ကိုယ်စားလှယ်တစ်ဦးကိုလည်း ရန်ကုန်မြို့၌ နေထိုင်ရန် ခွင့်ပြုသည့်အကြောင်းကိုပါ ရေးသားလိုက်လေသည်။

ယင်းသို့ မြန်မာဘုရင်ထံမှ အကြောင်းပြန်ကြားစာကို ရလျှင်ရချင်း အိန္ဒိယ ဘုရင်ခံချုပ်ကြီးသည် မြန်မာနိုင်ငံ၌ ပြင်သစ်ကိုလိုနီ ဝါဒသမားများ၏ ခြေလှမ်းနှင့် ခြေပုန်းများကို အထူးအလေးပေး ထောက်လှမ်းလေ့လာခြင်း ပြုရန်အတွက် ကပ္ပတိန် ဟီရမ်ကောက်စ်
mgyoe.com

mgyoe.com SAMPLE BOOK

ဆိုသူအား ဗြိတိသျှအရှေ့အိန္ဒိယကုမ္ပဏီ၏ တရားဝင် ကိုယ်စားလှယ်အဖြစ်ဖြင့် ခန့်အပ်ကာ မြန်မာနိုင်ငံသို့ စေလွှတ်ခြင်း ပြုခဲ့လေသည်။ သို့ရာတွင် ကပ္ပတိန်ကောက်စ် ဆိုသူသည်ကား များစွာဆိုးဝါးကောက်ကျစ်လှသော ဗြိတိသျှ ကိုလိုနီဝါဒသမား တစ်ဦးမျှသာ ဖြစ်လေသည်။ မြန်မာနိုင်ငံ၌ ဗြိတိသျှ အရှေ့အိန္ဒိယကုမ္ပဏီ၏ ကိုယ်စားလှယ်အဖြစ်ဖြင့် ၁၇၉၆ ခုနှစ်မှ ၁၇၉၈ ခုနှစ်အထိ ၂ နှစ်သာသာမျှ နေထိုင်သွားခဲ့သည့်အတွင်း မြန်မာဘုရင့်အစိုးရနှင့်တကွ မြန်မာအမျိုးသားများ အပေါ်တွင် များစွာ ရိုင်းရိုင်းစိုင်းစိုင်း ဆက်ဆံပြုမူသွားခဲ့လေသည်။ ၎င်း၏ဂျာနယ်တွင် မြန်မာနိုင်ငံနှင့် ပတ်သက်၍ သော်လည်းကောင်း၊ မြန်မာအစိုးရနှင့် ပတ်သက်၍ သော်လည်းကောင်း၊ မြန်မာအမျိုးသားများနှင့် ပတ်သက်၍ သော်လည်းကောင်း ရစရာမရှိအောင် ပုတ်ခတ်ရေးသား ထားခဲ့လေသည်။ ကောက်စ်သည် မြန်မာဘုရင့် နန်းတော်ကိုပင် 'လူပျက်များ၏ ညီလာခံ' ဟူ၍ ၎င်း၏ ဂျာနယ်၌ ရေးသားဖော်ပြထားခြင်း အထိ ပြုခဲ့လေသည်။

မြန်မာတို့နှင့် ဆက်ဆံရာတွင် မပြေပြစ်သောကြောင့် ကပ္ပတိန်ကောက်စ် အိန္ဒိယနိုင်ငံသို့ ပြန်သွားပြီးနောက် မကြာမီ ဗြိတိသျှ ဘင်္ဂလားပြည်နယ်နှင့် မြန်မာ ရခိုင်ပြည်နယ် နယ်စပ်အရေးအခင်းများသည် တင်းမာလာလေသည်။ ယင်းသို့ တင်းမာမှုများသည် မြန်မာတို့၏ အုပ်စိုးမှုကို လက်နက်ကိုင် ပုန်ကန်ကန့်ကွက်ကြသော မျိုးချစ်ရခိုင် အင်အားစုများအား ဗြိတိသျှလက်အောက်ခံ စစ်တကောင်းနယ်ကို ခိုလှုံရာစခန်း အဖြစ်ဖြင့် ပေးထားခြင်း ပြုခဲ့ရာမှ စတင် ဖြစ်ပွားလာရခြင်း ဖြစ်လေသည်။ ဗြိတိသျှအာဏာပိုင်တို့က ထိုကိစ္စသည် ၎င်းတို့နှင့် ဘာမျှ မသက်ဆိုင်ဟု ဆိုလေသည်။ မြန်မာအာဏာပိုင်များက စစ်တကောင်းနယ်ကို အခြေခံစခန်း ပြုလုပ်ကာ ရခိုင်ပြည်နယ်အတွင်းသို့ ထောင်နှင့် သောင်းနှင့်ချီသော အင်အားများဖြင့် သုံးလေးကြိမ်မျှ ဝင်ရောက်တိုက်ခိုက်ခြင်း ပြုလျက်ရှိသော ရခိုင်သူပုန်များကို ဗြိတိသျှ အာဏာပိုင်များက ယင်းသို့ ၎င်းတို့နှင့် ဘာမျှ မသက်ဆိုင်ဟု ဆိုလာခြင်းကို လက်မခံနိုင်ကြချေ။ ထို့ကြောင့် ရခိုင်နှင့် ဘင်္ဂလားနယ်စပ် ဒေသတစ်လျှောက်တွင် တစ်ဖက်နှင့်တစ်ဖက် ဆက်ဆံရေးများ ဆိုးရွားတင်းမာလာရခြင်း ဖြစ်လေသည်။ ၎င်းအပြင် မဏိပူရ၊ ကာချာ၊ ဂျန်တီယာနှင့် အာသံပြည်နယ်များ၏ အရေးအခင်းများတွင်လည်း မြန်မာတို့၏ နိုင်ငံရေးနှင့် စစ်မက်ရေး သြဇာများ တစ်စထက်တစ်စ ကြီးမားလာခြင်းကို အိန္ဒိယနိုင်ငံရှိ ဗြိတိသျှအာဏာပိုင်တို့သည် ဆက်လက် သည်းညည်း မခံနိုင်ကြတော့ချေ။ ထိုပြည်နယ်များမှ မြန်မာတို့၏ တန်ခိုးသြဇာကို ဖယ်ရှား၍ ၎င်းတို့၏ တန်ခိုးသြဇာကို ထူထောင်ရန် နည်းလမ်းများ ရှာကြံလျက် ရှိကြလေသည်။ ထို့ကြောင့် ဗြိတိသျှကိုလိုနီဝါဒသမားများသည် မြန်မာနိုင်ငံကို အနည်းနည်းဖြင့် အကြောင်းပြ ရမယ်ရှာ၍ အရေးယူရန် စဉ်းစားခြင်း ပြုလာကြလေသည်။

၁၈၀၂ ခုနှစ်တွင် ဗြိတိသျှ အိန္ဒိယဘုရင်ခံချုပ် လော့ဒ်ဝဲလက်စ်လီသည် ကပ္ပတိန်ဆိုင်းစ်ကိုပင် အကြီးအကဲအဖြစ်ဖြင့် အာဏာအပ်နှင်းကာ မြန်မာနိုင်ငံသို့ ဒုတိယအကြိမ်

mgyoe.com

mgyoe.com SAMPLE BOOK
သံအဖွဲ့တစ်ဖွဲ့ကို စေလွှတ်လိုက်ပြန်လေသည်။ ထိုသို့ ကပ္ပတိန်ဆိုင်းစ်ကို စေလွှတ်ခြင်းပြုလိုက်သော တစ်ချိန်တည်းမှာပင် ဗြိတိသျှဘုရင်ခံချုပ်သည် ရခိုင် ဘင်္ဂလားနယ်စပ် ဖြစ်သော စစ်တကောင်း ဒေသတစ်ဝိုက်သို့ လက်နက်ကိုင်တပ်များကို တိုးချဲ့ဖြည့်တင်းခြင်းပြုလိုက်လေသည်။

ကပ္ပတိန်ဆိုင်းစ်ကို မြန်မာဘုရင် ဦးဝိုင်းထံသို့ ဒုတိယအကြိမ် စေလွှတ်လိုက်ခြင်းနှင့်အတူ တိကျသော ညွှန်ကြားချက်များကိုလည်း ဗြိတိသျှ ဘုရင်ခံချုပ်က ပေးလိုက်လေသည်။ ယင်းညွှန်ကြားချက်များတွင် မြန်မာနှင့် ပြင်သစ်တို့ မဟာမိတ်စာချုပ် မချုပ်ဆိုမိအောင် တားမြစ်ရန်၊ အင်အား ကြီးမားသော ဗြိတိန်နှင့် မဟာမိတ်စာချုပ် ချုပ်ဆိုက မြန်မာဘုရင်၌ အကျိုးရှိမည့်အကြောင်း သဘောပေါက်အောင် ရှင်းလင်းပြောကြားရန်၊ အိန္ဒိယနိုင်ငံရှိ ဗြိတိသျှတို့၏ ဩဇာခံနယ်ပယ်များအား မြန်မာဘုရင်က အသိအမှတ်ပြုရန်နှင့် မြန်မာနိုင်ငံတွင် ဗြိတိသျှ သံအမတ်ကြီးနှင့် ကောင်စစ်ဝန်များ လက်ခံရန် စသည်တို့ ပါဝင်လေသည်။ သို့ရာတွင် ယင်းညွှန်ကြားချက်များအပြင် လျှို့ဝှက်သော အခြားညွှန်ကြားချက်များလည်း ပါရှိသေးသည့် အကြောင်းကို ၁၈၀၂ ခုနှစ်၊ ဧပြီလ ၂၀ ရက် နေ့စွဲနှင့် ဖော်ပြထားသော 'ဘင်္ဂလားနယ် လျှို့ဝှက်ချက်နှင့် နိုင်ငံရေး ဆွေးနွေးချက်များ' အမည်ရှိသော ထိပ်တန်းလျှို့ဝှက်ချက် အုပ်ချုပ်ရေးဆိုင်ရာ စာတမ်းတွင် ထပ်မံ တွေ့ရှိရပြန်လေသည်။ ယင်းစာတမ်း၏ ဖော်ပြချက်အရ ဗြိတိသျှ အိန္ဒိယဘုရင်ခံချုပ် ဝဲလက်စ်လီသည် ကပ္ပတိန် ဆိုင်းစ်ကို မြန်မာနိုင်ငံသို့ စေလွှတ်၍ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးတွင်ပါ ဝင်ရောက် ချုပ်ကိုင်စွက်ဖက်ရန် အားထုတ် စမ်းသပ်ကြောင်း အထင်အရှား တွေ့ရှိရလေသည်။ ဗြိတိသျှ ဘုရင်ခံချုပ်၏ အာဏာပိုင် သံအမတ်ကြီး ကပ္ပတိန်ဆိုင်းစ်က ဘိုးတော်ဘုရား နောက်ပိုင်းတွင် မြန်မာ့ထီးမွေကို ဆက်ခံမည့် အရေးအခင်းများနှင့် ပတ်သက်၍ ဗြိတိသျှတို့၏ အစောင့်အရှောက် အကာအကွယ်ကိုပင် ခံယူရန်အထိ တောင်းဆိုရန် ဖြစ်လေသည်။ အဓိပ္ပာယ်မှာ ဗြိတိသျှတို့၏ ဩဇာကို ခံမည့်သူအား ထီးမွေကို ဆက်ခံစေရမည်ဟု နိုင်ငံရေးပရိယာယ်ဖြင့် တောင်းဆိုခြင်းပင် ဖြစ်လေသည်။

မြန်မာဘုရင် ဦးဝိုင်းသည် ယင်းသို့ ပြည်တွင်းရေးကိုပင် အတိအလင်း ဝင်ရောက်ချုပ်ကိုင်ခြင်းနှင့် စွက်ဖက်ခြယ်လှယ်ခြင်းများ ပြုရန်အထိ ကျူးကျော်တောင်းဆိုလာသော ဗြိတိသျှကိုလိုနီဝါဒသမားများ၏ တောင်းဆိုချက်များကို ပယ်ချလိုက်လေသည်။ သို့ရာတွင် နှစ်ဦးနှစ်ဖက် အကျိုးစီးပွားပေါ်တွင် အခြေခံသော ကူးသန်းရောင်းဝယ်မှုနှင့်ဆက်ဆံရေးများကို ဆက်လက်ပြုလုပ်ရန် အကြောင်းပြန်ကြားလေသည်။

ကပ္ပတိန်ဆိုင်းစ် မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာသွားပြီးနောက် ၎င်း၏ သံအဖွဲ့နှင့်အတူ ပါဝင်ခဲ့သော ကပ္ပတိန် ကံနင် ဆိုသူကို အိန္ဒိယဘုရင်ခံချုပ်သည် မြန်မာနိုင်ငံသို့ အရပ်ရပ် အခြေအနေများကို စုံစမ်းထောက်လှမ်းရန်အတွက် အကြိမ်ကြိမ် စေလွှတ်ပြန်
mgyoe.com

mgyoe.com SAMPLE BOOK

လေသည်။ ကပ္ပတိန်ကံနင်သည် ရခိုင်ပြည်နယ်ကို ဗြိတိသျှတို့က တိုက်ခိုက်သိမ်းပိုက်ဖို့ အတွက် ထောက်လှမ်းစရာ ရှိသည်တို့ကို ထောက်လှမ်းပြီးနောက် သက်ဆိုင်ရာသို့ အစီရင်ခံခဲ့လေသည်။ ၁၈၁၀ ခုနှစ်၊ မေလ ၂၉ ရက်နေ့စွဲဖြင့် ဖော်ပြထားသော "ဘင်္ဂလားနယ် လျှို့ဝှက်ချက်နှင့် နိုင်ငံရေး ဆွေးနွေးချက်များ" အမည်ရှိသော စာတမ်းတွင် ရခိုင်ပြည်ကို ဗြိတိသျှ လက်နက်ကိုင်တပ် အနည်းငယ်မျှနှင့် လွယ်လင့်တကူ တိုက်ခိုက်သိမ်းပိုက်၍ ဖြစ်နိုင်ကြောင်း၊ ယင်းသို့ သိမ်းပိုက်ထားခြင်းအားဖြင့် အိန္ဒိယနိုင်ငံ အရှေ့မြောက်ဘက် ဒေသများအား မြန်မာတို့ ကျူးကျော်နှောင့်ယှက်ခြင်းမှ လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်ကို ပြင်သစ်တို့က ခြိမ်းခြောက်ခြင်းမှ လည်းကောင်း တားဆီး ပိတ်ပင်ပြီးသားလည်း ဖြစ်လိမ့်မည် ထင်ကြောင်း ဖြင့် ကပ္ပတိန်ကံနင်က အတိအလင်း အစီရင်ခံထားလေသည်။

ထိုအတောအတွင်း ရခိုင် ဘင်္ဂလားနယ်စပ် အရေးအခင်းများသည် များစွာ ဆိုးရွားတင်းမာလျက် ရှိလေသည်။ ဗြိတိသျှ စစ်တကောင်းနယ်ကို ခြေကုပ်စခန်းပြုကာ မြန်မာဘုရင်၏ အုပ်စိုးမှုအား ရခိုင်ပြည်မှ နှင်ထုတ်တိုက်ခိုက်လျက် ရှိသော ရခိုင် ခေါင်းဆောင်ကြီး ချင်းပြန်၏ အရေးအခင်းများနှင့် ပတ်သက်၍ ရခိုင်ပြည်ဆိုင်ရာ မြန်မာ အာဏာပိုင်များနှင့် စစ်တကောင်းနယ်ဆိုင်ရာ ဗြိတိသျှ အာဏာပိုင်များ၏ ဆက်ဆံရေးသည် များစွာ ခါးခါးသီးသီး ဖြစ်နေကြလေသည်။ ရံဖန်ရံခါ တစ်ဖက်နှင့်တစ်ဖက် လက်နက်ကိုင် တိုက်ပွဲကလေးများပင် ဖြစ်ပွားစ ပြုလာသည်။ ယင်းကဲ့သို့သော အခြေအနေနှင့် အချိန်တွင် ဘိုးတော်ဦးဝိုင်းသည် ကွယ်လွန်သွားပြီးလျှင် ၎င်း၏မြေးတော်ဖြစ်သူသည် ဘကြီးတော် ဟူသော အမည်ဖြင့် မြန်မာ့ထီးမွေကို ဆက်ခံစိုးစံခြင်း ပြုလေသတည်း။

၀

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း ( ၅ )

## မဇ္ဈိမခေတ် မြန်မာနိုင်ငံ - ၂

(၁) မဇ္ဈိမခေတ် မြန်မာ့စီးပွားရေး ဘဝ

ပုဂံမင်းဆက်များမှ အစပြုကာ ကိုလိုနီခေတ်မတိုင်မီ ကုန်းဘောင်မင်းဆက်များ လက်ထက်အထိ နှစ်ပေါင်း ၈၀၀ နီးပါးခန့်မျှ သက်ဆိုးရှည်လျား ကြာမြင့်ခဲ့သော မဇ္ဈိမခေတ် မြန်မာ့စီးပွားရေးဘဝသည် မြေယာနှင့် လက်မှုကုန်ထုတ် လုပ်ငန်းကလေးများ အပေါ်တွင် အခြေခံထားသော ပဒေသရာဇ် စီးပွားရေးမျှသာ ဖြစ်လေသည်။ ယင်း ပဒေသရာဇ် စီးပွားရေးစနစ်၌ မြန်မာဘုရင် မင်းမြတ်သည် နိုင်ငံတော်၏ ကုန်ထုတ်လုပ်ငန်းများနှင့် ကုန်လုပ်စွမ်းအားစုများ ဖြစ်ကြကုန်သော ရေမြေနှင့် အသက်ဦးဆံတို့ကိုပင် အကြွင်းမဲ့ ပိုင်တော်မူသော 'ဘဝရှင်မင်းတရားကြီး' လည်း ဖြစ်လေသည်။

"ရွှေတွင်း ငွေတွင်း၊ ပယင်းတွင်း၊ ပတ္တမြားတွင်း၊ ပုလဲ၊ သန္တာ၊ နီလာ၊ စိန်၊ ကျောက် အစရှိသော အနဂ္ဃဥစ္စာ ရတနာများသခင်...၊ ရဟတ်စကြာ လေးကျွန်းဖြာကို အာဏာလွှဲပတ် တန်ခိုးလွှတ်နိုင်သော သက်ဦးဆံပိုင် ကေရာဇ်ဘုရင် ဆဒ္ဒန်ဆင်မင်း သခင်..." အစရှိသည် ဖြင့် မြန်မာဘုရင်မင်းမြတ်၏ အနေအထားကို မြန်မာရာဇဝင်တော်ကြီးများ၌ တခမ်းတနား ဖွဲ့ဆိုရည်ညွှန်း ဖော်ပြလေ့ ရှိကြလေသည်။ ရေမြေ့ရှင်ဟု ဆိုရာ၌ ရေပေါ် ရေအောက်နှင့် မြေပေါ် မြေအောက်၌ ရှိရှိသမျှတို့ကို ဘုရင်မင်းမြတ် တစ်ဦးတည်းကသာ အကြွင်းမဲ့ စိုးပိုင်ခြင်းကို ဆိုလိုဖော်ပြခြင်း ဖြစ်လေသည်။ အသက်ဦးဆံပိုင်ရှင်ဟု ဆိုရာ၌ ဘုရင်မင်းမြတ်၏ ဘုန်းရိပ်နှင့် ရွှေဖဝါးတော်အောက်၌ မှီတင်းနေထိုင်ကြကုန်သော ပုပုရွရွလူမှန်သမျှတို့၏

mgyoe.com

mgyoe.com SAMPLE BOOK

အသက်အိုးအိမ်၊ စည်းစိမ်ဥစ္စာနှင့် လုပ်အား စွမ်းပကားတို့ကိုပါ ၎င်းက အကြွင်းမဲ့ စိုးပိုင်တော်မူခြင်းကို ဆိုလိုဖော်ပြခြင်း ဖြစ်လေသည်။ ထို့ကြောင့် မြန်မာ့ပဒေသရာဇ် စနစ်တွင် နိုင်ငံတော်အတွင်း၌ ရှိရှိသမျှသော စားဝတ်နေရေးဆိုင်ရာ လူသုံးကုန်ပစ္စည်းများသည် ဘုရင်မင်းမြတ် တစ်ဦးတည်းကသာ အကြွင်းမဲ့ စိုးပိုင်လျက် နိုင်ငံတော်အတွင်း၌ မှီခိုနေထိုင်ကြကုန်သော လူခပ်သိမ်းကုန်တို့သည်လည်း ၎င်း၏ ကျေးတော်မျိုး ကျွန်တော်မျိုးများ ဖြစ်ကြရလေသည်။

မဇ္ဈိမခေတ် မြန်မာ့စီးပွားရေးဘဝ ဖြစ်သော ပဒေသရာဇ်စနစ်ကို ချဉ်းကပ်လေ့လာခြင်းပြုရာတွင် ယင်းစနစ်ကြီးတစ်ခုလုံး၏ သော့ချက်ဖြစ်သော မြန်မာဘုရင်မင်းမြတ်၏ အနေအထားကို ဦးတည်၍ လေ့လာခြင်းပြုရလိမ့်မည် ဖြစ်ပေသည်။ အဘယ့်ကြောင့်ဆိုသော် ဘဝရှင်မင်းတရားကြီး ဖြစ်တော်မူသော မြန်မာဘုရင်သည် မြန်မာ့ပဒေသရာဇ် ကုန်ထုတ်လုပ်ငန်းကြီး တစ်ခုလုံးနှင့်တကွ ယင်းကုန်ထုတ်လုပ်ငန်းအတွင်းရှိ ကုန်ထုတ်စွမ်းအားစုများအားလုံးကို အကြွင်းမဲ့ စိုးပိုင်တော်မူသောကြောင့်ပင် ဖြစ်လေသည်။

ယင်းသို့ ရေမြေနှင့် အသက်ဦးဆံကို အကြွင်းမဲ့ စိုးပိုင်တော်မူသော ဘဝရှင်မင်းတရားကြီးက ၎င်း၏ နိုင်ငံတော်ဖြစ်သော လုပ်ခွင် ၌ ၎င်း၏ ကျေးတော်မျိုး ကျွန်တော်မျိုးများကို ကံကျွေးချလေ့ ရှိသည်ဟု မြန်မာရာဇဝင်တော်ကြီးများ၌ ရေးသားဖော်ပြလေ့ရှိကြသည်။ ကံကျွေးချသည် ဆိုသည်မှာ ဘုရင်မင်းမြတ်က ၎င်း ကျေးတော်မျိုး ကျွန်တော်မျိုးများကို သက်ဆိုင်ရာလုပ်ခွင်နှင့် လုပ်ငန်းကိုင်ငန်းများ၌ သင့်လျော်သလို နေရာချပေးသနားတော်မူခြင်းပင် ဖြစ်လေသည်။ ဘဝရှင်မင်းတရားကြီးက ယင်းသို့ ကံကျွေးချပေးခြင်းကို ခံကြရသော ကျေးတော်မျိုး ကျွန်တော်မျိုးများကလည်း သတ်မှတ်ထားသော လုပ်အားစွမ်းပကား၊ မင်းတိုင်းကြေး၊ အခွန်ဘဏ္ဍာတော်နှင့် အဖိုးအခများကို ပြန်လည်ဆက်သွယ်ခြင်း ပြုကြရလေသည်။ မြန်မာဘုရင်တစ်ပါး ကွယ်လွန်လျှင် ယင်းသို့ ကံကျွေးချထားပေးခြင်းကို ခံတော်မူကြရသော ကျေးတော်မျိုး ကျွန်တော်မျိုးများသည် မိမိတို့၏ ကံကျွေးများကို နောက်တက်လာသော ဘုရင်မင်းမြတ်အား ပြန်လည် အပ်နှံခြင်း ပြုရလေသည်။ သို့ရာတွင် နောက်တက်လာသော ဘုရင်မင်းမြတ်ကလည်း ၎င်း၏ သစ္စာတော်ကို ခံယူခြင်းအားဖြင့် ယခင်ကံကျွေးများကို ပြန်လည်ချပေးလေ့ ရှိကြရိုးသာ ဖြစ်လေသည်။

ယင်းသို့ ဘဝရှင်မင်းတရားကြီး၏ နေရာချပေးထားခြင်းကို ခံယူရကြသော ကျေးတော်မျိုး၊ ကျွန်တော်မျိုးများထဲတွင် ဘုရင်မင်းမြတ်၏ သစ္စာတော်နှင့် အထွေထွေ အမှုတော်များကို ဦးလည်မသုန် ထမ်းရွက်ကြရသော အမှုထမ်း ကျေးတော်မျိုး၊ ကျွန်တော်မျိုးများနှင့် သစ္စာတော်ကို ခံရသော်ငြားလည်း အမှုတော်ကို သွယ်ဝိုက်၍ ထမ်းဆောင်ခြင်း ပြုကြရသော အသည် ကျေးတော်မျိုး၊ ကျွန်တော်မျိုးများ ဟူ၍ နှစ်မျိုးနှစ်စား ကွဲပြားလေသည်။

ဘုရင်မင်းမြတ်၏ အထွေထွေ အမှုတော်များ ထမ်းရွက်ကြရသော အမှုထမ်းအသင်းအစုများထဲတွင်လည်း အခြေခံအားဖြင့် နှစ်မျိုး နှစ်စား ရှိကြသေးသည်။ အမှုထမ်း

mgyoe.com

mgyoe.com SAMPLE BOOK

တစ်မျိုးမှာ ဘုရင်မင်းမြတ်၏ စစ်မှုတော်ကို ထမ်းရွက်ခြင်း ပြုရသော ကျေးတော်မျိုး ကျွန်တော်မျိုးများ ဖြစ်ကြလေသည်။ ယင်းစစ်မှုတော်ထမ်း ကျေးကျွန်များထဲတွင် သာမန် တပ်သားကလေးမှ အစပြုကာ မြို့စားများအထိ ဖြစ်ကြသော ဗိုလ်မှူး၊ ဗိုလ်ချုပ်နှင့် သေနတ် ဝန်များအထိ ပါရှိကြလေသည်။ စစ်မှုတော်ထမ်း မဟုတ်ကြသော အမှုထမ်းများထဲတွင် အိပ်ဖန်စောင့်နှင့် ကွမ်းရေတော်ကိုင်များကအစ မြို့စား၊ နယ်စားများ ဖြစ်ကြသော လွှတ် တော် ဝန်ကြီးများအထိ ပါဝင်ကြလေသည်။ ယင်းသို့ ဘုရင်မင်းမြတ် အမှုတော်ကို ထမ်းရွက် ကြရသော စစ်မှုတော်ထမ်းနှင့် စစ်မှုတော်ထမ်း မဟုတ်သော အမှုထမ်း ကျေးကျွန်များကို ရိက္ခာတော်များ ပေးကမ်းထောက်ပံ့ရသည် ဖြစ်ရာ လယ် ခုနစ်ကေခန့်မှ မြို့စား၊ မြို့ဝန်များ အထိ ကံကျေးချပေးလေ့ ရှိလေသည်။

အမှုထမ်း မဟုတ်သော ဘုရင်မင်းမြတ်၏ ကျေးတော်မျိုး ကျွန်တော်မျိုးများ ထဲတွင် အမှုထမ်းများထက် လွတ်ငြိမ်းသက်သာခွင့် ရရှိသည်ဟု ဆိုနိုင်လိမ့်မည်ဖြစ်သော အသည်များအပြင် ကပ္ပါးနှင့် အဝင်အလာ ဆိုသော သူများလည်း ရှိကြသေးသည်။ အသည် များထဲတွင် မြေယာကုန်ထုတ်လုပ်ငန်းသမားများအပြင် လက်မှုလုပ်ငန်းရှင်များနှင့် ကုန်သွယ် သူများပါ ရှိကြလေသည်။ ယင်းအသည် လူတန်းစားများကို အခွန်ဘဏ္ဍာတော်များ စည်းကြပ် ကောက်ခံခြင်း ပြုဖို့နှင့် အုပ်ချုပ်ကွပ်ကဲဖို့အတွက် ဘုရင်မင်းမြတ်သည် အသည်ဝန်ကြီး ဟူ၍ သတ်သတ် ခန့်အပ်ခြင်း ပြုလေ့ရှိသည်။ ယင်းအသည်ဝန်ကြီးက နိုင်ငံတော်အဝန်းရှိ အသည်လူတန်းစားများကို စစ်တမ်းများ ပြုလုပ်ထားရှိကာ စည်းကြပ်အုပ်ချုပ်ခြင်း ပြုလေ့ ရှိသည်။ ကျန်သောကပ္ပါးနှင့်အဝင်အလာများမူကား အမှုထမ်းနှင့်အသည် အတန်းအစားများမှ ရောထွေး ပျက်စီးသွားသော လူနည်းစုမျှသာ ဖြစ်လေသည်။

သို့ရာတွင် မြန်မာမဟုတ်သော တိုင်းရင်းသား အခြားလူမျိုးများနှင့် မြန်မာဘုရင် တို့၏ စီးပွားရေး ဆက်ဆံမှုသည် အထက်တွင် ဖော်ပြထားသကဲ့သို့ တိုက်ရိုက်မဟုတ်ချေ။ မွန်၊ ရခိုင်၊ ရှမ်း၊ ကချင်နှင့် ချင်းလူမျိုး အကြီးအကဲများနှင့်သာ ဆက်ဆံခြင်း ပြုလေ့ရှိသည်။ ယင်းတိုင်းရင်းသားလူမျိုး အကြီးအကဲများက သမီးကညာ၊ ရွှေပန်းခိုင်၊ ငွေပန်းခိုင်၊ အခွန် ဘဏ္ဍာနှင့် လက်ဆောင်ပဏ္ဏာ ပစ္စည်းများ တစ်နှစ် တစ်ကြိမ် ဆက်သွင်းကြရလေသည်။ သို့ရာတွင် မွန်များ၊မြန်မာများနှင့် ရောထွေးနေထိုင်တတ်ကြသော ကရင်လူမျိုးများအပေါ်၌ သက်ဆိုင်ရာဒေသ အကြီးအကဲများ ဖြစ်ကြသော သူကြီးနှင့် မြို့ဝန်များမှတစ်ဆင့် စည်းကြပ် ကောက်ခံ၍ အုပ်ချုပ်ခြင်း ပြုလေသည်။

ယင်းသို့ ၄င်းတစ်ဦးတည်းပိုင် ဖြစ်သော နိုင်ငံတွင်း လုပ်ခွင်၌ အဆင့်ဆင့်သော အမှုထမ်း၊ အရာထမ်းများမှတစ်ဆင့် နေရာချကာ အုပ်ချုပ်ခြင်း ပြုပြီးနောက် ကျေးတော်မျိုး၊ ကျွန်တော်မျိုးများ၏ လုပ်အား စွမ်းပကားကြောင့် ပေါ်ထွက်လာသော ဓနဲ၏ အနည်းဆုံး ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိ ဘဝရှင်မင်းတရားကြီးက စည်းကြပ်ကောက်ခံခြင်း ပြုတော်မူလေသည်။ စစ်မက်ထူပြောသော ကာလများ၌ ထို့ထက် များပြား ပြင်းထန်သော

mgyoe.com

mgyobe.com SAMPLE BOOK

အခွန်ဘဏ္ဍာ၊ မင်းတိုင်းကြေး အဖိုးအခနှင့် လုပ်အား စွမ်းပကားများကို ညှစ်ထုတ် စည်းကြပ်ခြင်း ပြုလေ့ ရှိသည်။

မဏ္ဍိုင်ခေတ် မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းသည် သဘာဝစိုက်ပျိုးရေး လုပ်ငန်း အဆင့်မျှသာ ဖြစ်လေသည်။ ကျေးတော်မျိုး ကျွန်တော်မျိုးများ၏ အိမ်ထောင်စု၊ သို့မဟုတ် မိသားစုအတွက် လုံလောက်ရုံမျှ ဖြစ်သော စိုက်ပျိုးရေး ဖြစ်သည်။ တိုင်းတစ်ပါးသို့ တင်ပို့ရောင်းချခြင်း ပြုရန်အတွက် စိုက်ပျိုးခြင်း မဟုတ်ချေ။ ရက်ကန်း၊ ပန်းပဲ၊ ပန်းထိမ်၊ ပိုး၊ ဆား၊ ရေနံနှင့် သစ်ဝါး စသော လုပ်ငန်းကလေးများသည်လည်း သဘာဝလုပ်ငန်း သာသာမျှသာ ဖြစ်လေသည်။ ကုန်သွယ်မှုလုပ်ငန်း ဆိုသည်မှာလည်း သဘာဝလုပ်ငန်းများမှ အနည်းအကျဉ်း ပိုလျှံသော ပစ္စည်းများကို ဖောက်ကား ရောင်းဝယ်ခြင်းမျှလောက်သာ ဖြစ်လေသည်။

မဏ္ဍိုင်ခေတ်မြန်မာနိုင်ငံ သမိုင်းကာလ၏ တောင်ငူ-ညောင်ရမ်း မင်းဆက်များ လက်ထက်လောက်မှ အစပြုကာ မြန်မာနိုင်ငံသို့ ပေါ်တူဂီ၊ ဒပ်ချ်၊ ဗြိတိန်နှင့် ပြင်သစ် နိုင်ငံများမှ အလုပ်ရုံများနှင့် ကုန်တိုက်များ ဖွင့်လှစ်ရောင်းဝယ်ရန် စတင်ဝင်ရောက်လာကြသည့် အကြောင်းကို ပြီးခဲ့သော အခန်းများ၌ ဖော်ပြထားခဲ့လေသည်။ သို့ရာတွင် ယင်းသို့ မြန်မာနိုင်ငံ၌ နှစ်ဦးနှစ်ဖက် အကျိုးစီးပွားပေါ်တွင် အခြေခံသော ရောင်းဝယ်ဖောက်ကားမှုများကို ပြုလုပ်ရန် လာရောက်ခဲ့ကြသော နိုင်ငံခြားသားများသည် ၎င်းတို့၏ အလုပ်ရုံများနှင့် ကုန်တိုက်များကို ပြန်လည် ရုပ်သိမ်းသွားခဲ့ကြသည်များအား ထည့်သွင်းစဉ်းစားစရာလည်း ဖြစ်လေသည်။ ကုန်းဘောင်ခေတ်ကျမှပင် ဦးအောင်ဇေယျနှင့် ဘိုးတော် ဦးဝိုင်းတို့ကဲ့သို့ အမြော်အမြင်နှင့် ပြည့်စုံသော အကြီးအကဲများကြောင့် ပြည်တွင်း လက်မှုစက်မှု လုပ်ငန်းကလေးများနှင့် ကုန်သွယ်မှုလုပ်ငန်းများသည် လည်းကောင်း၊ နိုင်ငံခြား ရောင်းဝယ်ရေး လုပ်ငန်းများသည် လည်းကောင်း အသင့်အတင့် တိုးတက် ဖွံ့ဖြိုးလာလေသည်။ မဏ္ဍိုင်ခေတ် မြန်မာနိုင်ငံတော်သမိုင်း ကုန်ဆုံးလုခါနီး ဖြစ်သော ဘိုးတော်ဦးဝိုင်း လက်ထက်ကျမှပင် ငွေဒင်္ဂါးများ သွန်းလုပ်ရသော အမှုနှင့် အစုစပ်ကုမ္ပဏီများ တည်ထောင်ရန် အားထုတ်လုံးပန်းသော အမှုများကိုလည်း ထည့်သွင်း စဉ်းစားစရာပင် ဖြစ်လေသည်။

## (၂) မဏ္ဍိုင်ခေတ် မြန်မာ့နိုင်ငံရေးဘဝ

၁၇ ရာစုဝက်မှ အစပြုလျက် ၁၈ ရာစုအကုန်၊ ၁၉ ရာစုနှစ်များ ဆန်းခါစအထိ နှစ်ပေါင်း ၈၀၀ နီးပါးခန့်မျှ ရှည်လျား ကြာမြင့်ခဲ့သော မဏ္ဍိုင်ခေတ် မြန်မာနိုင်ငံသမိုင်း၏ ဖြစ်ပေါ်တိုးတက်မှုနှင့် အပြောင်းအလဲများသည် အခြေခံအားဖြင့် ပဒေသရာဇ် စီးပွားရေး ဘဝ၏ ဘောင်အတွင်း၌ ဖြစ်ပေသော နိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှုနှင့် အပြောင်းအလဲများ သာလျှင် ဖြစ်လေသည်။ ယင်း မဏ္ဍိုင်ခေတ် မြန်မာ့စီးပွားရေးဘဝသည် ပုဂံမင်းဆက်များ လက်ထက်မှ အစပြုကာ ကိုလိုနီခေတ် မတိုင်မီ ကုန်းဘောင်မင်းဆက်များ လက်ထက်သို့ တိုင်အောင် သက်ဆိုးရှည် တည်တံ့လာခဲ့သည်ဟု ဆိုရသော်ငြားလည်း ကုန်းဘောင် မင်းဆက်

mgyobe.com

mgyoe.com SAMPLE BOOK

များ နောက်ပိုင်းတွင် တစ်စထက်တစ်စ အင်အားချည့်နဲ့စ ပြုလာသည်ကို တွေ့ရှိ ရလေသည်။ မည်ကဲ့သို့ပင် ချည့်နဲ့လာသည် ဆိုစေကာမူလည်း ကိုလိုနီခေတ် မတိုင်မီ ကာလပိုင်းအထိ မြန်မာ့ စီးပွားရေး ဘဝသည် အခြေခံအားဖြင့် ပဒေသရာဇ် စီးပွားရေးဘဝ၏ ဘောင်အတွင်း၌ပင် ရှိနေသေးသည် ဖြစ်သောကြောင့် မြန်မာ့နိုင်ငံရေးဘဝသည်လည်း ယင်း စီးပွားရေးဘဝကို ထင်ဟပ်ဖော်ပြသော ဘဝအခြေ၌မျှသာ ရှိလေသည်။ ကိုလိုနီ တစ်ပိုင်းခေတ်ဟု ဆိုနိုင်လိမ့်မည် ဖြစ်ပေသော မန္တလေးခေတ် မင်းတုန်းနှင့် သီပေါဘုရင်များ လက်ထက်တွင် ပုဂံ မင်းဆက်များ၏ လက်ဝယ်မှ ထူထောင်ထားရှိခဲ့သော မြန်မာ့ပဒေသရာဇ် စီးပွားရေးဘဝသည် သဿမေဓ အခွန်တော်ကိုပင် စည်းကြပ်ခြင်း ပြုလာရသည်အထိ ယိမ်းယိုင်လျက် ရှိနေပြီ ဖြစ်သည့်တိုင်အောင် မြန်မာ့စီးပွားရေးနှင့် နိုင်ငံရေးဘဝများသည် မဇ္ဈိမခေတ်၏ အနှောင်အဖွဲ့ အတွင်း၌သာလျှင် ရှိနေတုန်း ဖြစ်လေသည်။

မဇ္ဈိမခေတ် မြန်မာ့စီးပွားရေးဘဝ၌ မြန်မာ့လူ့သမဂ္ဂ၏ စားဝတ်နေရေး ဆိုင်ရာ ကုန်ပစ္စည်းများကို အဓိကလုပ်အားပေး ထုတ်လုပ်ကြရသူများသည်ကား လူများစုကြီး ဖြစ်ပေသော ဆင်းရဲသား ကျေးတော်မျိုး ကျွန်တော်မျိုးများသာလျှင် ဖြစ်ကြလေသည်။ ထိုကျေးတော်မျိုး ကျွန်တော်မျိုးများထဲတွင် မြန်မာဘုရင်၏ အမှုထမ်း၊ အသည်၊ ကပွါးနှင့် အဝင်အလာတို့သာလျှင်မက ထိုစာရင်း၌ ပါဝင်ခြင်း ရှိသော အခြားတိုင်းရင်းသား ကျေးတော်မျိုး ကျွန်တော်မျိုများပါ ပါဝင်လေသည်။ သို့ရာတွင် ယင်းသို့ ဆင်းရဲသား ကျေးတော်မျိုး ကျွန်တော်မျိုးများက ကုန်းရုန်းထုတ်လုပ်ကြရသော နိုင်ငံတော်၏ ဓနကို ဖြန့်ဖြူးခွဲဝေသော အမှု၌ကား သင်းတို့တစ်တွေသည် ဘာတစ်ခွန်းမျှ ပြောပိုင် ဆိုနိုင်ခွင့် မရှိခဲ့ချေ။ ဘဝရှင် မင်းတရားကြီး အမှူးပြုသော ပဒေသရာဇ်အနွယ်ဝင် မင်းညီ မင်းသားများနှင့် အပေါင်းပါ လူနည်းစုကသာလျှင် ချုပ်ကိုင် ခြယ်လှယ်ထားလေသည်။ ခန့်ခွဲဝေခြမ်းခြင်းလည်း ပြုလေသည်။ ယင်းသို့ဖြင့် ပုဂံခေတ် မင်းဆက်များမှ အစပြုကာ ကိုလိုနီခေတ်မတိုင်မီ ကုန်းဘောင်ခေတ် မင်းဆက်များ လက်ထက်အထိ သက်ဆိုးရှည် တည်တံ့ခဲ့သော မဇ္ဈိမခေတ် မြန်မာ့စီးပွားရေး ဘဝကြီးတွင် အဓိက ကုန်လုပ်စွမ်းအားစုကြီး အဖြစ်ဖြင့် နိုင်ငံတော်၏ ဓနကို ထုတ်လုပ်ရာတွင် ပါဝင်ရုန်းကန်ခြင်း ပြုခဲ့ကြရသော ဆင်းရဲသား ကျေးတော်မျိုး ကျွန်တော်မျိုးများသည် ၎င်းတို့၏ ဦးခေါင်းများ အထက်တွင် မှုတခြင်း မရှိလောက်အောင် ကြီးမား လေးလံလှသော ဝန်ထုပ်ဝန်ပိုးကြီးများကို ရွက်ပိုး ထမ်းဆောင်ခြင်း ပြုခဲ့ကြရလေသည်။ ဘုရင်မင်းမြတ်နှင့် ၎င်း၏ အနွယ်တော်များအတွက် စစ်မှုအပြင် အခြား အထွေထွေ အပြားပြားသော အမှုတော်များကို ထမ်းဆောင်ရခြင်း၊ အမျိုးမျိုးသော အခွန်အတုတ်နှင့် ဘဏ္ဍာများကို ပေးသွင်းရခြင်း၊ အမျိုးမျိုးသော မင်းတိုင်းကြေးများနှင့် အဖိုးအခများကိုလည်း ပေးဆပ်ကြခြင်းများဖြင့် မဇ္ဈိမခေတ် မြန်မာနိုင်ငံ ကျေးတော်မျိုး ကျွန်တော်မျိုးများသည် မချိမဆံ့ ကုန်းခဲ့ ရုန်းခဲ့ကြရလေသည်။ သို့ရာတွင် ၎င်းတို့၏ လုပ်အားစွမ်းပကားများမှ ရသင့်ရထိုက်သော အဖိုးအခမူကား မရခဲ့ကြချေ။ ယင်းသို့ မရသည့်အတွက် သင့်ရာသင့်ကြောင်း ရရှိဖို့ ပြောရေးဆိုခွင့်

mgyoe.com

mgyoe.com SAMPLE BOOK

လည်း မရှိခဲ့ကြချေ။ ဘုရင်မင်းမြတ်သည် ရေမြေနှင့် အသက်ဦးဆံကိုပင် အကြွင်းမဲ့ စိုးပိုင်တော်မူသော ဘဝရှင်မင်းတရားကြီး ဖြစ်လေသည်တကား။

ယင်းသို့ဖြင့် မဇ္ဈိမခေတ် မြန်မာနိုင်ငံ သမိုင်းတစ်လျှောက်တွင် ပဒေသရာဇ် စီးပွားရေး စနစ်ပေါ်တွင် အခြေခံသော ဘုရင်မင်းမြတ် အမှူးပြုသည့် ပဒေသရာဇ် အနွယ်ဝင် လူတန်းစားများနှင့် ဆင်းရဲသား ကျေးတော်မျိုးများ၏ ပဋိပက္ခသည် ဖြစ်ပွားပေါ်ပေါက်လျက် ရှိနေခဲ့လေသည်။ ထိုပဋိပက္ခသည် မဇ္ဈိမခေတ် မြန်မာနိုင်ငံ သမိုင်းတစ်လျှောက်တွင် ပုံသဏ္ဌာန်အမျိုးမျိုးနှင့် ပေါ်ပေါက်ခဲ့လေသည်။

ပြည်သူပြည်သားများကို ပြင်းပြင်းထန်ထန် ညှဉ်းပန်းနှိပ်စက်ခြင်း ပြုတတ်သော ဘုရင်များ နန်းသက်အတွင်း ဆင်းရဲသား ကျေးတော်မျိုး ကျွန်တော်မျိုးတို့၏ မငြိမ်သက်မှုများသည် တစ်နည်းမဟုတ်လျှင် တစ်နည်းနည်းနှင့် ဖြစ်ပွားပေါ်ပေါက်လေ့ ရှိလေသည်။ ယင်းသို့သော ပြည်သူပြည်သားများ၏ မငြိမ်သက်မှုများ ဖြစ်ပွား ပေါ်ပေါက်ရခြင်းမှာ အခြေခံအားဖြင့် မဇ္ဈိမခေတ် မြန်မာ့စီးပွားရေးနှင့် နိုင်ငံရေးဘဝများကို ကန့်ကွက်ကြခြင်းသာ ဖြစ်လေသည်။

မဇ္ဈိမခေတ် မြန်မာနိုင်ငံ သမိုင်းကာလ မြန်မာ့ဆင်းရဲသား ကျေးတော်မျိုး ကျွန်တော်မျိုးများသည် တရားမျှတခြင်းကို အလိုရှိကြသည်နှင့်အမျှ ရဲရင့်ခြင်းနှင့်လည်း ပြည့်စုံကြသော သူများပင် ဖြစ်ကြလေသည်။ ၎င်းတို့အပေါ်၌ ဖိစီးနှိပ်စက်ခြင်း ပြုလာသော စီးပွားရေးနှင့် နိုင်ငံရေးဘဝများ၊ မဇ္ဈိမခေတ် သမိုင်းတစ်လျှောက်လုံးတွင် ကြိမ်ဖန်များစွာ ကန့်ကွက်ဆူပူခြင်း၊ ထကြွလှုပ်ရှားခြင်းနှင့် ဖယ်ရှားရှန်းကန်ခြင်းများကို မနားမနေ ပြုလုပ်ခဲ့သူများ ဖြစ်ကြလေသည်။

မြန်မာ ရာဇဝင်ဟောင်းများ၌ ပုဂံမင်းဆက် ဘုရင်များလက်ထက်မှ အစပြုကာ ကိုလိုနီခေတ် မတိုင်မီ ကုန်းဘောင်မင်းဆက် ဘုရင်များ လက်ထက်အထိ မဇ္ဈိမခေတ် မြန်မာ့နိုင်ငံရေးဘဝတွင် ပဒေသရာဇ် အဏ္ဏဝယ်ဝင် လူတန်းစားများနှင့် ကျေးတော်မျိုး ကျွန်တော်မျိုးများ၏ ပဋိပက္ခများကို ဖုံးဖိထားခြင်း မပြုနိုင်သည့် အားလျော်စွာ ရေးသားဖော်ပြခြင်းများ ပြုလေ့ ရှိကြသည်။ သို့ရာတွင် ရာဇဝင်များပီပီ ယင်းနိုင်ငံရေး ပဋိပက္ခများကို နိုင်ငံရေးပဋိပက္ခအနေနှင့် ရိုးရိုးသားသား ရှင်းရှင်းလင်းလင်း ဖော်ပြခြင်း မပြုနိုင်ကြသည့်အလျောက် ကျေးတော်မျိုး ကျွန်တော်မျိုးများ၏ မိုက်မဲမှု၊ မှားယွင်းမှုများနှင့် သောင်းကျန်း ဆူပူမှုများ အဖြစ်ဖြင့်သာ ဖော်ပြထားကြသည်ကို တွေ့ရှိရလေသည်။ ရံဖန်ရံခါ သူခိုး ဓားပြများ၏ ထကြွတိုက်ခိုက်မှုများ အဖြစ်ဖြင့်လည်း ဖော်ပြခြင်း ပြုလေ့ ရှိကြသည်။

ပုဂံမင်းဆက် ဘုရင်များအနက် များစွာ ထင်ရှားခြင်း ရှိလှသော အလောင်းစည်သူမင်း လက်ထက်တွင် နိုင်ငံနှင့်အဝန်း သူခိုး ဓားပြများ ဆူပူထကြွခဲ့ကြသည့် အကြောင်းအရာများနှင့် နောက်ဆုံး ယင်း သူခိုး ဓားပြ ဆိုသူများသည် ဘုရင့်နန်းတော်ကိုပင် ဝင်ရောက်စီးနင်းကာ တိုက်ခိုက်ခြင်း ပြုခဲ့ကြသည့် အဖြစ်အပျက်များကို မှန်နန်း အစရှိသော ရာဇဝင်

mgyoe.com

mgyoe.com SAMPLE BOOK

တော်ကြီးများကပင် မချွင်းမချန် ဖော်ပြထားခဲ့ရလေသည်။ အလောင်းစည်သူ နောက်ပိုင်း ပုဂံမင်းဆက် ဘုရင်များ လက်ထက်တွင်လည်း ယင်းကဲ့သို့သော ကျေးတော်မျိုး ကျွန်တော်မျိုး များ၏ ဆူပူထကြွမှုများသည် မကြာခဏ ဖြစ်ပွား ပေါ်ပေါက်ခဲ့သည်ဖြစ်ရာ နောက်ဆုံး မင်းဆက် ဖြစ်သော နရသီဟပတေ့ နန်းသက်အတွင်း မုတ္တမနှင့် မစ္ဆာဂီရိ ထကြွမှုများအထိ ဖြစ်လေသည်။

တောင်ငူ-ညောင်ရမ်းမင်းဆက် ဘုရင်များအနက် အကြီးဆုံးသော မြန်မာ အင်ပါယာ ကြီးကို တိုးချဲ့ထူထောင်ခဲ့ပေသော ဘုရင့်နောင်၏ လက်ထက်တွင် ၎င်း၏ ယိုးဒယား စစ် စရိတ်ကို ကုန်းရုန်းထမ်းဆောင်ခဲ့ကြရသော ဆင်းရဲသား ကျွန်တော်မျိုးများသည် မည်ကဲ့သို့မျှ မခံနိုင်တော့သည့် အဆုံး၀ယ် ယိုးဒယားသို့ ဘ၀ရှင်မင်းတရားကြီး ချီတက်နေတော်မူခိုက် ထကြွပုန်ကန်ကာ ၎င်း၏ ဟံသာ၀တီ ရွှေနန်းတော်ကြီးကို မီးရှို့ဖျက်ဆီးခြင်း ပြုခဲ့ကြသည့် အကြောင်းများနှင့် ၎င်း၏သားတော် နန္ဒဘုရင်လက်ထက်တွင် နိုင်ငံနှင့်အ၀န်း ဆူပူထကြွမှု များ ပေါ်ပေါက်ခဲ့သည့် အကြောင်းများကိုလည်း မြန်မာရာဇ၀င်ဟောင်းများ၌ တွေ့ရှိရ လေသည်။ ညောင်ရမ်းမင်းဆက် ပင်းတလဲမင်း လက်ထက်တွင် ဆင်းရဲသား ကျေးတော်မျိုး ကျွန်တော်မျိုးများ၏လုံခြုံမှုကိုပင်ဘာမျှအရေးမထားခဲ့သည့်အတွက် နိုင်ငံတော်နှင့်အ၀န်း ဆူပူလှုပ်ရှားမှုများ ပေါ်ပေါက်ခဲ့ရလေသည်။ ၎င်းအပြင် မြန်မာနိုင်ငံ တိုင်းရင်းသား လူမျိုး ကြီးတစ်မျိုး ဖြစ်သော ကရင်လူမျိုးများသည်လည်း ယင်းသို့ ကျေးတော်မျိုး ကျွန်တော်မျိုး များ အပေါ်၌ ဖိစီးနှိပ်စက်ခြင်း ပြုလုသော မဇ္ဈိမခေတ် စီးပွားရေးနှင့် နိုင်ငံရေးဘ၀များနှင့် လွတ်ကင်းရာ တောတောင်လျှိုမြောင်များအတွင်းသို့ ပြေး၀င် ပုန်းရှောင်နေထိုင်ခြင်း ပြု တတ်လေ့ ရှိသည့် အကြောင်းများလည်း မြန်မာရာဇ၀င်ဟောင်းများသည် မလွှဲမရှောင်သာ ဖော်ပြခြင်း ပြုကြရလေသည်။

မည်ကဲ့သို့ပင်ဖြစ်စေ၊ မဇ္ဈိမခေတ် မြန်မာ့စီးပွားရေးနှင့် နိုင်ငံရေးဘ၀များသည် ၁၇ ရာစု၀က်မှ ၁၈ ရာစုအကုန်၊ ၁၉ ရာစုနှစ်များ ဆန်းခါစအထိ နှစ်ပေါင်း ၈၀၀ နီးပါးခန့်မျှ ပြိုလဲပျက်စီးခြင်း မရှိဘဲ သက်ဆိုးရှည် တည်တံ့လျက် ရှိနေခဲ့လေသည်။ ယင်း၏ ဖိစီး နှိပ်စက်မှုများကို မခံမရပ်နိုင်ကြတော့၍ ဆင်းရဲသား ကျေးတော်မျိုး ကျွန်တော်မျိုးများသည် အဘယ်မျှပင် သူရသတ္တိ ရှိရှိဖြင့် လည်းကောင်း၊ ဖွဲ့ကောင်းကောင်းဖြင့် လည်းကောင်း အကြိမ်ကြိမ် အခါခါ ထကြွကန့်ကွက်ခဲ့ကြစေကာမူ သင်းတို့တစ်တွေ၏ လှုပ်ရှား ရုန်းကန် မှုများသည် အနည်းဆုံးအားဖြင့် မင်းပြောင်းမင်းလွှဲနှင့် အများဆုံးအားဖြင့် မင်းဆက် အပြောင်း အလဲများလောက် အထိသာလျှင် မြန်မာနိုင်ငံသမိုင်း၏ ဘီးကြီးကို စွမ်းဆောင် မောင်းနှင် နိုင်ခဲ့ကြရုံမျှ ဖြစ်လေသည်။ သို့ရာတွင် မဇ္ဈိမခေတ် မြန်မာ့စီးပွားရေးနှင့် နိုင်ငံရေး ဘ၀များ ကို အပြီးအပိုင် ဖျက်သိမ်းကာ ယင်း၏ နေရာတွင် အသစ်ဖြစ်သော စီးပွားရေးနှင့် နိုင်ငံရေး ဘ၀များကို အစားထိုးပြောင်းလဲခြင်း အမှုကိုတော့ကား သင်းတို့တစ်တွေသည် မစွမ်းဆောင် နိုင်ခဲ့ကြချေ။ အဘယ့်အကြောင့်ဆိုသော် မည်မျှပင် ဟောင်းအို ချည့်နဲ့နေလေပြီ ဖြစ်သော်ငြား

mgyoe.com

mgyoe.com SAMPLE BOOK

လည်း မဇ္ဈိမခေတ် မြန်မာ့စီးပွားရေးနှင့် နိုင်ငံရေးဘဝများကို လုံးဝ ဖျက်သိမ်းလျက် တိုးတက်သစ်လွင်သော ခေတ်မီစီးပွားရေးနှင့် နိုင်ငံရေးစနစ်များကို ဦးဆောင် ထူထောင်ခြင်း ပြုနိုင်စွမ်းသော လူမှုရေးအင်အားစု၊ သို့မဟုတ် လူတန်းစားသစ်များသည် မဇ္ဈိမခေတ် မြန်မာနိုင်ငံသမိုင်းကာလအတွင်း ပေါ်ပေါက်လာခြင်း မရှိသောကြောင့်ပင် ဖြစ်လေသည်။

ကိုလိုနီခေတ်မတိုင်မီ နောက်ဆုံး မြန်မာမင်းဆက် ဖြစ်သော ကုန်းဘောင်မင်းဆက် မြန်မာဘုရင်များ လက်ထက်တွင် လက်မှုလုပ်ငန်းနှင့် ကုန်သွယ်မှုလုပ်ငန်းများသည် အတော်အတန် ဖွံ့ဖြိုးတိုးတက်လာခြင်းများကို တွေ့ရှိရသော်ငြားလည်း ယင်းကုန်လုပ် စွမ်းအားစုများကို ကိုယ်စားပြုသော လူတန်းစားများသည် မဇ္ဈိမခေတ် မြန်မာ့စီးပွားရေးနှင့် နိုင်ငံရေးစနစ်တို့ကို ဘက်ပြိုင် အန်တုနိုင်လောက်အောင် ကြီးမားဖွံ့ဖြိုးခြင်း မရှိကြချေ။ ၎င်းအပြင် ကုန်းဘောင်ခေတ် လက်မှုလုပ်ငန်းများထဲတွင် အရေးအကြီးဆုံးဖြစ်သော ရက်ကန်း လုပ်ငန်းသည်ပင် မြေယာစီးပွားရေး အနှောင်အဖွဲ့မှ မလွတ်မြောက်သေးချေ။ ကုန်သွယ်မှု လုပ်ငန်းကိုလည်း ပဒေသရာဇ်ဘုရင်များ ကိုယ်တိုင်က လက်ဝါးကြီးအုပ်ကာ ချုပ်ကိုင်ထားရှိကြသဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ဖြစ်သော ကုန်သွယ်ရေး ဓနရှင် လူတန်းစားများသည် လွတ်လွတ်လပ်လပ်နှင့် စိတ်သဘောရှိ ဖွံ့ဖြိုးတိုးတက်ခွင့်များ မရရှိခဲ့ကြချေ။ ကိုလိုနီ တစ်ပိုင်းဘဝဟု ဆိုနိုင်လိမ့်မည် ဖြစ်သော မန္တလေးခေတ် မင်းဆက်များ လက်ထက်မှာပင် လက်မှုလုပ်ငန်းနှင့် ကုန်သွယ်ရေးလုပ်ငန်းများကိုသာမက စက်မှုလုပ်ငန်းများကိုပါ ဘုရင်မင်းမြတ်နှင့် ၎င်း၏ အနွယ်တော်များကသာ လက်ဝါးကြီးအုပ် လုပ်ကိုင်ခြင်း ပြုခဲ့ကြလေသည်။

ထို့ကြောင့်လည်း ကိုလိုနီခေတ် မတိုင်မီ မဇ္ဈိမခေတ် မြန်မာနိုင်ငံသမိုင်း၏ ဖြစ်ပေါ်တိုးတက်မှုနှင့် အပြောင်းအလဲများသည် အခြေခံအားဖြင့် ပဒေသရာဇ် စီးပွားရေးဘဝ၏ ဘောင်အတွင်း၌ ဖြစ်ပေသော နိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှုနှင့် အပြောင်းအလဲသာလျှင် ဖြစ်သည်ဟု အစတွင် ဆိုထားခြင်း ဖြစ်လေသည်။

## (၃) မဇ္ဈိမခေတ် မြန်မာ့ယဉ်ကျေးမှုဘဝ

အထက်တွင် ဖော်ပြထားခဲ့သည့် မဇ္ဈိမခေတ် မြန်မာ့စီးပွားရေးနှင့် နိုင်ငံရေးဘဝများကို အထောက်အပံ့ပြုသော မြန်မာ့ယဉ်ကျေးမှု ဘဝသည်လည်း မဇ္ဈိမခေတ် မြန်မာနိုင်ငံ သမိုင်းကာလအတွင်း ဖြစ်ထွန်းပေါ်ပေါက် လာခဲ့လေသည်။ မဇ္ဈိမခေတ် မြန်မာ့စီးပွားရေးနှင့် နိုင်ငံရေးဘဝများသည် ပဒေသရာဇ်စနစ် အပေါ်တွင် အခြေခံသောကြောင့် ယင်းစနစ်နှစ်ခုတို့အား တည်တံ့ခိုင်ခံ့ခြင်း ရှိစေရန်အတွက် ကျားကန်၍ ပေးရသော ယဉ်ကျေးမှုစနစ်တစ်ရပ်ကိုလည်း အုပ်စိုးသူ ပဒေသရာဇ်လူတန်းစားများက ဦးဆောင်၍ အလိုက်သင့်အလျားသင့် ထူထောင်ခြင်း ပြုခဲ့ကြလေသည်။

မဇ္ဈိမခေတ် မြန်မာ့ယဉ်ကျေးမှုဘဝကို ချဉ်းကပ်လေ့လာမည် ဆိုလျှင် မဇ္ဈိမခေတ် မြန်မာ့သမိုင်း၏ အစဖြစ်သော ပုဂံခေတ် မြန်မာ့ယဉ်ကျေးမှုများမှ စတင်ကာ လေ့လာခြင်း

mgyoe.com

mgyoe.com SAMPLE BOOK

ပြုရလိမ့်မည် ဖြစ်ပေသည်။ အစုစုကွဲနေသော ပုဂံခေတ် မတိုင်မီ မြန်မာ့လူ့အဖွဲ့အစည်းများကို ပဒေသရာဇ် လူ့သမဂ္ဂကြီးအဖြစ်ဖြင့် စည်းရုံးထူထောင်ခြင်း ပြုနိုင်ရန်အမှုအတွက် အနုရုဒ္ဓါအမှူးပြုသော ပုဂံခေတ် မြန်မာ့ပဒေသရာဇ် အနွယ်ဝင် လူတန်းစားများသည် ပုဂံခေတ်မတိုင်မီကပင် မြန်မာနိုင်ငံ၌ ရှိနေခဲ့သော စီးပွားရေး၊ နိုင်ငံရေးနှင့် ယဉ်ကျေးမှု စနစ်များကို မလွဲသာ မရှောင်သာ ရှင်းလင်း ဖယ်ရှားခြင်း ပြုကြရလိမ့်မည်သာ ဖြစ်လေသည်။ (စီးပွားရေးနှင့် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများကိုကား ပြီးခဲ့သောအခန်းများ၌ ဖော်ပြထားခဲ့ပြီး ဖြစ်လေသည်။) အထူးသဖြင့် ယဉ်ကျေးမှုနှင့် ပတ်သက်၍ ပုဂံခေတ် မတိုင်မီကပင် မြန်မာနိုင်ငံလူ့အဖွဲ့အစည်းများအပေါ်တွင် လွှမ်းမိုးလျက် ရှိနေခဲ့ဟန် တူသော ရှေးဟောင်း (သဘာဝကိုးကွယ်ဝတ်ပြုမှု) နှင့် သက္ကတ (အရည်းကြီးများနှင့် ၎င်းတို့၏ တံတရစ် အယူဝါဒများ) ယဉ်ကျေးမှုများကို ချိုးနှိမ်ရခြင်း ဖြစ်လေသည်။ သို့ရာတွင် အပြီးအပိုင် ရှင်းလင်းသုတ်သင်ခြင်းကိုမူကား မပြုနိုင်ကြချေ။ မြန်မာရာဇဝင်ဟောင်းများ၌ ဖော်ပြထားသော မထီးအရပ်မှ အရည်းကြီးများအား လူဝတ်လဲခိုင်းခြင်းနှင့် ၎င်းတို့ တည်ထား ကိုးကွယ်သော ရွှေစည်းခုံဘုရားတွင် နတ်ရုပ်များ ထားရှိသော အနုရုဒ္ဓါမင်းကြီး၏ ပြုမူဆောင်ရွက်ချက်များကို ထည့်သွင်း စဉ်းစားစရာပင် ဖြစ်ပေသည်။

အနုရုဒ္ဓါမင်း အမှူးပြုသော ပုဂံခေတ် ပဒေသရာဇ် အနွယ်ဝင် လူတန်းစားများသည် မြန်မာနိုင်ငံ ရှေးဟောင်းယဉ်ကျေးမှုများကို ချိုးနှိမ်၍ ၎င်းတို့၏ ပဒေသရာဇ် ယဉ်ကျေးမှုသစ်ကို ထူထောင်ရန် ပါဠိယဉ်ကျေးမှု (ထေရဝါဒ ဗုဒ္ဓဘာသာ) ကို ရှင်အရဟံ အား ဥပဇ္ဈာယ်ဆရာ တင်ကာ မြန်မာ့လူ့အဖွဲ့အစည်းများ အတွင်းသို့ တင်သွင်းခဲ့ကြလေသည်။ သို့ရာတွင် ရှေးဟောင်းနှင့် သက္ကတ ယဉ်ကျေးမှုများကိုမူကား မြန်မာ့လူ့အဖွဲ့အစည်းများ အတွင်းမှ အပြီးအပိုင် ရှင်းလင်းမောင်းထုတ်ခြင်း မပြုနိုင်ခဲ့ကြချေ။ ထို့ကြောင့် မဇ္ဈိမခေတ် မြန်မာ့ယဉ်ကျေးမှုသမိုင်းတွင် ရှေးဟောင်းသက္ကတနှင့် ပါဠိယဉ်ကျေးမှုများသည် ရောထွေး ယှက်တင်လျက် ရှိနေခဲ့ကြခြင်းပင် ဖြစ်တန်ရာလေသည်။ မဇ္ဈိမခေတ် မြန်မာ့လူ့အဖွဲ့အစည်းများ၏ လောကုတ္တရာဘဝ၌ ပါဠိယဉ်ကျေးမှုသည် အဓိက ယဉ်ကျေးမှုပင် ဖြစ်သော်ငြားလည်း လောကီဘဝ၌မူကား ရှေးဟောင်းနှင့် သက္ကတယဉ်ကျေးမှုသည် အဆုံးအဖြတ် ပေးလျက်ရှိနေခဲ့ခြင်းလည်း ဖြစ်တန်ရာပေသည်။ မဇ္ဈိမခေတ် မြန်မာနိုင်ငံသမိုင်းတစ်လျှောက်လုံးတွင်မြန်မာ့ပဒေသရာဇ်ဘုရင်များသည် လောကုတ္တရာ အရေးအခင်းများအတွက် သာသနာပိုင်များကို ခန့်အပ်ခြင်း ပြုသကဲ့သို့ လောကီအရေးအခင်းများအတွက် ၎င်းတို့၏ ရွှေနန်းတော်များ အတွင်း၌မှာပင် ဟူးရားနှင့် ပရောဟိတ်ပုဏ္ဏားများကို သူကောင်းပြု ခန့်အပ်ထားရှိခဲ့သည်မှာ အထင်အရှား ဖြစ်လေသည်။

မြန်မာ့လူ့အဖွဲ့အစည်းများ အတွင်း၌ ပါဠိယဉ်ကျေးမှုသစ်ကို အခိုင်အခန့် ထူထောင်ရန်အတွက် ဘုရင်မင်းမြတ်တို့သည် သာသနာပိုင်ကို ခန့်အပ်ခြင်း ပြုသည့်အပြင် ၎င်း၏ကိုယ်စားလှယ်များအနေနှင့် ရဟန်းမဟုတ်သော အမှုထမ်းနှစ်ဦးကိုလည်း ခန့်အပ်ခြင်း

mgyoe.com

mgyoe.com SAMPLE BOOK

ပြုသေးသည်။ ယင်းအမှုထမ်း နှစ်ဦးတို့သည်ကား ဝတ်မြေဝန်နှင့် မဟာဒါန်ဝန်တို့ပင် ဖြစ်လေသည်။ ဝတ်မြေဝန်သည် ဗုဒ္ဓသာသနာဆိုင်ရာ အဆောက်အဦပစ္စည်းနှင့် မြေယာများကို ကြီးကြပ်အုပ်ချုပ်ရ၍ မဟာဒါန်ဝန်သည် နိုင်ငံတော်အဝန်းရှိ သာသနာ့ဝန်ထမ်း ရဟန်းများကို ကြီးကြပ်အုပ်ချုပ်ခြင်း ပြုရလေသည်။ ယင်းသို့ ဘုရင်မင်းမြတ်က ခန့်အပ်ခြင်းပြုသော သာသနာပိုင်နှင့် ဝတ်မြေဝန်၊ မဟာဒါန်ဝန်တို့၏ ထိန်းသိမ်း အုပ်ချုပ်မှုနှင့် ကြီးကြပ်မှုအောက်ရှိ သာသနာ့ဝန်ထမ်း ရဟန်းတော်များအား နိုင်ငံတော်အဝန်းရှိ ဗုဒ္ဓသာသနာဝင် ကျေးတော်မျိုး ကျွန်တော်မျိုးများက ကျောင်းများ ဆောက်လုပ်ကာ လက်ခံကိုးကွယ်ခြင်း ပြုကြလေသည်။ ယင်းသို့ ကိုးကွယ်ခြင်းခံရသော ရဟန်းများက ၎င်းနှင့် သက်ဆိုင်သော ကျေးရွာ၊ သို့မဟုတ် ခရိုင်နယ်အတွင်းရှိ ဗုဒ္ဓဘာသာဝင်များအား လောကုတ္တရာဘဝတွင် ဦးဆောင်မှု ပေးကြရုံမျှမက လောကီဘဝဖြစ်သော ပညာသင်ကြားရေးဘက်တွင်လည်း ဦးဆောင်မှု ပေးကြလေသည်။

ပုဂံမင်းဆက် ဘုရင်များ လက်ထက်မှ အစပြုကာ ကုန်းဘောင်မင်းဆက်များ လက်ထက်အထိ မဇ္ဈိမခေတ် မြန်မာ့ယဉ်ကျေးမှုဘဝသည် အဓိကအားဖြင့် ပါဠိယဉ်ကျေးမှုက လွှမ်းမိုးလျက် ရှိသည်ဟု ဆိုရမည် ဖြစ်သော်လည်း ရှေးဟောင်းနှင့် သက္ကတယဉ်ကျေးမှုများသည်လည်း အတော်အတန် ဩဇာကြီးမားသော အခန်းကဏ္ဍမှ ပါဝင်လျက် ရှိခဲ့လေသည်။ မဇ္ဈိမခေတ် မြန်မာ့လူ့သမဂ္ဂဝင်များသည် ပါဠိယဉ်ကျေးမှုအရ ကံတရားကို လက်ခံယုံကြည်ခြင်းပြုကာ နိဗ္ဗာန်ဆုကို တစ်ဖက်မှ တောင်းခံခြင်း ပြုလျက်ရှိစဉ် အခြားတစ်ဖက်၌ သက္ကတ ယဉ်ကျေးမှုနှင့်သာလျှင် သက်ဆိုင်သော ဗေဒင်မေးခြင်း၊ ဓာတ်ရိုက်ခြင်း၊ ယတြာချေခြင်းနှင့် ဗလိနတ်စာ ကျွေးခြင်းများကိုလည်းကောင်း၊ ရှေးဟောင်းယဉ်ကျေးမှုနှင့်သာလျှင် သက်ဆိုင်သော ရိုးရာနတ် တင်မြှောက်ခြင်း၊ ခေါစာပစ်ခြင်းနှင့် မြေမန်းကွင်း စွပ်ခြင်းများကို လည်းကောင်း ယုံယုံကြည်ကြည် ပြုလုပ်ခဲ့ကြလေသည်။

မဇ္ဈိမခေတ် မြန်မာနိုင်ငံသမိုင်း တစ်လျှောက်တွင် မြန်မာနိုင်ငံသားများ ထုထောင်ခဲ့ကြသော စာပေအနုပညာရပ်များ၊ ဝါဂီနစ်နှင့် သုခုမပညာရပ်များ ဖြစ်ကြသော အထွေထွေ ယဉ်ကျေးမှုများတွင်လည်း အလားတူပင် မဇ္ဈိမခေတ် ပဒေသရာဇ် ယဉ်ကျေးမှုဘဝကို ချီးကျူးဖော်ပြသော အကြောင်းအရာများနှင့်သာ ဝေဆာလျက် ရှိသည်ကို လေ့လာတွေ့ရှိရလိမ့်မည်သာ ဖြစ်လေသည်။

၀

mgyoe.com